# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့၊ (10-5-2015) (၈၁၉၆)


## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-လာအို ချစ်ကြည်ရေးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



‘ယခုချစ်ကြည်ရေးတံတားကြီးသည် ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းဆိပ်ကမ်းမှ လာအိုနိုင်ငံကိုဖြတ်ပြီး မြန်မာနိုင်ငံ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ဆက်သွယ်မည့် မြောက်ပိုင်းစီးပွားရေးစင်္ကြံပေါ်တွင် တည်ရှိသည့်အတွက် မဟာမဲခေါင် ဒေသခွဲနိုင်ငံများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် တံတားကြီးတစ်စင်းဖြစ်။’



မြန်မာ-လာအိုချစ်ကြည်ရေးတံတားကို တွေ့ရစဉ်။*(သတင်း စာမျက်နှာ-၈)* (သတင်းစဉ်)

## နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံးစတင်နိုင်ရေး ဆွေးနွေးသဘောတူ

စာမျက်နှာ - ၃

## ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲထုတ်ပြန်ချက်

စာမျက်နှာ - ၃

## ထူးခြားသည့်နေ့အပူချိန်များ

၉-၅-၂၀၁၅

| | | |
|---|---|---|
| မော်လိုက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ပေါက် | ၄၂ | ဒီဂရီစင်တီဂရိတ် |




ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ

Professor Dr. U Maw Than နှင့် Professor Dr. Daw Hla Myint အား

ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) ကို ချီးမြှင့်ပေးအပ်ခြင်းခံရသည့်အတွက်

MHR မိသားစုမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။



MHR : Room 905, 9th Floor, Thanzay Condo, Lanmadow St, Yangon. Ph : 01-395802, 01-216168, 01-707822

MHR II : No. 27, Ground Floor, Building E, Pearl Condo, Kabaraye Pagoda Road, Yangon. Ph : 09-73223777, 09-8628878

MHR Mandalay Campus : No (S.C-31/32), 2nd Floor, Great Wall Shopping Centre, Mandalay. Ph: 09-91012932, 09-402605670

ပြည်တွင်းရေးရာ

# နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံးစတင်နိုင်ရေး ဆွေးနွေးသဘောတူ

ရန်ကုန် မေ ၉

**ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်၌ကျင်းပခဲ့ရာ(အောက်ပုံ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ အမြန်ဆုံးစတင်ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲအလွန်တွင်လည်း ဆက်လက်ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သဘောတူညီခဲ့ကြကြောင်းသိရသည်။**



ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲ၌ ကရင်အမျိုးသားအစည်းအရုံး(KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် Deed of Commitment ကို လက်မှတ်ရေးထိုးကြသည့် ကိုယ်စားလှယ်များအကြား သဘောတူ လက်မှတ်ရေးထိုးထားခဲ့ကြသည့် ကတိကဝတ်များအား စာရွက်ပေါ်၌ပင် မထားရှိဘဲ အမှန်တကယ် **"ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကတိပြုချက်"**အဖြစ် မည်သည့်နေရာမှ စတင်၍ အကောင်အထည်ဖော်မည်ကို တိုင်ပင်ဆွေးနွေးသည့်ပွဲဖြစ်ပါကြောင်း။

ထို့ကြောင့် Deed of Commitment ၏ ကနဦး ပူးပေါင်းအကောင်အထည်ဖော်မှုအနေဖြင့် ယခု ဆွေးနွေးပွဲမှ နိုင်ငံရေးဆွေးနွေးပွဲများပေါ်ပေါက်ရန် လိုအပ်သည့် မူဘောင်ရရှိရေးဆိုင်ရာ သဘောထားများကိုလည်း ညှိနှိုင်းသွားနိုင်ပါက သင့်တော်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုလုပ်သည့် နိုင်ငံရေးမူဘောင်ရရှိရေးညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးမျိုးသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(NCA)ကို အောင်မြင်ချောမွေ့စွာ ဖြစ်ပေါ်ရေးအတွက် အထောက်အကူပြုရန်အတွက်သာ ဖြစ်သည်ဟု မိမိအနေဖြင့် အခိုင်အမာပြောကြားလိုကြောင်း။

ဘက်ပေါင်းစုံက မှန်ကန်စွာပါဝင်နိုင်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်များအား စဉ်ဆက်မပြတ်ဖော်ထုတ်၍ လက်တွေ့ကျသည့် အကောင်အထည်ဖော်နိုင်စွမ်းရှိသော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး" ကို ဦးတည်မည့် မူဘောင်ရရှိရေးကို အခြေခံကာ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် မြန်မာ့နိုင်ငံရေးပြဿနာကိုဖြေရှင်းကြပါဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မူကြမ်းနှင့် စပ်လျဉ်းပြီးရှင်းလင်းရာ၌ မိမိတို့အစိုးရလက်ထက်တွင် တိုင်းရင်းသားများစုဖွဲ့ထားသည့်တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)ဖြင့် တရားဝင်ဆွေးနွေးပွဲ(၇)ကြိမ်၊ အလွတ်သဘောဆွေးနွေးပွဲပေါင်းမြောက်မြားစွာကို (၁၆)လအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များ အဆိုပြုခဲ့သည့်အချက်များကိုသာ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ယခုနောက်ဆုံး NCA(မူကြမ်း)ကို ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ ညှိနှိုင်းပြီးစီး၍ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါလက်မှတ်ရေးထိုးပွဲသို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်အားပေးခဲ့ကြောင်း။

မိမိတို့အစိုးရအနေဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင် ဦးဆောင်လက်မှတ်ရေးထိုးထားသည့် **ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကတိပြုလက်မှတ်** ရေးထိုးထားမှုအပေါ်အား ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကတိပြုချက်တွင် ရွေးကောက်ပွဲများမတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရေးဆိုသည့် အချက်တစ်ချက်ပါဝင်ကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိကဝတ်ပြုထားချက်များအပေါ် နိုင်ငံသားများကိုအခြေခံ၍ ဖွဲ့စည်းထားသောနိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှလည်း တာဝန်ယူ၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို အမြန်ဆုံးလက်မှတ်ရေးထိုးပြီး မိမိတို့ မရောက်ခဲ့ဖူးသည့် နိုင်ငံရေးအခင်းအကျင်းအသစ်တွင် နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြစ်သည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားနိုင်ငံရေးပါတီကိုယ်စားလှယ် ဦးစိုင်းအိုက်ပေါင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)မှ ပဒိုစောကွယ်ထူးဝင်းက ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို ဆွေးနွေးခြင်း၊ ဆွေးနွေးထားသည့် ကိစ္စရပ်များအပေါ် ပြန်လည်သုံးသပ်ခြင်းများဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ကြသည်။ ဆွေးနွေးပွဲအပြီးတွင် အချက်(၆)ချက်ပါ ဆွေးနွေးပွဲထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။

ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ RCSS/SSA မှ စိုင်းခွန်းဆိုင်၊ တိုင်းရင်းသားနိုင်ငံရေးပါတီကိုယ်စားလှယ်အဖြစ်မှဦးစိုင်းအိုက်ပေါင်း၊ ပြည်မပါတီမှ ကိုယ်စားလှယ်အဖြစ် ဦးခင်မောင်ဆွေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ကိုယ်စားလှယ်အဖြစ် ဒူဝါဇုတ်ဒေါင်တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးစိုးသိန်း၊ ဦးဝင်းထွန်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့မှ ခေါင်းဆောင် ၂၉ ဦး၊ တိုင်းရင်းသားရေးရာဝန်ကြီး ၂၀၊ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီ(၇၃)ပါတီအနက်( ၆၄)ပါတီမှ ခေါင်းဆောင်များ၊ လေ့လာသူ ၃၀ တို့တက်ရောက်ခဲ့ကြပြီး ပြည်တွင်းပြည်ပသတင်းမီဒီယာ ၅၀ ကျော် တက်ရောက်သတင်းရယူခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ မေလ ၉ ရက်
အင်းယားလိတ်၊ ရန်ကုန်မြို့

(၁) ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် မေလ ၉ ရက်နေ့တွင် အင်းယားလိတ်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီ (၆၄)ပါတီ၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၇) ခုမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူထုအခြေပြုအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် လေ့လာသူများ စုစုပေါင်း(၁၅၂)ဦး တက်ရောက်ကြပါသည်။

(၂) ဆွေးနွေးပွဲ တက်ရောက်လာသော ကိုယ်စားလှယ်များက ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအချက်များအပေါ် သဘောထားအမြင်များကို လွတ်လပ်စွာဆွေးနွေးဖလှယ်ကြပါသည်။

(၃) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဦးဆောင်လက်မှတ်ရေးထိုးထုတ်ပြန်ထားသော ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိကဝတ်ပြုခြင်း(Deed of Commitment) သည် NCA ကို လွှမ်းမိုးရန်သော် လည်းကောင်း၊ ဥပေက္ခာပြုရန်သော် လည်းကောင်း၊ အားပျော့ပျက်ပြယ်စေရန်သော်လည်းကောင်း ရည်ရွယ်လုပ်ဆောင်ခြင်း မဟုတ်ကြောင်းနှင့် NCA အား ဖြည့်ဆည်းပြည့်စုံစေခြင်းတို့သည် အပြန်အလှန် ဖြည့်ဆည်းပြည့်စုံစေခြင်းသာဖြစ်ကြောင်း အသိအမှတ်ပြုကြပါသည်။

(၄) လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်မှသာလျှင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ဆောင်နိုင်မည်ကို ဤဆွေးနွေးပွဲ တက်ရောက်လာသူများက သဘောတူကြပါသည်။

(၅) နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများကို ၂၀၁၅ အထွေထွေရွေးကောက်ပွဲမစခင် အမြန်ဆုံးစတင် ကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲအလွန်တွင်လည်း ဆက်လက်ကျင်းပပြုလုပ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တက်ရောက်သူများအားလုံး သဘောတူကြသည်။

၆။ Deed of Commitment တွင် ပါရှိသည့် ကတိကဝတ်များကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စတင်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်နိုင်ရန် အဖွဲ့အစည်းစုံမှ ပါဝင်သော "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာညှိနှိုင်းအဖွဲ့" (Coordination Team for Peace and National Reconciliation)ကိုဖွဲ့စည်းရန် ဤအစည်းအဝေး တက်ရောက်သူများက မူအားဖြင့် သဘောတူကြပါသည်။

## မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ရွေးချယ်တင်မြှောက်

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ညနေ ၅ နာရီက အသင်းရုံးခန်းတည်ရှိရာ အခန်း(၆၀၁- ၆၀၂) (၇)လွှာ အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့၌ကျင်းပခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ထို့နောက် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အမှုဆောင်အသစ်များရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌအဖြစ် ဦးအောင်လှထွန်း (Reuters)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် Mr. Zhang Yunfei(Xinhua)နှင့် ဒေါ်အေးအေးဝင်း(AP)၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး(TBS)၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးဟန်ထွေးအောင် (TV Asahi)၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်လှလှငွေး(AFP)၊တွဲဖက်အတွင်းရေးမှူး(၃) ဒေါ်အိအိတင် (Fuji TV)၊ ဘဏ္ဍာရေးမှူး(၁) ဒေါ်ခင်မိုမိုမြင့်(NHK)၊ ဘဏ္ဍာရေးမှူး(၂) ဒေါ်ရတနာထွန်း (Kyodo)၊ စာရင်းစစ်(၁) ဦးခင်မောင်ဝင်း (AP) နှင့် စာရင်းစစ်(၂) ဦးငြိမ်းချမ်းနိုင် (EPA)တို့အား ရွေးချယ်တင်မြှောက်ကြသည်။

၁၉၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတွင် ယခုအခါ အသင်းဝင် ၆၀ ရှိပြီး အသင်းရုံးခန်းမှာ အခန်း(၆၀၁/၆၀၂) (၇)လွှာ အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ရန်ကုန်ဖြစ်ပြီး ဖုန်း-၀၉-၃၀၀၉၁၉၂၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



# မြန်မာ-လာအို ချစ်ကြည်ရေးတံတား (သို့မဟုတ်) မြန်မာ-လာအို ဆက်ဆံရေးသမိုင်းမှတ်တိုင် တံတားတစ်စင်း

**မြန်မာနှင့် လာအိုနိုင်ငံတို့၏ သံတမန်ဆက်သွယ်ခဲ့မှုမှာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၆၀ ရှိခဲ့ပြီဖြစ်ကာ အိမ်နီးချင်းကောင်းတို့၏ ကျင့်ဝတ်နှင့်အညီ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အခြားတစ်နိုင်ငံက လေးစားလိုက်နာခဲ့ကြသည့် အိမ်နီးချင်းကောင်းများလည်းဖြစ်ပေသည်။ သံတမန်ဆက်သွယ်ခဲ့သည့် နှစ် ၆၀ ပြည့် အခါသမယတွင် မြန်မာ-လာအို ချစ်ကြည်ရေးတံတားဖွင့်လှစ်နိုင်ခြင်းသည်လည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုအားကောင်းစေမည့် အချက်တစ်ချက်ဟု မှတ်ယူရပေမည်။**

သတင်းစဉ်
(သတင်းအဖွဲ့)

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် လာအိုနိုင်ငံ လွှန်နသမ်ပြည်နယ် ဇင်းကုတ်မြို့တို့ကို ဆက်သွယ်တည်ဆောက်ခဲ့သည့် မြန်မာ-လာအို ချစ်ကြည်ရေး တံတားကို ယနေ့နံနက်ပိုင်းတွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ တံတားဖွင့်လှစ်နိုင်ခဲ့ခြင်း၏ ရလဒ်များကို ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့၏ ပြောကြားချက်များဖြင့် ဖော်ပြလိုက်ပါသည်။



ပြည်ထောင်စုဝန်ကြီး
ဦးကျော်လွင်



ပြည်ထောင်စုဝန်ကြီး
ဦးခင်ရီ



ပြည်ထောင်စုဝန်ကြီး
ဦးဝဏ္ဏမောင်လွင်



ရှမ်းပြည်နယ်ဝန်ကြီးချုပ်
ဦးစဝ်အောင်မြတ်

**ဦးကျော်လွင်**
**ပြည်ထောင်စုဝန်ကြီး၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

မြန်မာ-လာအို ချစ်ကြည်ရေး တံတားကြီးကို နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုနဲ့ တည်ဆောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီလမ်းညွှန်မှုနဲ့အညီ လာအိုက ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံက ဆောက်လုပ်ရေး ဝန်ကြီးဌာနပေါင်းစပ်ပြီး တံတား နေရာရွေးတာကစပြီး တံတားကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့တဲ့အထိ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီ တံတားကြီးကို မြန်မာနိုင်ငံဘက်က နေပြီးတော့ တံတားတည်ဆောက်မှု အတွက် လိုအပ်တဲ့ဒီဇိုင်းတည်ဆောက်မှု အားလုံးကို ဆောင်ရွက်တာဖြစ်ပါတယ်။ ထို့အတူပဲ ဒီတံတားကြီး သံပေါင်တင်တာကလည်း မြန်မာနိုင်ငံက အင်ဂျင်နီယာများနဲ့ တင်ခဲ့တာဖြစ်ပါတယ်။ လိုအပ်တာကို နှစ်ဖက်ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့က တစ်ဝက်။ တစ်ဝက်ဆိုတာ အလယ်က သံပေါင်အထိ ၃၆၀ မီတာရှိတယ်။ ဒါကျွန်တော်တို့ဘက်က တာဝန်ယူပြီးတော့ ဒီဘက်က မီတာ ၁၈၀ ရယ်၊ ချဉ်းကပ်လမ်းက ၁၈၀ ရယ် ဒါကို တာဝန်ယူတည်ဆောက်တာဖြစ်ပါတယ်။ ကုန်ကျစရိတ်က တစ်ဝက်စီလို့ဆိုပေမယ့် တံတားတည်ဆောက်တာကတော့ စောစောကပြောသလို သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းနဲ့ ကတ္တရာခင်းတာကအစ ဒါတွေ အားလုံးက ကျွန်တော်တို့ မြန်မာနိုင်ငံဘက်က ဦးဆောင်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။

ဒီတံတားကြီး ပြီးစီးတဲ့အတွက် နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုကောင်းမွန်လာတာနဲ့အမျှ အာဆီယံနိုင်ငံများ အနေနဲ့လည်း မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံသာမက ဗီယက်နမ်နိုင်ငံအထိ သွားလာနိုင်မယ့် အနေအထားရှိပါတယ်။ နောက်ပိုင်းမှာ မြန်မာနိုင်ငံကိုဖြတ်ပြီးတော့ အိန္ဒိယနိုင်ငံအထိ သွားဖို့ အခွင့်သာလာတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဦးစဝ်အောင်မြတ်**
**ရှမ်းပြည်နယ်ဝန်ကြီးချုပ်**

မြန်မာ-လာအို ချစ်ကြည်ရေး တံတားကြီး ဖွင့်ပေးလိုက်တဲ့အတွက် ရှမ်းပြည်နယ်အတွက် အများကြီး အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီတံတားကြီးဟာ လာအိုနိုင်ငံကနေတစ်ဆင့် ဗီယက်နမ်၊ ဗီယက်နမ်ကနေတစ်ဆင့် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ နောက်အာဆီယံနိုင်ငံတွေကို ရေနက်ဆိပ်ကမ်းတွေကနေ တစ်ဆင့် ကူးသန်းရောင်းဝယ်မှုအတွက် ပိုအဆင်ပြေလာမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကို ဖြတ်သန်းပြီးတော့မှ ဒီလိုကူးသန်းရောင်းဝယ်မှုတွေရှိလာရင် လူတိုင်းရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ အကျိုးစီးပွားတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး လူတိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုတဲ့ တံတားကြီးဖြစ်တဲ့အတွက်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အများကြီး ဝမ်းသာကြောင်း ပြောကြားလိုပါတယ်။

ဒီတံတားကြီး စတင်တည်ဆောက်ဖို့အတွက် ပြီးခဲ့တဲ့ ၂၀၁၂ မတ်လမှာ သမ္မတကြီးနဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် ၃ နိုင်ငံ ချစ်ကြည်ရေး ခရီးစဉ် လိုက်ပါသွားတဲ့အခါမှာ လာအိုနိုင်ငံမှာ တံတားတည်ဆောက်ရေးအတွက် ပထမဆုံး နားလည်မှု MoU စာချုပ်ကို ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ရေးထိုးပြီးတဲ့နောက် ၂၀၁၃ ခုနှစ်အတွင်းမှာပဲ တံတားပန္နက်တိုင်တွေစပြီး ပန္နက်ရိုက်ခဲ့ကြတယ်။ တံတားကြီးဖြစ်ဖို့အတွက် ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံတိုင်းရင်းသား လုပ်သားပြည်သူတွေ၊ ဒေသက ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ်များအားလုံး၊ ဒေသအုပ်ချုပ်ရေး အဖွဲ့အစည်းများ အားလုံး ပူးပေါင်းပါဝင်ပြီးတော့မှ တက်ညီလက်ညီ ဆောင်ရွက်ခဲ့လို့ အမြန်ဆုံး ပြီးစီးခဲ့ခြင်းဖြစ်တယ်လို့ ပြောလိုပါတယ်။

တံတား ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက နှစ်နိုင်ငံတံတားတည်ဆောက်တဲ့နေရာမှာ နည်းပညာပိုင်းဆိုင်ရာတွေ၊ တံတားရဲ့သံပေါင်၊ တံတားရဲ့ Construction လုပ်ငန်းပိုင်းဆိုင်ရာတွေအတွက်ကို လိုက်လျောညီထွေဖြစ်အောင် နှစ်နိုင်ငံအင်ဂျင်နီယာတွေ၊ တံတားတာဝန်ခံ အင်ဂျင်နီယာတွေ ပေါင်းစပ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

တံတားကြီးဟာ ရှမ်းပြည်နယ်တစ်ခုတည်းတွင် မဟုတ်ပါဘူး။ အနောက်ဘက် ရခိုင်ပြည်နယ်မှာရှိတဲ့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းအထိ ရည်မှန်းထားတာ ဖြစ်ပါတယ်။ နောက်လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ အားလုံးဟာ လက်ယာကပ်မောင်း စနစ်ကို အသုံးပြုတဲ့အတွက် လမ်းကြောင်းနဲ့ မောင်းနှင်မှုတွေမှာလည်း အထူးလေ့ကျင့်စရာမလိုဘဲနဲ့ အဆင်ပြေသွားနိုင်တဲ့နိုင်ငံတွေဖြစ်တဲ့အပြင် လာအိုကနေတစ်ဆင့် ဗီယက်နမ်၊ ဂျပန်နိုင်ငံဘက်အထိ၊ တစ်ခါ ရှမ်းပြည်နယ်ကနေတစ်ဆင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းကနေပြီးတော့ ဥရောပ၊ နောက်တစ်ခါ အာရှရဲ့ အလယ်ပိုင်းတွေဖြစ်တဲ့ အိန္ဒိယ၊ အရှေ့အာရှ အလယ်ပိုင်းတွေ အားလုံးကို ကူးသန်းရောင်းဝယ်မှုတွေ ပိုမို လျင်မြန်သွက်လက်လာမှာဖြစ်တဲ့အတွက် ဒီတံတားကြီးဟာ အင်မတန်အကျိုးရှိမယ့်တံတားကြီး၊ ပြည်နယ်အတွက်လည်း များစွာသောစီးပွားရေး အခွင့်အလမ်းတွေ၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေ အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မယ့်တံတားကြီးအဖြစ် ဂုဏ်ယူစွာ ပြောကြားလိုပါတယ်။

**ဦးခင်ရီ**
**ပြည်ထောင်စုဝန်ကြီး၊**
**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

နှစ်နိုင်ငံ ဆက်သွယ်တဲ့အခါမှာ တကယ့်အဓိကကျတဲ့ တံတားကြီးဖြစ်ပါတယ်။။ အရင်တုန်းက ကြားထဲမှာ မဲခေါင်မြစ်ဖြတ်နေတဲ့အခါကျတော့ တိုက်ရိုက်ဆက်သွယ်လို့ မရဘူး။ အခု တံတားကြီးရှိတယ်ဆိုတော့ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းတွေ၊ ကူးသန်းသွားလာမှုလုပ်ငန်းတွေ အရာခပ်သိမ်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ နှစ်နိုင်ငံဝင်ထွက်ပေါက်တွေမှာ သဘောတူညီချက်အရ လဝက ဂိတ်တွေဖွင့်မှာပါ။ လောလောဆယ်တော့ အရာရှိတွေ ဦးစီးတဲ့ဝန်ထမ်း(၂၁)ယောက် ပို့ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့လိုအပ်တဲ့ စက်ကိရိယာများလည်း ဖြည့်ဆည်းထားပြီးဖြစ်ပါတယ်။ လာအိုနှစ်နိုင်ငံ နယ်စပ်ဖြတ်သန်းခွင့်ဟာ အသစ်မဟုတ်ဘူးလေ။ ကျွန်တော်တို့ ၁၉၇၇ ခုနှစ်ကတည်းက မြန်မာနိုင်ငံက ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ လာအိုနိုင်ငံက ဒုတိယနိုင်ငံခြားရေးဝန်ကြီး နှစ်နိုင်ငံ နယ်စပ်ပေါက်တွေအတွက် လက်မှတ်ထိုးထားပြီး ဖြစ်ပါတယ်။ ဒါက အဲဒီလုပ်ငန်းရဲ့နောက်ဆက်တွဲဖြစ်တဲ့အတွက် ကျွန်တော်တို့ကထူးပြီး အသစ်တော့မဟုတ်ပါဘူး။ နှစ်နိုင်ငံ လူဝင်လူထွက်ကိစ္စတွေကို ကျွန်တော်တို့ယခင်အတိုင်းပဲ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုအခါမှာ ဒီတံတားကြီးဟာ နှစ်နိုင်ငံအတွက် အလွန်အကျိုးရှိတဲ့ တံတားကြီးဖြစ်တယ်။ လာအိုနိုင်ငံတင်မဟုတ်ဘူး။ ဒီကနေတစ်ဆင့် ဗီယက်နမ်နိုင်ငံလည်း သွားလို့ရတယ်။ မြန်မာနိုင်ငံကနေပြီးတော့ ကုန်သွယ်ကူးသန်းသွားလာတာပဲဖြစ်ဖြစ်၊ နှစ်နိုင်ငံချစ်ကြည်ရေးပဲဖြစ်ဖြစ် အင်မတန်မှအကျိုးရှိတဲ့ တံတားကြီး ဖြစ်တယ်ဆိုတာ အသိပေးလိုပါတယ်။

**ဦးဝဏ္ဏမောင်လွင်**
**ပြည်ထောင်စုဝန်ကြီး၊**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

ဒီနေ့ဖွင့်လှစ်ခဲ့တဲ့ မြန်မာ-လာအို ချစ်ကြည်ရေးတံတားဟာ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အရေးကြီးတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ အဓိကကတော့ မြန်မာ-လာအို နှစ်နိုင်ငံ သံတမန်ထူထောင်တဲ့ နှစ်(၆၀)ပြည့်တဲ့နှစ်လည်းဖြစ်တယ်။ နှစ်နိုင်ငံ မဲခေါင်မြစ်ကို ဖြတ်သန်းပြီးတော့ တည်ဆောက်ထားတဲ့ တံတားကို နှစ်နိုင်ငံ ခေါင်းဆောင်ကြီးများ ကိုယ်တိုင်ဖွင့်လှစ်ပေးတဲ့အတွက် နှစ်နိုင်ငံရဲ့ဆက်ဆံရေးသမိုင်းမှာ အရေးကြီးပါတယ်။ နိုင်ငံနှစ်နိုင်ငံစလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ကုန်သွယ်မှုတွေ၊ နယ်စပ်ဖြတ်ကျော်ပြီးတဲ့ အခါမှာ ပြည်သူချင်းထိတွေ့ဆက်ဆံမှုတွေ၊ ချစ်ကြည်ရင်းနှီးမှုအပိုင်းတွေမှာ အလွန်အရေးပါတဲ့ တံတားတစ်စင်း ဖြစ်ပါတယ်။ အထူးသဖြင့် ဒီနေ့ ရောက်ခဲ့ကြတဲ့ နယ်စပ်ဒေသကို ကြည့်မယ်ဆိုရင်လည်း ကျိုင်းလပ်ဆိုတဲ့ မြို့နယ်လေးတစ်ဝိုက်မှာရှိတဲ့ ပြည်သူတွေဟာ အထူးဝမ်းသာ ကြည်နူးနေကြတာ တွေ့ရမှာ ဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အဓိက နယ်စပ်မှာ ထိတွေ့နေတဲ့ တာလေမြို့၊ တာချီလိတ်မြို့၊ ကျိုင်းတုံမြို့ဆိုတဲ့ မြို့ကြီးတွေဟာလည်း တံတားကြီး ဖွင့်လှစ်နိုင်လိုက်တဲ့အတွက် စီးပွားရေးဘဝ၊ လူမှုရေးဘဝတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။ တံတားကြီးကို ဖွင့်လှစ်ဖို့ဆိုတာလည်း အခုမှဖြစ်လာတာ မဟုတ်ဘူး။ ၂၀၀၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံကနေလက်ခံကျင်းပတဲ့ ဧရာဝတီ-ကျောက်ဖုရား-မဲခေါင် ဆိုတဲ့ ထိပ်သီးအစည်းအဝေး ဧရာဝတီကို ကိုယ်စားပြုတဲ့ မြန်မာနိုင်ငံ၊ ကျောက်ဖုရားမြစ်ကို ကိုယ်စားပြုတဲ့ ထိုင်းနိုင်ငံ၊ မဲခေါင်မြစ်ကို ကိုယ်စားပြုတဲ့ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် ဒီနိုင်ငံတွေ အားလုံးရဲ့ ထိပ်သီးအစည်းအဝေးကြီး ကနေပြီးတော့ ဗီယက်နမ်၊ လာအို၊ မြန်မာ ပေါင်းကူးဆက်သွယ်နိုင်မယ့် စကြံ လမ်းမကြီးတစ်ခုကို ဖော်ထုတ်နိုင်ဖို့အတွက်ကို သဘောတူခဲ့ကြတဲ့အတွက် တံတားတစ်ခုပေါ်ထွန်းလာအောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတကြီးရဲ့ လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှာ မြန်မာဆောက်လုပ်ရေး ဝန်ကြီးဌာနနဲ့ လာအိုဘက်ကလည်း ပြည်သူ့လုပ်ငန်း ဝန်ကြီးဌာနတို့ကြားမှာ နားလည်မှုစာချွန်လွှာရေးထိုးခဲ့ပြီးတော့ ၂၀၁၃ ခုနှစ်ကစပြီးတော့ တည်ဆောက်ခဲ့တာ ဒီကနေ့ ဖွင့်လှစ်နိုင်တာဖြစ်ပါတယ်။ တံတားစီမံကိန်းကို မူလက ဒီထက်နောက်ပိုင်းမှ ဖွင့်လှစ်နိုင်မယ့် အနေအထားရှိတာကနေပြီးတော့ နှစ်နိုင်ငံ ဝန်ကြီးဌာနတွေရဲ့ အထူးကြိုးပမ်းချက်ကြောင့် သတ်မှတ်ကာလထက် (၅)လကျော်လောက် စောပြီးတော့ ဖွင့်လှစ်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် မြန်မာနဲ့ လာအိုနှစ်နိုင်ငံတင်မကဘဲနဲ့ မဲခေါင်မြစ်တစ်လျှောက်မှာရှိတဲ့ နိုင်ငံများ အားလုံးဟာ အကျိုးခံစားရမှာ ဖြစ်ပါတယ်။ ဒီတံတားကြီးဆောက်လုပ်လိုက်တဲ့အတွက်ကြောင့် ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းဆိပ်ကမ်းကနေစပြီးတော့ မြန်မာနိုင်ငံ အနောက်ဘက်မကြာခင်မှာ ပေါ်ပေါက်လာမယ့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူစီးပွားရေးဇုန် နေရာတွေအထိ၊ တစ်ဖက်ကလည်း သီလဝါ၊ ထားဝယ်စီးပွားရေးဇုန် နေရာတွေအထိ ကူးလူးဆက်ဆံနိုင်မယ့် လမ်းကြောင်းကြီးတွေအတွက် အထူးအရေးကြီးတဲ့ တံတားတစ်စင်းကို ဖောက်လုပ်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။ နယ်စပ်မှာနေတဲ့ ပြည်သူလူထုတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကလည်း အထူးကို ကောင်းမွန်လာမယ့် အနေအထားရှိပါတယ်။ ဒီနေ့ဖွင့်လှစ်လိုက်တဲ့ မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားဟာ မြန်မာနိုင်ငံနဲ့ လာအိုနိုင်ငံရဲ့ ဆက်ဆံရေး သမိုင်းမှာ အဓိကကျတဲ့ မှတ်တိုင်တစ်ရပ်ဖြစ်သလိုပဲ မဲခေါင်နိုင်ငံများဖြစ်တဲ့ မဲခေါင်ဒေသအတွင်းမှာ ရှိတဲ့နိုင်ငံများ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ဗီယက်နမ်၊ ထိုင်း အာဆီယံ(၅) နိုင်ငံ ပါဝင်တဲ့အတွက်ကြောင့် အာဆီယံရဲ့ရှေ့မှာ ပေါ်ပေါက်လာတဲ့ အာဆီယံ အသိုက်အဝန်းမှာလည်း များစွာ အထောက်အကူပြုမယ့် တံတားတစ်စင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်းပဲ မဟာဗျူဟာကျကျနဲ့ရှိနေတဲ့ မိမိတို့ရဲ့ ပထဝီ အနေအထားကို ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချတဲ့အခါမှာ မြန်မာနိုင်ငံက ရည်ရွယ်ထားတဲ့ ဖြစ်စဉ်နဲ့ ပေါင်းကူးတံတားတစ်ခုကို တည်ဆောက်နိုင်ဖို့အတွက် ကနဦး ခြေလှမ်းတစ်ရပ်အနေနဲ့ ရှုမြင်လို့ရပါတယ်။ နိုင်ငံတော်ရဲ့ အနာဂတ်အတွက်ရော၊ အာဆီယံရဲ့အနာဂတ်အတွက်ရော၊ မဲခေါင်နိုင်ငံတွေရဲ့ အနာဂတ်အတွက်ရော အထူးအရေးကြီးတဲ့သမိုင်းမှတ်တိုင်တစ်ခုကို ဒီနေ့ ဖော်ထုတ်နိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် နှစ်နိုင်ငံသမ္မတကြီးတွေကိုယ်တိုင် ကြွရောက်ချီးမြှင့်ပြီးတဲ့အခါမှာ တံတားကိုဖွင့်လှစ်ပေးလိုက်တဲ့အနေအထားဖြစ်ပါတယ်။

## အိမ်တွင်းမှုအခြေခံစက်ချုပ်သင်တန်းဖွင့်

**ထန်းတပင် မေ ၉**

အိမ်တွင်းမှုသက်မွေးပညာရပ်များ တတ်မြောက်သွားသည့်အခါ မိမိတို့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည့်အပြင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေးဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ကြီးမှူးဖွင့်လှစ်သော အိမ်တွင်းမှုအခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၁/၂၀၁၅)ဖွင့်ပွဲကို မေ ၉ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှခက်က သင်တန်းဖွင့်လှစ်ခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းသူများသို့ စက်ပစ္စည်းကိရိယာများ၊ အဝတ်အထည်ပိတ်စများ ပေးအပ်လှူဒါန်းခဲ့သည်။ သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# သာစည်မြို့နယ် စည်းခုံစေတီတော်ကြီး ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၉**

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၈ နာရီခွဲတွင် သာစည်မြို့နယ် ညောင်ရမ်း(ဈေး)ကျေးရွာအုပ်စုရှိ စည်းခုံစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ဖူးမြော်ကြည်ညိုသည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ သာစည်မြို့ ရေအားလျှပ်စစ်ကျောင်းဆရာတော် ဦးကဝိန္ဒာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာစည်မြို့နယ် ရွှေဘုံသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာသာမိထံမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကိုဆရာတော်များထံ ဆက်ကပ်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။



ထို့နောက် စည်းခုံစေတီတော်ကြီး၏ ဦးဆောင်ပဓာနနာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒိသာရထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းတိုက်ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနပိယ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်များကို စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်၍ **(အပေါ်ပုံ)**မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ပင့်ဆောင်တင်လှူခဲ့ကြသည်။

**(သတင်းစဉ်)**

# ဒသမအကြိမ် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၉**

စွယ်စုံမီဒီယာဂရု(ပ်) (Swe Sone Media Group)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်သည့် ဒသမအကြိမ် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က မေ ၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ- သုတစွယ်စုံတစ်သက်တာ စာပေဆုအတွက် **ဒေါက်တာမောင်မောင်ညို၊** စာပဒေသာဘာသာရပ်အတွက် **ကျော်သူ**၏ "ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်. . ."၊ လူမှုစီးပွားဘာသာရပ်အတွက် **နေဇင်လတ်**၏ "ရွှေရတုလက်ရွေးစင် ဆောင်းပါးများ (၁)နှင့်(၂)"၊ လူငယ်စာပေအတွက် **တင်စိန်(ပထဝီဝင်)**၏ "ဖေ့စ်ဘွတ်ခ် သက်ရောက်မှု"၊ နိုင်ငံရေးစာပေအတွက် **မြတ်ခိုင်**၏ "ဦးခင်ညွန့်နှင့်အင်တာဗျူး"၊ ဝိဇ္ဇာဘာသာရပ်အတွက် **ပန်းချီလှတင်ထွန်း**၏ "မြန်မာပန်းချီရေစီးကြောင်း"၊ အသုံးချသိပ္ပံဘာသာရပ်အတွက် **ပါမောက္ခဒေါက်တာခင်မကြီး**၏ "ပြည်သူ့အတွက် ဆေးဝါးဗေဒ"တို့ဖြစ်ကြသည်။

အထက်ပါဆုများကို ယခင်နှစ်က ချီးမြှင့်သည်ထက် ဆုငွေတိုးမြှင့်၍ တစ်သက်တာစာပေဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တွင် ယခုလအတွင်းကျင်းပရန်စီစဉ်လျက်ရှိ၍ ဆုချီးမြှင့်မည့်ရက်၊ အချိန်နှင့် နေရာကို ဆက်လက်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၉၂၉၂၀၊ ၃၇၄၄၀၀ တို့သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း သိရသည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် ဒသမအကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၃ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆု ချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် အတ္ထုပ္ပတ္တိစာပေ၊ ဘာသာပြန်၊ ရည်ညွှန်းစာပေ၊ နိုင်ငံတကာရေးရာနှင့် သုတသိပ္ပံ ဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုခုနစ်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# လော့စ်အိန်ဂျယ်လိစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်

**နေပြည်တော် မေ ၉**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အဆိုပါအခမ်းအနားသို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်၊ လော့စ်အိန်ဂျယ်လိစ်ကောင်တီ ကြီးကြပ်ရေးမှူးဘုတ်အဖွဲ့နာယက မစ္စတာ မိုက်ကယ်လ်ဒီ အန်တိုနိုဗစ်ချ်၊ ကယ်လီဖိုးနီးယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂၇)မှ အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ် ဒေါက်တာ ဂျူဒီချူးနှင့် အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံတမန်များ၊ ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် မြန်မာအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်၊ အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်ကောင်တီ ကြီးကြပ်ရေးမှူးဘုတ်အဖွဲ့ နာယက မစ္စတာ မိုက်ကယ်လ်ဒီ အန်တိုနိုဗစ်ချ်၊ ကယ်လီဖိုးနီးယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၂၇)မှ အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ် ဒေါက်တာ ဂျူဒီချူးနှင့် လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဇံတို့က ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားကြသည်။

လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို အမေရိကန်အနောက်ဘက်ကမ်းခြေဒေသတွင် ပထမဦးဆုံးဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းဒေသတွင် နေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာ-အမေရိကန်အသိုင်းအဝိုင်းတို့၏ အကျိုးစီးပွားနှင့် ကောင်စစ်ရေးရာကိစ္စရပ်များကို လျင်မြန်စွာပံ့ပိုးပေးနိုင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ လော့စ်အိန်ဂျယ်လိစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ ကောင်စစ်နယ်မြေများအဖြစ် အလက်စကာ၊ အရီဇိုးနား၊ ကယ်လီဖိုးနီးယား၊ ဟာဝိုင်ယီ၊ နယူးမက္ကဆီကို၊ အော်ရီဂွန်၊ နီဗားဒါး၊ ဝါရှင်တန်နှင့် အမေရိကန်အုပ်ချုပ်ရေးနယ်မြေသုံးခုဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်ဆာမိုအာ၊ ဂူအမ်နှင့်မြောက်ပိုင်းမာရီနတ်စ်ကျွန်းများ(မာရှယ်ကျွန်းများ) ပါဝင်သည်။

**(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆု (၂၀၁၄) ဘာသာပြန်စာမူဆုအတွက် ပြဋ္ဌာန်း

**ရန်ကုန် မေ ၉**

၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စာမူများကို ဖိတ်ခေါ်ခဲ့ပြီး ဖြစ်သည်။ ဘာသာပြန်စာမူအတွက် FRED PEARCE ရေးသားပြုစုထားသည့် "When the Rivers Run Dry" စာအုပ်တွင်ပါရှိသည့် အခန်းများအနက် အခန်းခြောက်ခန်းမှ အသင့်တော်ဆုံးဆောင်းပါး ၁၀ ပုဒ်ကို ထုတ်နုတ်၍ ပြဋ္ဌာန်းလိုက်ကြောင်း သိရသည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် တန်ဖိုးငွေ ကျပ် ၅၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူကို သတ်မှတ်ထားသည့်ပုံစံဖြင့်သာ လက်ခံမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်တွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှမှာယူလိုသူများသည် စာအုပ်တန်ဖိုးအပါအဝင် စုစုပေါင်းငွေကျပ် ၁၁၀၀ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေအုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်၊ အမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၁၄၄၉ သို့ လိပ်မူ ၍ မှာယူနိုင် သည်။

ဘာသာပြန်စာမူကို စက်တင်ဘာ ၁၁ ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာသို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ သီရိဝေဘာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ
ဦးဝင်းမြင့်ဟန်(အကြံပေးအရာရှိ-ပထမအမျိုးသားအာမခံအများနှင့်သက်ဆိုင်သောကုမ္ပဏီ
လီမိတက်)-ဒေါ်တင်မြရီတို့၏ သားငယ်
**ဒေါက်တာဝေဖြိုးဟန် (M.B.,B.S)(YGN)**
နှင့်
ရန်ကုန်မြို့၊ အမှတ်(၃၆၉)၊ ၃၅ ရပ်ကွက်၊ စောလှဘော်လမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ
ဦးမြင့်အောင်-ဒေါ်စန်းစန်းမော်တို့၏ သမီးငယ်
**မမေဂျူလိုင် (B.Com) (D.A) (ACCA-Part II)**
တို့သည် ၉-၅-၂၀၁၅ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဒေါက်တာဝေဖြိုးဟန်-မမေဂျူလိုင်

# အမေများနေ့သို့ အမှတ်တရ



**မြစ်မခ-ဘောဘီ**

အမေသည် လွန်ခဲ့သောနှစ်များက အစ်ကိုကြီးနှင့် အတူနေထိုင်သည်။ ယခုအခါ အစ်ကိုဖြစ်သူကွယ်လွန်သွား၍ အမေ့ကိုပြုစုခွင့်ရရန် ကျွန်မအိမ်၌ ထားသည်။

ဤသို့ အမေ့ကို နေ့စဉ်ပြုစုခွင့်ရသဖြင့် အမေနှင့်ပတ်သက်၍ ဂုဏ်ပြုထားသော ရက်စွဲလေးကိုလည်း ယခုနှစ်တွင် စိတ်ထဲ၌အမှတ်ရလာသည်။ အမေများနေ့သည် မေ ၁၀ ရက်နေ့တွင် ရောက်ရှိလာသည်။ အမေ့အတွက် အမှတ်တရလေးဖြစ်အောင် ဆောင်ရွက်ပေးမည်ဟု ကျွန်မစိတ်ကူးထားပါသည်။

အမေများနေ့ကို အမှတ်ရသောအားဖြင့် ကျွန်မတို့မောင်နှမငါးယောက် အိမ်အကူမပါဘဲ အမေနှင့်အတူကိုယ်တိုင်ချက်ပြုတ်စားသောက်ကြသည်။

အမေသည် မူလတန်းအဆင့်သာ ပညာရေးကို တတ်မြောက်ခဲ့သည်။ သူ၏သားသမီးများကိုမူ သားကြီးမှ သမီးငယ်အဆုံးအထိ ဆုံးခန်းတိုင်အောင် ပညာသင်စေခဲ့သည်။ ပညာရေးကိုအားပေးသူဖြစ်၍လည်း အမေ၏ သားသမီးများသာမက မြေးများထိအောင် ပညာတတ်ကြီးများ ဖြစ်စေချင်သည်။

သားသမီးများအားလုံး ကျောင်းပညာမပြီးဆုံးမချင်း မမောနိုင်မပန်းနိုင်လုပ်ရှားရုန်းကန်ခဲ့သည်။ အချိန်ကိုလေးစားသည်။ ငွေကြေးကို စည်းကမ်းဖြင့်သုံးသည်။

ယခုအခါတွင် သားသမီးများ အသီးသီးအိမ်ထောင်ကျပြီး အမေ့အတွက် မြေးရှစ်ယောက်နှင့် မြစ်သုံးယောက် ရနေပြီဖြစ်သည်။ မြေးဖြစ်သူများ အမေ့အား လာ၍ကန်တော့လျှင် ပညာတတ်ကြီးတွေဖြစ်ပါစေဟု ဆုပေးလေ့ရှိသည်။

ယနေ့အမေ၏ အသက်(၉၁)နှစ်ထဲသို့ ဝင်ရောက်နေပြီဖြစ်သော်လည်း ပုံမှန်အတိုင်းလေ့ကျင့်ခန်း တစ်နေ့သုံးကြိမ်လုပ်သည်။ ဘုရားရှိခိုး၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်းအလုပ်ကို နေ့စဉ်မပြတ်လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ ကျွန်မ၏အသက်(၅၆)နှစ်ထဲသို့ ဝင်ရောက်လာပါပြီ။ ကျွန်မ၏ခန္ဓာသည် ပုံမှန်အတိုင်းမဟုတ်တော့ပြီ။ ဒူးကနာလာပြီ။ မျက်စိကမှုန်လာပြီ။ လမ်းလျှောက်ရာ၌ မသွက်လက်တော့ဘဲ တစ်ခါတစ်ရံ ညအခါ အိပ်မပျော်တတ်ပေ။

နေ့စဉ် ဤဝေဒနာလေးတွေ တစ်ခုပြီးတစ်ခု ခံစားမိတိုင်း အမေ့အသက်အရွယ်တွင် အမေ့ခန္ဓာကိုယ်သည် မည်သို့နာကျင်မှုခံစားနေရမည်နည်းဟု ကိုယ်ချင်းစာမိလာသည်။ ထို့ကြောင့် အမေ့အတွက် အားရှိမည့် ကောင်းနိုးရာရာလေးများကို ချက်ပြုတ်ကျွေးမိသည်။ အမေ့ကို နေ့စဉ်ပြုစုစောင့်ရှောက်ကာ အချိန်ရှိတိုင်း အမေနှင့် စကားပြောပေးသည်။ တရားအကြောင်း ဆွေးနွေးဖြစ်သည်။

ယခုနှစ်ပိုင်းတွင် အမေသတိမေ့တတ်လာသည်။ တစ်ခါတလေ အမေက သူ၏လက်ချောင်းကလေးများကို ချိုးနေတတ်သည်။ သူ၏ဆွေမျိုးများ နာမည်များကို အမှတ်ရအောင် ပြန်စဉ်းစားနေသည်ဟုပြောသည်။

ကျွန်မကတော့ အမေ တစ်ရက် အသက်ရှည်လျှင် ရှည်သလောက် အကျိုးရှိအောင် အမေနှင့် တရားအကြောင်း၊ ကျန်းမာရေးအကြောင်း ဆွေးနွေးပေးသည်။ ကျွန်မအားလျှင် အမေ့အကြောင်း ဂုဏ်ပြုရေးဖွဲ့ထားသော သီချင်းကလေးများ ဆိုပြပေးသည်။

အမေ့ကို ရောဂါဘယကင်းဝေးပြီး အသက်ရာကျော်ရှည်ပါစေဟု ဘုရားရှိခိုးတိုင်းလည်း ဆုတောင်းပေးနေမိပါသည်။ ။

# အမေ

ကွန်ပျူတာနှင့် ဖုန်းတွေ့လိုက်သည်ဆိုသည်နှင့် အရာအားလုံးကို မေ့လျော့၊ စူးစူးစိုက်စိုက်၊ တစိုက်မတ်မတ် သားငယ်တစ်ယောက် အဆိုးထဲက အကောင်းဟုဆိုရမည်လား။ သင်္ကြန်လေးရက်လုံး အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်၊ ကွန်ပျူတာနှင့် ဖုန်းအနားမှ တစ်ဖဝါးမှမခွာ၊ ကျောက်ချရပ်နား၊ သားငယ်ဖြစ်အင်ကိုကြည့်ရင်း ကျွန်တော့်ဘဝ ငယ်ကာလကို အမှတ်ရစေပါသည်။

အဖေကွယ်လွန်ပြီးချိန် အလယ်တန်းကျောင်းသားကတည်းက ကြွေအံကစားခြင်းကို စွဲစွဲလမ်းလမ်းဖြစ်နေခဲ့သော လောင်းကစားသမား ကျွန်တော်။ သားငယ်ကဲ့သို့ပင် တစ်ခုခုကို စွဲလမ်းမိပြီဆိုသည်နှင့် ထမင်းမေ့ဟင်းမေ့ ကျွန်တော့်အကျင့်။ ဤသို့ဖြင့် အမေနှင့် ကျွန်တော့်ကြားမှာ တစ်သက်တာ အမှတ်ရစရာဖြစ်သွားခဲ့ရသည်။ တစ်နေ့ ကြွေကစားကောင်းနေတုန်း အမေလာခေါ်သည်။ ကျောင်းတက်ချိန်နီးပြီမို့ ထမင်းလာစားလှည့်၊ ကျွန်တော်လှည့်၍ပင်မကြည့်အား၊ နောက်တစ်ကြိမ် လာခေါ်ပြန်သည်။ လာခေါ်ရကောင်းလားဟု လူအများရှေ့မှာ အမေ့ကို လှမ်းအော်သည်။ ရှက်ရှက်နှင့် အမေ အိမ်ပြန်သွားရသည်။ နောက်ဆုံးလာခေါ်ချိန် ညနေ ၄ နာရီ၊ နံနက်စာ ထမင်းတော့လာစား၊ ပြီးမှဆက်ကစားပေါ့၊ စိုးရိမ်စိတ်နှင့် အမေ့ကရုဏာစကား။ သားဆိုးသားမိုက်များဆိုလျှင် ပို၍ဂရုစိုက်စောင့်ရှောက်မှုပေးတတ်သော မိဘများ၏ အနှိုင်းမဲ့မေတ္တာ၊ အငယ်ဆုံးသားထွေး ကျွန်တော့်အပေါ် အလိုလိုက်ခဲ့သမျှ အမိုက်စော်ကားဖြစ်သွားခဲ့ရခြင်း။ ထိုဖြစ်စဉ်ကို ပြန်တွေးမိတိုင်း မိုက်နောင်တရ၊ ယနေ့ထိပါ။

ငယ်စဉ်ကတည်းက လောင်းကစားကို ဝါသနာထုံ ကြွေအံကစားတတ်နေခဲ့သော်လည်း ဆေးတံသောက်၊ ကွမ်းစား ဝန်းကျင်ဓလေ့ကိုကား ကျွန်တော် အပါအဝင် ညီအစ်ကိုသုံးယောက်လုံး ရှောင်နိုင်ရှားနိုင်ခဲ့သည်။ အဖေ့ကျေးဇူးကြောင့်ပင်။ အဖေကိုယ်တိုင် ဆေးတံသောက်၊ ကွမ်းဝါး ပုံမှန်ရှိနေငြားလည်း ကျွန်တော်တို့အား လုံးဝခွင့်မပြု။ "ငါ ပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နှင့်" ကြိမ်ကိုင်လမ်းပြ အဖေ့သြဝါဒ။ အမေက ထိုသို့မဟုတ်။ "စမ်းရေစီး၏၊ ညင်သာရေစီးအားနှင့်၊ ကျောက်တုံးကျောက်ခဲများကို တေးဆိုရင်း ချောမွတ်စေခဲ့သူ" နှလုံးရည်သမား၊ နောက်ဆုံး ပြောမရဆိုမရဖြစ်လာပြီဆိုလျှင် မျက်ရည်နှင့်ပိုင်းဖြတ် အနိုင်ယူတတ်သောအမေ။ မျက်ရည်သည် နှလုံးရည်သမား အမေ့အတွက် နောက်ဆုံးထွက်ပေါက်။

သားသုံးယောက်ကြောင့် အမေ့ဘဝမှာ မျက်ရည်ကျခဲ့၊ ငိုခဲ့ရအခါခါပါ။ အထူးသဖြင့် တပ်မတော်သား သားကြီးကြောင့် အမေပို၍ငိုခဲ့ရသည်။ တစ်လတစ်ကြိမ်ပုံမှန်လာသော သားကြီးဆီမှစာကို ကျွန်တော်တို့ဖတ်ပြသမျှ သေချာနားစိုက်ထောင်၍ လွမ်းဆွတ်တမ်းတ အမေငိုရသည်။ ရှေ့တန်းမှာ အနေဆင်းရဲ၊ အစားဆင်းရဲခြင်းအကြောင်းများ ပါလာပြီဆိုလျှင် ပိုဆိုး။ ပုံမှန်စာမလာကြာပြီဆိုလျှင်လည်း တမျှော်မျှော်နှင့် အမေငိုရသည်။ တစ်ခါတလေ ရှေ့တန်းမှာအနေကြာ၍ စာမလာ သတင်းမကြား လေးငါးခြောက်လကြာသွားတတ်သည်။ အမေ့မှာ နေ့နေ့ညည စားမဝင် အိပ်မပျော် မျက်ရည်စက်လက်နှင့်။ ကျွန်တော်တို့မှာ စာတိုက်နှင့်အိမ်၊ အိမ်ဦးနှင့်ကြမ်းပြင် ဆိုသလို အခေါက်ခေါက်အခါခါ ချောင်းပေါက်တော့သည်။ စာလာပြီဟေ့ဆိုလျှင်လည်း ဝမ်းသာအားရ အငိုမျက်လုံး၊ အပြုံးမျက်နှာနှင့် အမေငိုရပြန်ပြီ။ တပ်မတော်သား အမေ့သားကြီးအတွက် ကျခဲ့ရသောပူဆွေးသောကမျက်ရည်၊ လွမ်းဆွတ်သတိရတမ်းတမျက်ရည်၊ ပီတိမျက်ရည်များ။

ကျွန်တော့်ကြောင့်လည်း အမေငိုခဲ့ရ၊ တစ်သက်မှာတစ်ခါ မှတ်မှတ်ရရရှိခဲ့ဖူးသည်။ ပူပူနွေးနွေးအဖေဆုံးပြီးခါစ ပူဆွေးသောကနှင့် အမေ တစ်ယောက် နေညိုချိန်မှာ ပြောစကားနားမထောင် ကလန်ကဆန် ဘုဆတ်ဆတ်နှင့် ကျွန်တော့်ကြောင့် အဖေ့ကိုတမ်းတအမေငိုရပြီ။ ကျွန်တော့်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် ဘာလုပ်ရမှန်းမသိ။ နောက်ဆုံးအမေ့ကို ပြေးဖက်၊ အမေနှင့်အပြိုင်အော်ဟစ်ငိုကြွေးရင်း နောက်နောင် ယခုလို မလုပ်တော့ပါပြီ၊ အကြိမ်ကြိမ်ကတိပေး၊ တိုးလျှိုးတောင်းပန် မနားတမ်း။ အမေ အငိုတိတ်၊ မျက်ရည်သုတ်၊ ကျွန်တော့်ကိုသေချာစိုက်ကြည့်၊ ခေါင်းညိတ်ပြ၊ ငြိမ်းချမ်းရေးရသွားခဲ့သည်။ ကျွန်တော့်ဘဝမှာ အမေ့အလိုကို ဆန့်ကျင်၊ နောက်တစ်ကြိမ်မရှိခဲ့တော့ပါပြီ။ ကြိမ်ကိုင်လမ်းညွှန် အကြိမ်တစ်ရာမက အဖေ့ရိုက်ချက်ထက် အမေ့မျက်ရည်တစ်စက်က နှလုံးအိမ်ထိစွဲငြိ ပိုထိရောက်ခဲ့သည်။

အမေ့ဘဝဖြတ်သန်းခရီးတစ်လျှောက်လုံးမှာ လင်သေ၊ သားဆုံး ကြိမ်မီးအုံးမျှ သောကပရိဒေဝမီး ဝိုင်းအုံလောင်ကျွမ်း မျက်ရည်မခန်းနိုင်ခဲ့ပါ။ ဘဝအစ ပထမအရွယ်တစ်ခုမှာသာ မိဘရိပ်ခို ရေမစုပ် ကြာမလှုပ်နှင့် တည်ငြိမ်အေးချမ်း ပန်းခင်းလမ်း၊ အိမ်ထောင်ပြုပြီး ကလေးနှစ်ယောက် အမေ့ဘဝမှစ၍ ဒုက္ခအဖုံဖုံစုပြုံမနားတမ်း ဝင်မွှေပါတော့သည်။ ဒုတိယကမ္ဘာစစ်မီးနှင့်အတူ အမေတို့မိသားစုဘဝ ပြိုကွဲသွားခဲ့ရသည်။ ဂျပန်အဝင် အင်္ဂလိပ်အပြေးမှာ ရခိုင်ပြည်နယ်အတွင်း အိမ်ရှင်နှင့် ဧည့်သည်ပဋိပက္ခကြောင့် သေကျေကျေကျ မီးဟုန်းဟုန်းတောက်ခဲ့ကြရသည်။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုရမည်။ မောင်တောနယ် အမေတို့၏မွေးရပ်မြေ နတ်မြစ်ကမ်းတစ်ကြောရှိ ဒေသခံများအထိနာခဲ့ကြရသည်။ သေကျေပျက်စီးမှု အများအပြား၊ တချို့ ရခိုင်ပြည်နယ်အတွင်းဘက်သို့ ပြေးခို၊ တချို့ဆိုလျှင် စစ်နှင့်ဝေးရာ အိန္ဒိယနိုင်ငံ မြောက်ပိုင်း နီပေါနယ်စပ်မှ ဒိုင်နာစပူရ်ဒုက္ခသည်စခန်းသို့ ရောက်သွားကြရသည်။ အင်္ဂလိပ်အစိုးရ၏ ပံ့ပိုးကူညီစောင့်ရှောက်မှုအောက် ဒိုင်နာစပူရ် ဒုက္ခသည်စခန်းမှ စစ်ပြေးဘဝနှင့် အမေတို့သုံးနှစ်သုံးမိုး အေးအေးချမ်းချမ်း နေခွင့်ရခဲ့သည်။ ထိုအချိန် အမေ့ရင်ခွင်ထဲမှာ သားငယ်တစ်ယောက်တည်း၊ သားနှစ်ယောက်ကို လက်ဆွဲပြီးအသက်လုပြေးရချိန် အမေ့လက်မှ သားကြီး လွတ်ထွက်ကျန်ခဲ့ရသည်ကို မသိခဲ့။ သတိထားမိချိန်တွင် သားကြီး ပါမလာတော့ပြီ။ စစ်အတွင်းမှာ လင်သေ သားဆုံးနှင့် အမေ့ဘဝသည် ဗုဒ္ဓလက်ထက်တော်က ပဋာစာရီအဖြစ်မျိုး။ စစ်ပွဲများ၏ဆိုးကျိုး၊ ယူကျုံးမရ အမေ့ဘဝ၏ အစားထိုးမရနိုင်တော့သည့် ဆုံးရှုံးနှလုံးသားရတနာများ။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ်ပြန်ဝင်လာချိန် အမေတို့မွေးရပ်မြေသို့ ပြန်လည်ခြေချခွင့်ရခဲ့သည်။ စစ်ဘေး၊ စစ်ဒဏ်ကြောင့် အမေ့မွေးရပ်မြေ ကျောက်ချောင်းရွာလေးမှာ မီးလောင်ပြာကျ ပြောင်သလင်းခါ ဘာမှမရှိတော့ပါဘူး။ စပ်ကူးမပ်ကူးကာလ၏ သဘာဝ မတည်မငြိမ်နှင့်။ ဒေသလက်နက်ကိုင်များကြောင့် ကြောက်ကြောက်လန့်လန့်နှင့် နေ့နေ့ညည ကျီးလန့်စာစားဘဝ။ နောက်ဆုံးမှာ "ယာရှင်ကို မျောက်နှင်" သည့်ကိန်း ဆိုက်ရောက်လာခဲ့သည်။ မွေးရပ်မြေကို ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် အပြီးအပိုင်စွန့်ခွာ။ ရခိုင်ပြည်နယ်အတွင်းပိုင်း မြောက်ဦးမြို့သို့ ပြေးခိုလာခဲ့ကြရသည်။

ဒုက္ခအဖုံဖုံ ကြုံတွေ့ စစ်ပြေးဘဝအခြေမဲ့မှာ အရင်းအနှီးဆို၍ လက်နှင့်ဖဝါး။ ကိုယ်ကာယအားမှတစ်ပါး အခြားမရှိခဲ့ပါ။ တောဝင်ထင်းခုတ် တောင်ယာလုပ်၊ သမ္မာအာဇီဝလုပ်ငန်းစုံမှာ အမေတို့ပင်ပန်းခဲ့ကြရသည်။ မိန်းမသားမို့ အားနွဲ့သူဖြစ်သော်ငြားလည်း မိသားစုဘဝရပ်တည်နိုင်ဖို့ အဖေနှင့်အတူ ရင်ပေါင်တန်း "မောင်တစ်ထမ်း မယ်တစ်ရွက်" တာဝန်ကျေခဲ့သော အမေ။ တောင်ယာလုပ် ထင်းခုတ်၊ ပုံမှန်အလုပ်အပြင် နွေရာသီတစ်လျှောက်လုံး စပါးအဝယ်ဒိုင်မှာ အခစား စပါးသယ်ရင်း ပင်ပန်းခဲ့ရသောအမေ။ စပါးတင်းတောင်းများကို မနိုင်မနင်းခေါင်းပေါ်ရွက်၍၊ စပါးတောင်းကို တက်လိုက်ဆင်းလိုက်နှင့် အမေ့ခေါင်းမှ ဆံပင်များကျွတ်ထွက်၊ ကျိုးတိုးကျဲတဲသာကျန်တော့သည်။

အဖေကွယ်လွန်ပြီးချိန်မှာ ကြိုတင်ပြင်ဆင် သားလတ်အိမ်ရိပ်ခိုရင်း ဘဝနေညိုချိန်ကို အမေဖြတ်သန်းခဲ့ရသည်။ သားလတ်ဇနီးမှာ အခြားလူမဟုတ်၊ အမေ့မောင်အရင်း၏သမီး၊ ရခိုင်လူမျိုးတို့၏ထုံးစံ၊ အစ်ကိုမောင်မှ မွေးသောသမီးနှင့် အစ်မ၊ နှမမှမွေးသော သားဆိုလျှင် သမီးမျောက်သားတော်စပ် ထိမ်းမြားလက်ထပ်ပေး၍ရသည်။ အစ်မ၊ ညီမ၏ သမီးနှင့် အစ်ကို၊ မောင်၏သားဆိုလျှင်သာ မောင်နှမဝမ်းကွဲမို့ အိမ်ရာထောင်၍မရ။ အမေ့နောင်ရေးအတွက် အမေကိုယ်တိုင် စီစဉ်ခဲ့သည့်အတိုင်း သားလတ်က တစ်သဝေမတိမ်း လိုက်နာခဲ့သည်။

ဘဝတစ်လျှောက်လုံးမှာ လှုပ်လှုပ်ရှားရှားနှင့် မနားမနေ နေလာခဲ့ရသော အမေတစ်ယောက် သားလတ်အိမ်ရိပ်ခို ငြိမ်ငြိမ်လေးနှင့် ထိုင်မနေအားသေး။ မိသားစုကို ဝိုင်းကူ၊ ကလေးထိန်း၊ ထင်းခွဲ၊ ထမင်းချက် အိမ်မှုကိစ္စဗာဟီရနှင့် ပုံမှန်ဝတ်မပျက်ခဲ့ပါ။ အသက် ၆၀ ကျော်အရွယ်ထိတိုင် အမေကျန်းမာရေးကောင်းနေဆဲ။ တစ်နေ့မှာ ထင်းခွဲရင်း ထင်းစ အမေ့လက်ခလယ်ထဲ စူးနစ်ဝင်သွား၊ သွေးသံရဲရဲနှင့် ထိခိုက်အနာတရနှင့် မကြာမကြာကြုံတွေ့နေကြမို့ သာမန်ကိစ္စတစ်ခုလို အမေသဘောထား။ မေ့မေ့လျော့လျော့ မကြာလိုက်ပါ၊ ဒဏ်ရာကသတ္တိပြလာသည်။ မေးခိုင်ပိုးဝင်သွားသည်ထင့်။ ဒဏ်ရာရ လက်တစ်ဖက်လုံး တဆစ်ဆစ်နှင့်ကိုက်ခဲလာသည်။ ထိုမှတစ်ဆင့်တက် လည်ပင်းတွင် အကျိတ်အခဲတည်လာသည်။ တဖြည်းဖြည်းနှင့် ကြီးရင့်လာပြီး အနာလုံးကြီးများက အသက်ရှူလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်းကို ဒုက္ခပေးလာသည်။ တစ်ညည်းညည်းတညူညူနှင့် ဝေဒနာကိုနေ့နေ့ညညအပြင်းအထန်ကြိတ်မှိတ်ခံစားရင်း အမေကွယ်လွန်ခဲ့ရသည်။

အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ကြရစမြဲ။ လူ့ဘဝဓမ္မတာ၊ အမေ့ဘဝမှာသာ အမှုတစ်ရာမကပါ။ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေဟုဆိုရလောက်သည်။ ဘဝတစ်သက်တာလုံးမှာ ပူပင်သောကနှင့် ပင်ပန်းနွမ်းနယ်ရှိနေခဲ့ရသော အမေ။ ကြုံလာသမျှလောကဓံကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း သားသုံးယောက်အပေါ် တာဝန်ကျေလူလားမြောက်စေခဲ့သောအမေ။ စကားချိုသာ ပျူငှာယဉ်ကျေး နှစ်လိုဖွယ်အပြုံးနှင့် ဖော်ရွေတတ်သောအမေ။ တစ်ဖက်သားအပေါ် ငြိုငြင်စိတ်ထား အလျဉ်းမရှိ ပကတိဖြူစင် အရာရာကို အပြုသဘောနှင့် အကောင်းမြင် သည်းခံခွင့်လွှတ်နားလည်မှုပေးနိုင်စွမ်းသောအမေ။ ယခု အမေတစ်ယောက် ကောင်းမြတ်သော၊ ငြိမ်းချမ်းသော၊ မြင့်မြတ်သော ဘုံဌာနတစ်ခုဆီ အပြီးအပိုင်ထွက်ခွာသွားခဲ့ပါလေပြီ။ စေတနာမှန်လျှင် သံသရာထိတိုင် အခြေခိုင်မာ ကံကောင်းစမြဲပင် မဟုတ်ပါလော။ ။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပန်ဂျပ်ပြည်နယ်ရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာ





**အစ္စလာမ်မာဘတ် မေ ၉**

ပါကစ္စတန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၈ ရက် နံနက်ပိုင်းတွင် အစ္စလာမ်မာဘတ် ရဟတ်ယာဉ်ကွင်းမှတစ်ဆင့် ခိုင်ဘာပက်သွန်ခွာပြည်နယ် Tarbola မြို့ရှိ ပါကစ္စတန်တပ်မတော် Special Services Group (SSG) ဌာနချုပ်သို့ ရောက်ရှိကြသည်။

ထို့နောက် SSG ဌာနချုပ်ရှိ လေ့ကျင့်ရေးကွင်းတွင် ဓားစာခံကယ်တင်ခြင်း လက်တွေ့သရုပ်ပြသမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ရဟတ်ယာဉ်ဖြင့်ပန်ဂျပ်ပြည်နယ် Kamra ဒေသရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ (Pakistan Aeronautical Complex – PAC)သို့ သွားရောက်ကြပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။**(ဓာတ်ပုံ)**

ဆက်လက်၍ ပန်ဂျပ်ပြည်နယ် Taxila ဒေသရှိ Heavy Industries Taxila (HIT) ကို သွားရောက်လေ့လာကြသည်။

ညနေပိုင်းတွင် Taxila Museum ကိုလည်းကောင်း၊ ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် ယူနက်စကိုက သတ်မှတ်ထားသော လက်ရှိ Sirkap ဟု လူသိများသည့် Taxila မြို့ဟောင်းကိုလည်းကောင်း သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် အစ္စလာမ်မာဘတ်မြို့ရှိ ပါကစ္စတန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်သို့ သွားရောက်၍ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုရေးမြို့ရှိ ချိနာတောင်ပေါ်အပန်းဖြေစခန်းသို့ သွားရောက်လေ့လာ

**အစ္စလာမ်မာဘတ် မေ ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၉ ရက် နံနက်ပိုင်းတွင် အစ္စလာမ်မာဘတ်မြို့ Margalla Hill View Point သို့ ရောက်ရှိကြပြီး View Point မှ မြို့ရှုခင်းကို ကြည့်ရှုလေ့လာကြသည်။

အစ္စလာမ်မာဘတ်မြို့သည် Margalla Hill တောင်ခြေတွင် တည်ရှိပြီး မိုရေးမြို့၊ ကတ်ရှ်မီးယားတောင်တန်းများနှင့်ဆက်စပ်လျက်ရှိသည်။ Margalla Hill မှာလည်း လှပသောတောင်ပေါ်အပန်းဖြေစခန်းတစ်ခုဖြစ်ပြီး အစ္စလာမ်မာဘတ်မြို့၏ နောက်ခံရှုခင်းတစ်ခုအဖြစ် ထင်ရှားသည်။

ထို့နောက် မိုရေးမြို့သို့ ရဟတ်ယာဉ်ဖြင့် ထွက်ခွာပြီး မိုရေးမြို့ရှိ ချိနာတောင်ပေါ်အပန်းဖြေစခန်း (Chinar) သို့ ရောက်ရှိကြကာ အပန်းဖြေစခန်းနှင့် ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ မိုရေးမြို့ရှိ ချိနာတောင်ပေါ် အပန်းဖြေစခန်းတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (မြဝတီ)

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် မြို့နယ်တရားရုံးများနှင့် ရဲတပ်ဖွဲ့အချုပ်စခန်းများအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင်တရားသူကြီး လိုက်ပါလျက် မေ ၉ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကော့မှူးမြို့နယ် တရားရုံးနှင့် ကွမ်းခြံကုန်းမြို့နယ် တရားရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ တရားရုံးပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တရားသူကြီးချုပ်သည် ကော့မှူးမြို့မရဲတပ်ဖွဲ့ အချုပ်စခန်းနှင့် ကွမ်းခြံကုန်းမြို့မရဲတပ်ဖွဲ့ အချုပ်စခန်းများသို့သွားရောက်၍ အချုပ်သား၊ အချုပ်သူများနေထိုင်စားသောက်ရေး၊ ကျန်းမာရေးစသည့် ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကြံခင်းမြို့နယ်တွင် လေပြင်းတိုက်၊ အိုးအိမ်များပျက်စီး

**ကြံခင်း မေ ၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ခုံကြီးကျေးရွာအုပ်စုအတွင်း ကျေးရွာများတွင် မေ ၈ ရက် ညနေ ၆ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျမှု၊ သစ်ကိုင်းများကျိုး၍ နေအိမ်များပေါ်သို့ ပြုတ်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားသောကြောင့် အလယ်ရွာ၊ လက်ပံတိုက်ရွာ၊ တာရိုးကုန်းရွာ၊ လယ်မရွာ၊ လက်ပံကွင်းရွာ၊ ကျော်ငုံရွာတို့၌ ဘုန်းတော်ကြီးကျောင်းအဆောက်အအုံနှစ်ခု၊ စာသင်ကျောင်းတစ်ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ကျောင်း၊ အိမ်ခြေ ၁၆ အိမ် ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၆ စု လူဦးရေ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၃၂ ဦးတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုနှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီး ဦးစောဝင်းမင်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဘက်ရဲနယ်မြေရဲစခန်းမှူး ရဲအုပ် စိုးလွင်ကျော်နှင့် တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကူညီဆောင်ရွက်ပေးကာ သစ်ပင်သစ်ကိုင်းများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထို့အပြင် ပျက်စီးဆုံးရှုံးသော နေအိမ်များမှ မိသားစုဝင်များအား အနီးရှိ ဆွေမျိုးများအိမ်သို့ ရွှေ့ပြောင်းနေရာချထားပေးပြီး မေ ၉ ရက် နံနက်ပိုင်းတွင် မြို့နယ်တာဝန်ရှိသူများက ဆန်အိတ်များ လှူဒါန်းခဲ့သည်။ လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **(ဧရာဦးသာ)**

# အိမ်ရာစီမံကိန်းတွင် ရေ၊ မီး၊ ဆေးရုံ၊ စာသင်ကျောင်းစသည့် လိုအပ်ချက်များ ပြည့်စုံလုံလောက်စွာရရှိနိုင်ရေး စီစဉ်ဆောင်ရွက်

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းနှင့် ဆူးလေဆိပ်ကမ်းတို့မှ ပြည်ပသွင်းကုန်များကို ရေကြောင်းမှ သယ်ယူပြီး တိုင်းဒေသကြီးအတွင်းသာမက အနယ်နယ်အရပ်ရပ်သို့တင်ပို့နိုင်မည့် စက်မှုဝန်ကြီးဌာနပိုင် အင်းစိန်ဖော့ကန် ကုန်းတွင်းကုန်တင်ကုန်ချဆိပ်ကမ်း (Dry Port) တည်ဆောက်နေသည့် အခြေအနေကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းနှင့်တာဝန်ရှိသူများသည် မေ ၇ ရက် နံနက် ၁၀ နာရီတွင် သွားရောက်စစ်ဆေး၍ ဆွေးနွေးတိုင်ပင်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညွှန်ကြားမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် အင်းစိန်ပြည်သူ့ဆေးရုံ လူနာဆောင်တိုးချဲ့တည်ဆောက်မည့် စီမံကိန်းနှင့်ပတ်သက်၍ သွားရောက်စစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လှိုင်သာယာစက်မှုဇုန်ရှိ ဝန်ထမ်းများအား ငှားရမ်းပေးမည့် အိမ်ရာဆောက်လုပ်မှုများနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဒဂုံဆိပ်ကမ်းရှိ ဧရာဝဏ်-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း ဆောက်လုပ်မှုကို သွားရောက်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးများက အိမ်ရာစီမံကိန်းအနေဖြင့် တစ်ထပ်လျှင် ၂၄ ခန်းပါ ၁၈ ထပ်အဆောက်အအုံ စုစုပေါင်း ၄၉ လုံး တည်ဆောက်မည်ဖြစ်ရာ လျှပ်စစ်မီး၊ သောက်သုံးရေ၊ ဆေးရုံ၊ စာသင်ကျောင်းစသည့် လိုအပ်ချက်များ ပြည့်စုံလုံလောက်စွာ ရရှိနိုင်ရေးနှင့် ပတ်ဝန်းကျင်တွင်လည်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး စီစဉ်ရေးဆွဲဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးညွှန်ကြားမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

○ **ကျောဖုံးမှ**

လေးဂိုး-တစ်ဂိုး၊ မလေးရှားအသင်းကို လေးဂိုးပြတ်တို့ဖြင့် အနိုင်ရရှိကာ ခုနစ်မှတ်၊ ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ထိုင်းအသင်းမှာ အဖွင့်ပွဲတွင် ဩစတြေးလျအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း အင်ဒိုနီးရှားအသင်းကို ၁၀ ဂိုး-တစ်ဂိုး၊ လာအိုအသင်းကို ၁၂ ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးတွင် အိမ်ရှင်ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုး တို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ ငါးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ထိုင်းအသင်းနှင့်သုံးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် ပြီးခဲ့သည့် နှစ်ကြိမ်တွင် ၂၀၀၇ ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သော်လည်း ၂၀၁၁ ပြိုင်ပွဲ ဗိုလ်လုပွဲ၌ နှစ်ဂိုး-တစ်ဂိုးဖြင့် မြန်မာတို့ ရှုံးနိမ့်ခဲ့သည်။ ထိုင်းအသင်းမှာ ဗိုလ်လုပွဲအဆင့်သို့ သုံးကြိမ်မြောက် တက်ရောက်ခြင်းဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံတစ်ကြိမ်၊ ဒုတိယတစ်ကြိမ်နှင့် တတိယသုံးကြိမ်ရရှိထားသည်။ မြန်မာအသင်းမှာ ချန်ပီယံနှစ်ကြိမ်၊ ဒုတိယနှစ်ကြိမ် ရရှိထားသည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဆီမီးပွဲစဉ်နှင့် ၂၀၁၄ အာရှဖလားပြိုင်ပွဲအုပ်စုပွဲတို့၌လည်း တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းမှာ ယင်းနှစ်ပွဲစလုံး၌ ရှုံးနိမ့်ခဲ့သော်လည်း နောက်ဆုံးကစားခဲ့သည့် ၂၀၁၄ ဇူလိုင်လ၌ ကစားခဲ့သော ခြေစမ်းပွဲနှင့်ယခုပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံတွင် ကစားခဲ့သော ခြေစမ်းပွဲတို့တွင် မရှုံးအောင် ကစားနိုင်ခဲ့ပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဩစတြေးလျ ယူ-၂၀ အသင်းနှင့် ဆီမီးပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းနှင့် နိုင်လိုစိတ်ပြင်းထန်မှုတို့ကို ပြသနိုင်ခဲ့ပြီး ယခုဗိုလ်လုပွဲတွင်လည်း ယင်းကဲ့သို့ ကစားနိုင်ခဲ့ပါက ၂၀၀၇ နောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်နိုင်မည်ဖြစ်ပါကြောင်း။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ-လာအို ချစ်ကြည်ရေးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ လွန်နသမ်ပြည်နယ် လောင်းခရိုင် ဇင်းကုတ်မြို့နယ်တို့အား ဆက်သွယ်တည်ဆောက်ထားသည့် မြန်မာ-လာအို ချစ်ကြည်ရေးတံတား ဖွင့်ပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံဘက်ကမ်း ကမ်းကပ်ခုံရှိ ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တံတားပေါ်၌ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တံတားအလယ်ရှိ ဖွင့်ပွဲမဏ္ဍပ်သို့ သွားရောက်ပြီး ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိနှင့် မိုင်းဖုန်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသံဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် တံတားဖွင့်ပွဲ အခမ်းအနားကျင်းပမည့် တံတားအလယ်ရှိ မဏ္ဍပ်သို့သွားရောက်ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာကျူမာလီ ဆိုင်ညဆွန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က တံတားဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယခုချစ်ကြည်ရေးတံတားကို နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုဖြင့် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ထင်ရှားစွာပြဆိုလိုက်ခြင်းဖြစ်သည်ဟု ယုံကြည်မိပါကြောင်း။

ယခုချစ်ကြည်ရေးတံတား ဖွင့်ပွဲအခမ်းအနားသည် မိမိတို့နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ် (၆၀)ပြည့်မြောက်သည့် အခါသမယနှင့် ကြုံကြိုက်နေသည့်အတွက် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းတွင် ထင်ရှားသည့် သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံး၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှု တိုးမြင့်စေရေးအတွက် လာအိုနိုင်ငံနှင့် နှစ်နိုင်ငံချင်းသာမက ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင်ပါ နီးကပ်စွာ လက်တွဲဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း။

မြန်မာ-လာအို ချစ်ကြည်ရေး တံတားတည်ဆောက်မှုသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံမှ မြန်မာ-လာအို-ဗီယက်နမ် စကြံ့လမ်း ဖောက်လုပ်ရန် အဆိုပြုခဲ့ခြင်းမှ စတင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာ-လာအို နှစ်နိုင်ငံ အဖွဲ့များသည် နယ်စပ်တစ်လျှောက် ကွင်းဆင်းစစ်ဆေးပြီး တံတားတည်ဆောက်ရန် တံတားအူကြောင်း (၅)နေရာ လျာထားခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ ၂၀၁၂ ခုနှစ် မတ်လအတွင်းက သွားရောက်ခဲ့သည့် လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လာအိုနိုင်ငံပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား ချစ်ကြည်ရေးတံတား တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယခုအခါတံတားတည်ဆောက်ရေး လုပ်ငန်းများအားလုံးကို ၂၀၁၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် ပြီးစီးခဲ့သည့်အတွက် ယခုချစ်ကြည်ရေး တံတားကြီးကို နှစ်နိုင်ငံသမ္မတကြီးများက ယနေ့ ၂၀၁၅ ခုနှစ် မေလ ၉ ရက်နေ့ မင်္ဂလာအချိန်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးလိုက်ပြီး ဖြစ်ပါကြောင်း။

ယခုချစ်ကြည်ရေး တံတားကြီးသည် ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်းဆိပ်ကမ်းမှ လာအိုနိုင်ငံကိုဖြတ်ပြီး မြန်မာနိုင်ငံ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ဆက်သွယ်မည့် မြောက်ပိုင်း စီးပွားရေးစင်္ကြံပေါ်တွင် တည်ရှိသည့်အတွက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် တံတားကြီးတစ်စင်းဖြစ်ပါကြောင်း။

ယခုတံတားကြီးသည် ပထဝီဝင်အနေအထားအရ မိမိတို့အိမ်နီးချင်းနှစ်နိုင်ငံကို ပိုမိုနီးကပ်စေရန် ဆက်သွယ်ပေးနေရုံသာမက ပြည်သူအချင်းချင်း တစ်ဦးအပေါ် တစ်ဦး နားလည်မှု၊ ရိုင်းပင်းကူညီမှုနှင့် ပူးပေါင်း ဆောင်ရွက်တတ်သော စိတ်ဓာတ်များကိုပါ ချိတ်ဆက်ပေးမည့် တံတားတစ်စင်းဖြစ်ကြောင်း ခိုင်မာစွာယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်လွန်း ဆီဆုလစ်က တံတားဖွင့်ပွဲနှင့်စပ်လျဉ်း၍ ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတများသည် တံတားကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတများနှင့်အဖွဲ့ဝင်များသည် လာအိုနိုင်ငံဘက်ကမ်း နယ်စပ်ဖြတ်ကျော် စစ်ဆေးရေးဂိတ်၌ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြန်မာနယ်စပ်ဖြတ်ကျော် စစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူး တံတားကို ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး တံတားအမျိုးအစားမှာ သံမဏိ သံပေါင်အမျိုးအစား၊ တံတားအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းအကျယ် ၁ ဒသမ ၂ မီတာ၊ အမြင့် ၁၀ မီတာ၊ တံတားခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ပြီး တံတားအရှည် ၂၂၆၉ ဒသမ ၂၇ပေ ရှိကာ မြန်မာနိုင်ငံမှ အရှည် ၃၆၀ မီတာ တည်ဆောက်ခဲ့ပြီး လာအိုနိုင်ငံမှ အရှည် ၃၃၁ ဒသမ ၆ မီတာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကျိုင်းလပ်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ တာချီလိတ်မြို့သို့ရောက်ရှိကြသည်။ ထိုမှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းဖြင့် ဆက်လက် ထွက်ခွာခဲ့ရာ ကျိုင်းတုံမြို့သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာ- လာအို ချစ်ကြည်ရေးတံတား မြန်မာနိုင်ငံဘက်ကမ်း ကမ်းကပ်ခုံရှိ ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ မြန်မာ-လာအို ချစ်ကြည်ရေးတံတားအား ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုံရှမ်းဘာသာဖြင့် စိုက်ထူပူဇော်နေသည့် ပိဋကတ်သုံးပုံကျောက်စာတိုင်ကို စိုက်ထူပူဇော်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
*(သတင်း စာမျက်နှာ - ၈)* (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုံရှမ်းဘာသာဖြင့် ပိဋကတ်သုံးပုံ ကျောက်စာတိုင် စိုက်ထူပူဇော်

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ တာချီလိတ်မြို့သို့ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ပိဋကတ်တိုက်တော်သို့ ရောက်ရှိပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဂုံရှမ်းဘာသာဖြင့် စိုက်ထူပူဇော်နေသည့် ပိဋကတ်သုံးပုံ ကျောက်စာတိုင်ကို ရွှေသင်္ကန်းကပ်လှူ၍ စိုက်ထူပူဇော်ကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ မြန်မာ-လာအို ချစ်ကြည်ရေးတံတားပေါ်တွင် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ *(သတင်း စာမျက်နှာ - ၈)* (သတင်းစဉ်)

**✳ မန္တလေးမြို့မှ**

မှာတော့ အကြီးဆုံးနှစ်ချို့ပင်ကြီးဖြစ်ပါတယ်။ လေက ပြင်းတော့ အမြစ်က ကျွတ်ပြီးလဲကျသွားတာပါ။ ဖြစ်တဲ့အချိန်က ညသန်းခေါင်အချိန်ဆိုတော့ လူသွားလူလာရှင်းတဲ့အတွက် ထိခိုက်မှုတော့မရှိပါဘူး။ အခုနံနက်ပဲ လမ်းပေါ်ပိတ်နေတဲ့ အကိုင်းအခက်တွေကို စည်ပင်ဝန်ထမ်းတွေနဲ့ ကျွန်တော်တို့ ရပ်ကွက်နေပြည်သူတွေ ရှင်းလင်းနေကြပါပြီ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ လေပြင်းတိုက်ခတ်မှုကြောင့် မန္တလေး-ကျောက်ဆည် ကားလမ်းနံဘေးရှိ သစ်ပင်ကြီးများ လဲပြိုကြပြီး ကျောက်ဆည်အနီး တစ်ဝိုက်ရှိ သရက်ခြံများမှ သရက်သီးများ လမ်းမပေါ်တွင် ကြွေကျမှုများ ဖြစ်ပေါ်ခဲ့ကာ လူထိခိုက်သေဆုံးမှု မရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်းလုပ်ငန်းသဘောတူစာချုပ် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ချုပ်ဆိုနိုင်ရန် ဆောင်ရွက်သွားမည်

**အင်တာဗျူး**
**မြတ်သန္တာမောင်**



**စီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။** (ဓာတ်ပုံ-ထားဝယ် SEZ စီမံခန့်ခွဲမှုကော်မတီ)

**(ယမန်နေ့မှ အဆက်)**

**မေး။ ။ လက်ရှိမှာ ကနဦးစီမံကိန်း အကောင်အထည်ဖော်နိုင်ဖို့နဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှု အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။ ကနဦးစီမံကိန်းစတင်ဆောင်ရွက်တာနဲ့ နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ အညီဖြစ်ဖို့အတွက် နိုင်ငံတကာ အသိအမှတ်ပြု အကြံပေးအဖွဲ့ကို ငှားရမ်းပြီးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ စီမံကိန်းစီမံခန့်ခွဲသူ (Project Management Office-PMO) နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ သူတို့က စီမံကိန်းမှာ ပါဝင်ရမယ့်အချက်တွေ၊ ဆောင်ရွက်ရမယ့်လုပ်ငန်းသဘောတူ စာချုပ်တွေကို ပြုစုပါတယ်။ ပြီးတော့ Selective Bidding ခေါ်ယူတဲ့နေရာကိုဖြန့်ဝေပါတယ်။ အီတာလျံ-ထိုင်း စုပေါင်း ကုမ္ပဏီအဖွဲ့မှ ကနဦးစီမံကိန်း လုပ်ငန်းများအတွက် တင်ဒါကို ပြည့်ပြည့်စုံစုံတင်သွင်းလာတဲ့အတွက် အောက်တိုဘာ ၇ ရက် ကတည်းကစပြီး တစ်ဖက်နဲ့ တစ်ဖက် ညှိနှိုင်းဆွေးနွေးပါတယ်။ ဆွေးနွေးမှုတွေမှာ လိုအပ်တာတွေကို PMO က ကူညီဆောင်ရွက်ပါတယ်။

နှစ်ဖက်အသေအချာ ညှိနှိုင်းပြီးတော့ လုပ်ငန်းသဘောတူစာချုပ် (Concession Agreement)ကို ပြုစုလာခဲ့တာ ၂၀၁၅ခုနှစ် ဧပြီ ၁၀ ရက်မှာ လုပ်ငန်းသဘောတူ စာချုပ်မူကြမ်း (Draft Concession Agreement) ကို ပြုစုပြီးစီးခဲ့ပါတယ်။ အဲဒီနောက်မှာ စီမံကိန်းလုပ်ငန်းတွေနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ထံ ဖြန့်ဝေထားပြီး မကြာမီရက်ပိုင်းအတွင်းမှာ သူတို့ရဲ့ သဘောထားမှတ်ချက်ကို ကျွန်တော်တို့ ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ အကြံပြုချက်တွေကို အဓိကထားပြီး ကျွန်တော်တို့ ပြန်လည်ပြုစုမယ်။ ပြီးရင်လုပ်ငန်း သဘောတူစာချုပ် (Concession Agreement) အချောသပ်ရရှိလာမယ်။ ဒါကို ပြည်ထောင်စုအစိုးရထံတင်ပြပြီး အတည်ပြုမယ်။ အတည်ပြုပြီးရင် စီမံခန့်ခွဲမှုကော်မတီနဲ့ လုပ်ငန်းဆောင်ရွက်မယ့်သူအကြားမှာ လုပ်ငန်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးရင် ကနဦးစီမံကိန်းကို စတင်ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။ အကြမ်းဖျင်းအားဖြင့် အခုမေလတစ်လလုံး ဒါကို ပြင်ဆင်ပြီးရင်လာမယ့် ဇွန်လထဲမှာ လက်မှတ်ထိုးနိုင်ဖို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေပါတယ်။

**မေး။ ။ဒါဆိုရင် ထားဝယ် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်တဲ့နေရာမှာ အဓိက ကြုံတွေ့ရတဲ့ အခက်အခဲက ဘာတွေဖြစ်မလဲ။ မြန်မာနိုင်ငံမှာရှိတဲ့ အခြားစီးပွားရေးဇုန်တွေဖြစ်တဲ့ သီလဝါတို့ ကျောက်ဖြူတို့နဲ့ ယှဉ်လိုက်ရင် ကွာခြားချက်က ဘာတွေဖြစ်မလဲ။**

ဖြေ။ ။ ထားဝယ်အထူးစီးပွားရေးဇုန်ဟာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ကွာခြားပါတယ်။ သီလဝါက လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ သင်္ဘောဆိပ်တွေ၊ နိုင်ငံတကာ လေဆိပ်တွေနဲ့နီးပြီး လမ်းတွေလည်း ရှိပါတယ်။ ရန်ကုန်မြို့နဲ့လည်း နီးပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်ကို ရောက်ရှိနိုင်ဖို့အတွက်တော့ အခြေခံအဆောက်အအုံတွေလိုအပ်ပါတယ်။ ထားဝယ်မှာ လေဆိပ်ရှိပေမယ့် နိုင်ငံတကာ လေယာဉ်ကွင်းမဖြစ်သေးဘူး။ နိုင်ငံတကာလေဆိပ်ဖြစ်လာဖို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနကနေ ရည်မှန်းချက်ထားပြီး ဆောင်ရွက်နေပါတယ်။

ထားဝယ်အထူးစီးပွား ရေးဇုန်ကို အကောင်အထည်ဖော်တဲ့အခါမှာ စက်မှုဇုန်တင်မကဘဲ လမ်း၊ ဆိပ်ကမ်း၊ ရေပေးဝေရေးစနစ်၊ လျှပ်စစ်ဓာတ်အားပေးရေးစနစ်စတဲ့ အခြေခံအဆောက်အအုံတွေကို ထည့်သွင်းလုပ်ဆောင်ရတာဖြစ်တဲ့ အတွက် ဒါကိုလည်း အခက်အခဲတစ်ခု လို့ ပြောလို့ရပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန်က ၂၀၁၀မှာ စာချုပ်ချုပ်ပြီး လုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကို အသစ်ပြန်လည်ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းညှိနှိုင်းရတဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲအချို့လည်း ရှိပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရပါတယ်။ ပြီးတော့ ပြည်တွင်းလုပ်ငန်းရှင်တွေက အီတာလျံ-ထိုင်းရဲ့ စုပေါင်းလုပ်ငန်းအဖွဲ့ထဲမှာ တိုက်ရိုက်တော့ ပါဝင်လို့ မရတော့ပေမယ့် လုပ်ငန်းဆောင်ရွက်ရာမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ငွေကြေးထည့်ဝင်ဖို့၊ လုပ်အား စိုက်ထုတ်ဆောင်ရွက်ဖို့တွေပြုလုပ်နိုင်ဖို့လည်း ကျွန်တော်တို့ ညှိနှိုင်းထားပါတယ်။ တချို့ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့လည်း ဆွေးနွေးနေတဲ့အချက်တွေရှိပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်ကတော့ မြေနေရာအားဖြင့် ကျဉ်းပါတယ်။ အနီးဝန်းကျင်မှာ လူနေအိမ်ခြေစိပ်တဲ့အတွက် သိပ်ပြီးတော့ ချဲ့ထွင်လို့ မရပါဘူး။ ပြီးရင် သီလဝါမှာ ရေနက်ဆိပ်ကမ်းမရှိပါဘူး။ ဒါကြောင့် တန်ချိန် နှစ်သောင်းလောက်ရှိတဲ့ သင်္ဘောတွေပဲ ဆိုက်ကပ်နိုင်မယ်။ ထားဝယ်အထူးစီးပွားရေးဇုန်နေရာကတော့ ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်ပါတယ်။ မြေနေရာအားဖြင့်လည်း ဧက ငါးသောင်းလောက် ကျယ်ဝန်းပါတယ်။ လူနေထူထပ်မှုနည်းပါးတဲ့အတွက် စီမံကိန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ ထားဝယ်စီးပွားရေးဇုန်ရဲ့ အားသာချက်က ဘာတွေဖြစ်မလဲ။ မြန်မာနိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံတွေအပေါ် ဘယ်လို သက်ရောက်မှုတွေ ဖြစ်ပေါ်လာနိုင်မလဲ။**

ဖြေ။ ။ထားဝယ်အထူးစီးပွားရေးဇုန်ကနေဆက်သွယ်မယ့် မြန်မာ-ထိုင်း နယ်စပ်လမ်းကြောင်းဟာ မဟာမဲခေါင်ဒေသရဲ့ စီးပွားရေးစင်္ကြံလမ်းနဲ့ ဆက်သွယ်ပြီးတော့ ဗန်ကောက်ကနေတစ်ဆင့် ထိုင်းနိုင်ငံမှာရှိတဲ့အထူးစီးပွားရေးဇုန်တွေ၊ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားကနေ တစ်ဆင့် ပစိဖိတ်သမုဒ္ဒရာ၊ တောင်တရုတ်ပင်လယ်အထိကို ဆက်သွားတာဖြစ်ပါတယ်။ ဒါကြောင့်ထားဝယ်ဟာ စင်္ကြံလမ်းကြောင်းရဲ့ အနောက်ဘက်ဂိတ်တံခါးပေါက်ဖြစ်ပြီးတော့ အိန္ဒိယသမုဒ္ဒရာနဲ့ ဆက်စပ်တဲ့ ဘင်္ဂလားပင်လယ်အော်ရဲ့ ထွက်ပေါက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ထားဝယ်အထူးစီးပွားရေးဇုန်မှာ ရေနက်ဆိပ်ကမ်းပေါ်ပေါက်လာပြီဆိုရင် ဒီရေနက်ဆိပ်ကမ်းဟာ မဟာမဲခေါင်ဒေသ တောင်ဘက် လမ်းကြောင်းနဲ့ တစ်ဆက်တည်းဖြစ်ပြီး ပို့ဆောင်ရေးနဲ့ ကုန်စည်စီးဆင်းရေးရဲ့ အချက်အချာနေရာတစ်ခု ဖြစ်လာနိုင်ပါတယ်။ ပြီးရင် ဒီရေနက်ဆိပ်ကမ်းကနေ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနဲ့ အာဖရိကနိုင်ငံတွေအထိ သွားရောက်နိုင်ပါတယ်။

ဒီလမ်းကြောင်းကြောင့်မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်လာရုံသာမက ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံတွေဟာလည်း ဒီအကျိုးအမြတ်တွေကို ခံစားရမှာ ဖြစ်ပါတယ်။ မူလရေလမ်းကြောင်းဖြစ်တဲ့ မလက္ကာရေလက်ကြားကနေ တောင်တရုတ်ပင်လယ်ကို ဖြတ်သွားရတဲ့ လမ်းကြောင်းနဲ့ အခု ပေါ်ပေါက်လာမယ့် လမ်းကြောင်းအသစ်ဟာ အနည်းဆုံး အချိန် လေးရက်လောက် ကုန်စည်ပို့ဆောင်ရာမှာ သက်သာမှာဖြစ်ပါတယ်။ ရေနက်ဆိပ်ကမ်းမှာ အနည်းဆုံး တန်ချိန် သုံးသိန်းဆံ့ သင်္ဘောတွေ ဆိုက်ကပ်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဒါဆိုရင် ပင်မစီမံကိန်းလုပ်ငန်းကို ဘယ်အချိန်မှာ ဆောင်ရွက်မှာပါလဲ။**

ဖြေ။ ။ ကနဦးစီမံကိန်းလုပ်ငန်းတွေ အကောင်အထည် ပေါ်လာရင် ပင်မစီမံကိန်းကြီးကို တစ်ဆက်တည်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ (၈)နှစ်ကြာတဲ့ ကနဦးစီမံကိန်းပြီးတော့မှ ပင်မစီမံကိန်းကိုသွားမှာ မဟုတ်ပါဘူး။ ဇွန်လမှာလက်မှတ်ထိုးဖြစ်လို့ ကနဦး စီမံကိန်း စတင်ပြီဆိုတာနဲ့ ပင်မစီမံကိန်းအတွက်ကို အကြံပေးတွေ ခေါ်ယူမယ်။ ပြီးရင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ပြီးတော့ အခုလက်ရှိမှာ ပြုစုနေတဲ့ မဟာဗျူဟာစီမံကိန်းကို ချပြမယ်။ ပြီးရင် ကနဦးစီမံကိန်းဆောင်ရွက်နေတဲ့ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ ပင်မစီမံကိန်းရဲ့ ရေနက်ဆိပ်ကမ်းတွေ၊ အကြီးစားစက်မှုလုပ်ငန်းတွေ၊ သံမဏိစက်ရုံတွေ၊ ရေနံစက်ရုံတွေ၊ မြေသြဇာစက်ရုံ၊ သင်္ဘောကျင်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**(ကျေးဇူးတင်ပါတယ်။)**


| သမ္မတ | သွင် | မင်္ဂလာစံပြ | ဝင်းလိုက်(မှော်ဘီ) | ၈.၅.၂၀၁၅ ရက်မှစတင်၍ တစ်ပြိုင်တည်းပြသ | ရွှေဆောင်(၁) | မင်္ဂလာဒိုင်းမွန်း(မှော်ဘီ) | ပွဲချိန်သတိပြု | ၈.၅.၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသ |
|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | ၀၁-၃၇၂၅၉၄ ၀၉၇၃၂၅၅၆၀ | ၀၉၂၆၀၀၀၇၀၃၅ ၀၉၂၆၀၀၀၇၀၃၆ ၀၉၇၇၃၀၇၆၀၀၀ | ၀၂-၃၉၁၂၂ ၀၂-၆၀၂၉၁ | | ၀၁-၂၅၂၀၃ ၀၁-၃၈၈၈၀၃၄ ၀၁-၃၇၃၀၃၈၇ | ၀၉၄၃၀၂၅၆၅၆၃ ၀၉၄၃၀၂၅၆၅၆၂ | ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ | |






# မိုးဖြိုင်ဖြိုင်ရွာပါစေ

နွေရာသီ၏အပူရှိန်ကား ပြင်းထန်လှပါဘိ။ မနက်ပိုင်းနှင့် ညပိုင်းအချိန်များတွင် အပူချိန် အနည်းငယ်လျော့နည်း၍နေသာထိုင်သာရှိသော်လည်း မွန်းတည့်ချိန်နှင့် မွန်းလွဲချိန်များ၌ အပူချိန်မြင့်မားနေသည့်အတွက် နေမထိ ထိုင်မသာဖြစ်ကြရသည်။

စာရေးသူတို့ ရန်ကုန်မြို့၌သာ ရာသီဥတုပူသည်ဟုထင်မိသော်လည်း မကြာသေးမီရက်ပိုင်းလောက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့သို့ အလည်တစ်ခေါက်ရောက်ခဲ့ရာ ထိုမြို့၌လည်း မနက်ပိုင်းနှင့် ညပိုင်းတွင်သာနေထိုင်၍ကောင်းသည်။ နေ့လယ်ပိုင်းအချိန်တွင် "ပူတာပါပဲ"ဟုပြောရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အပူရှိန်များမြင့်တက်လာမှုကြောင့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ မြင့်တက်လျက်ရှိရာ မြန်မာပြည်၏တိုင်းဒေသကြီးနှင့်ပြည်နယ် နေရာအနှံ့အပြားကျရောက်နေသည့်အတွက် ဖြစ်လေသည်။

ကမ္ဘာကြီး၏ဂေဟစနစ် ပျက်ယွင်းလာမှု၊ သဘာဝသစ်တောများပြုန်းတီးလာမှု၊ စက်ရုံ၊ အလုပ်ရုံများစွာ၏ ဘေးထွက်ဆိုးကျိုးများ စသောလူသားတို့၏ပယောဂအကြောင်းတရားများစွာကြောင့် အိုဇုန်းလွှာပျက်စီးလာခြင်းနှင့်အတူ ကမ္ဘာ့လူသားများထံသို့ ဆိုးကျိုးအမျိုးမျိုး သက်ရောက်လာရခြင်းဖြစ်သည်။ ယခုနှစ် မတ် ၂၀ ရက်၌ မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့ပေါ်သို့ ကျရောက်သည့် ခရမ်းလွန်ရောင်ခြည်သည် တစ်နိုင်ငံလုံးတွင် အမြင့်မားဆုံးဖြစ်သည့် UV Index ၁၄ ဒသမ သုညထိ ဖြစ်ပေါ်နေကြောင်း ဖတ်လိုက်ရသည်။ အီကွေတာနှင့်နီးကပ်စွာ တည်ရှိသည့်အတွက် ကော့သောင်းမြို့မှာ အပူဒဏ်လွန်ကဲမှုကို ပို၍ခံစားရခြင်းဖြစ်သည်။

စာရေးသူ၏ဇာတိမှာ အညာဒေသ မိတ္ထီလာမြို့ဖြစ်ရာ အညာဒေသကို ယခင်တုန်းက မိုးခေါင်ရေရှားရပ်ဝန်းဒေသဟုခေါ်ဝေါ်ကြသည်။ မိတ္ထီလာမြို့သည် အညာဒေသဖြစ်သော်လည်း တမာပင်၊ ကုက္ကိုပင်၊ ထနောင်းပင်တို့များစွာရှိခြင်းကြောင့် အပူဒဏ်လွန်ကဲစွာမခံစားရဟု စိတ်ထဲမှာထင်မှတ်ခဲ့သည်။ ယခင်တုန်းက အညာဒေသ၏အပူရှိန်များမှာ ယခုလက်ရှိခံစားနေရသည့် အပူရှိန်များလောက်မပြင်းထန်ပေ။ မှတ်မိသေးသည်။ စာရေးသူကလေးဘဝက မိတ္ထီလာမြို့တွင် သီလရှင်တစ်ပါး အပူဒဏ်မခံနိုင်၍ ခြင်ထောင် ရေစွတ်ပြီး ညအိပ်ရာ မနက်မိုးအလင်း ခန္ဓာကိုယ်တောင့်တင်းပြီးသေလွန်သည်ဟု လူကြီးများပြောခဲ့သည်ကို အမှတ်ရမိသည်။ ထို့အတူ အသက်ငါးဆယ်အရွယ် အမျိုးသားတစ်ယောက် ဖျာကိုရေစွတ်၍ ညအိပ်ရာ မနက်တွင်သေဆုံးခဲ့သည်ဟု ကြားခဲ့ရဖူးသည်။ ရန်ကုန်မြို့ ဈေးအတွင်း ဆိုက်ကားသမားတစ်ယောက် နေပူထဲမျက်နှာသစ်၍ လက်ကိုင်ပဝါအုပ်ပြီး ဆိုက်ကားပေါ်အိပ်ငိုက်နေရာမှ အသက်ကုန်သွားခဲ့သည်။ စာရေးသူ၏မိတ်ဆွေတစ်ယောက် တစ်နေကုန်စိုက်ပျိုးခင်းထဲ အလုပ်လုပ်ရာ ခြံထဲမှပြန်လာပြီး ခြေထောက်ရေဆေးမိသည်။ မောမောပန်းပန်းဖြင့် အိပ်ပျော်ရာမှ နိုးလာသည်အခါ မျက်စိထဲအမှောင်ထုလွှမ်းပြီး အမြင်အာရုံကွယ်ပျောက်သွားတော့သည်။ ဆေးကုသ၍မရတော့ပေ။

နေပူထဲမှပြန်အလာ မဆင်မခြင်အနေအထိုင် သတိမရှိမှုကြောင့် ကျန်းမာရေးချို့ယွင်းသွားခြင်းမှ အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်တတ်ရာ များစွာသတိပြုရမည်။ အထူးသဖြင့် မြို့ပြလူထုအတွက် လေအေးစက်ဖြင့်နေရသည့် အိမ်၊ တိုက်ခန်း၊ ရုံးခန်းများမှ ရုတ်တရက် အခန်းအပြင်သို့ထွက်ပြီး ပြင်ပမှအပူရှိန်နှင့်တွေ့ထိ၍ ဒုက္ခများတတ်သည်။ စာရေးသူ၏အစ်ကိုပြောပြဖူးသည်ကို သတိရ၍ပြောပြချင်သေးသည်။ ရေနံမြေမှ အင်ဂျင်နီယာတစ်ယောက်သည် အချိန်များစွာ နေပူထဲအလုပ်လုပ်ရာမှ လေအေးစက်ပေးထားသည့် အလုပ်ခန်းထဲ ရုတ်တရက်ဝင်သွားရာ

> **ယခုလက်ရှိခံစားနေရသော အပူဒဏ်လျော့ပါးလာနိုင်အောင်ပြုလုပ်နိုင်သည့် နည်းလမ်းမှာ မိုးရွာသွန်းခြင်းမှ တစ်ပါး အခြားမရှိနိုင်။ ပြေလကုန်ခါနီး ရန်ကုန်မြို့တွင်းသို့ မိုးရွာသွန်းသည်ဟု . . . . .**

## ခင်လပြည့်ဝန်း

နေရာမှာပင် လဲကျ၍ ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးခဲ့သည်။ ယခုနေ့ရက်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် အပူချိန်များမြင့်တက်လာမှုကြောင့် မြောက်ဥက္ကလာပမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် နေထိုင်သော အမျိုးသားသုံးဦး ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးခဲ့ကြောင်း သတင်းတစ်ပုဒ်ဖတ်လိုက်မိသည်။ သေဆုံးသွားကြသူများမှာ နေပူထဲလမ်းလျှောက်လာရာက ရုတ်တရက်လဲကျသေဆုံးသူ၊ နေပူထဲဆိုက်ကားနင်းရာမှ နားလိုက်စဉ် ဦးနှောက်သွေးကြောပြတ်သေဆုံးသူ၊ မွန်းလွဲပိုင်းတွင် မြေကျင်းတူးရာမှနားနေစဉ် သေဆုံးသူများဖြစ်ကြရာ အသက်အရွယ်အားဖြင့် (၆၅) နှစ် အရွယ် အမျိုးသားတစ်ယောက်၊ (၃၅) နှစ်အရွယ် အမျိုးသားနှစ်ယောက်တို့ဖြစ်ကြသည်။ နေပူထဲတွင်မဖြစ်မနေသွားလာရမည်ဆိုပါက သတိပြုလိုက်နာရမည့် အချက်များကို နေ့စဉ်ထုတ်သတင်းစာများနှင့် ရေဒီယို၊ ရုပ်သံလိုင်းများမှ ထုတ်ပြန်ပေးနေသည်ကို ကြည့်ရှုလိုက်နာစေချင်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးကြိုကာလဖြစ်သောကြောင့် အပူရှိန်မြင့်မားလာခြင်းဖြစ်ပြီး လက်ရှိအပူရှိန်ထက် ပိုမိုနိုင်ခြေ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း အထိ ရှိလာနိုင်ကြောင်း၊ မြန်မာနိုင်ငံ မြောက်ဘက်နှင့် တောင်ဘက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ရရှိလာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်၏သုံးသပ်ပြောကြားချက်ကိုလည်း ဂျာနယ်တစ်စောင်တွင် ဖတ်လိုက်မိသည်။

ယခုလက်ရှိခံစားနေရသော အပူဒဏ် လျော့ပါးလာနိုင်အောင်ပြုလုပ်နိုင်သည့် နည်းလမ်းမှာ မိုးရွာသွန်းခြင်းမှတစ်ပါး အခြားမရှိနိုင်။ ပြေလကုန်ခါနီး ရန်ကုန်မြို့တွင်းသို့ မိုးရွာသွန်းသည်ဟု မည်ကာမတ္တသာဖြစ်ခဲ့ရ၍ အပူမငြိမ်းနိုင်။ လွန်ဆွဲလျှင်ပင် ကောင်းမည်လားဟုတွေးမိ၏။ မိုးဖြိုင်ဖြိုင် ရွာသွန်းမှသာလျှင် အပူရှိန်လျော့ပါးမည်။ မြန်မာပြည်၏ နေရာဒေသအချို့ရေရှားပါးခြင်းမှ ကင်းဝေးမည်၊ လူအများ၏ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစေရန်အလို့ငှာ "မိုးဖြိုင်ဖြိုင်ရွာသွန်းဖြိုးပါစေ" ဟု ဆုတောင်းရုံမှတစ်ပါး မတတ်နိုင်တော့ပြီ။ ။

## ရုပ်မြင်သံကြားအစီအစဉ်

၁၀ - ၅ -၂၀၁၅ (တနင်္ဂနွေနေ့)

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၅ | ဓမ္မပူဇာတေး |
| ၆း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | စိုက်ပျိုးသုတ |
| ၈း၂၅ | DVD Hits |
| ၈း၃၅ | အင်္ဂလိပ်စာသုတ |
| ၈း၅၅ | မြန်မာပြည်တွင်ထုတ်လုပ်သည် |
| ၁၁း၀၀ | English For Myanmar |
| ၁၂း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မိုးရေထဲမှာ |
| ၁း၁၉ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စက်ရုပ်ချစ်သူ အပိုင်း(၁၇) |
| ၄း၂၅ | လျှပ်တစ်ပြက် |
| ၄း၃၅ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| ၄း၅၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၂၅) |
| ၆း၁၀ | ဘဝကြေးမုံ |
| ၆း၃၅ | လူစွန့်စားခရီးသွားနေသည် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင့်ဆီ အပိုင်း(၃၅)နိုင်ငံတကာသတင်း - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာဖွဲ့ကြိုး အပိုင်း(၄၆) |

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series (Go Go Giggles) |
| ၈း၄၀ | Cartoon Series (Go Torara Go) |
| ၉း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၆၃) |
| ၉း၄၀ | Weekly Sports Diary |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ |
| ၁၀း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၁း၁၀ | Star တို့ရဲ့လက်ရာ |
| ၁၁း၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၂၃+၂၄) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မြင့်မိုရ်ထက်မက (အပိုင်း-၁)] |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၅) |
| ၃း၄၅ | သင့်အတွက်ကမ္ဘာပေါ်တွင် အခြားသူများထက် များစွာ ပေးဆပ်ခဲ့သည့်ပုဂ္ဂိုလ် (သို့) အမေ |
| ၅း၀၀ | အတွေးမျှဦးပြိုင်များ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၆) |
| ၇း၁၅ | Fashion Week (Designer Nyo Mar Thant) |
| ၇း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မြင့်မိုရ်ထက်မက (အပိုင်း-၂)] |
| ၈း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၆၄) |
| ၉း၁၀ | Guess It ! |
| ၉း၃၅ | Sunday Talk (ကပ္ပတိန်မျိုးဇင်မောင်၊ မျိုးမြတ်သူ) |
| ၁၀း၁၅ | MRTV-4 Stage |
| ၁၀း၄၀ | World of Knowledge (I Predator- Great White) |
| ၁၁း၂၅ | မဇ္ဈိမဒေသ သံဝေဇနီယလေးဌာန |
| ၁၁း၅၀ | "ဝိသုဒ္ဓိဒါန (၄)ပါး" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသိရီ) |
| ၁း၃၀ | Spain Laliga Celta de Vigo Vs Sevilla (LIVE) |
| ၃း၃၀ | Sunday Talk (ကပ္ပတိန်မျိုးဇင်မောင်၊ မျိုးမြတ်သူ) |
| ၄း၁၀ | World of Knowledge (I Predator- Great White) |

### mitv

- The Man and The Elephant
- Human Rights & Human Diginty International Film Festival: "Pencil"
- Moyingyi Wildlife Sanctuary
- Myanmar Betels
- Snow Flakes…Scenic Confluence…To Kachin State
- Green Grocer
- Home Grown Treasure
- Food Trip (Ep-5) (Part-1)
- Today Myanmar (Traffic & Accidents)
- Creator Of Imagination
- Myanmar Masterclass "Caricature"
- Great Shwedagon: Historic And Mysterious Places
- Will you feed the pigeons
- News
- Unique & Motivating Chap Char Kut Festival
- Local Tour Guide: Pho Khant
- The Eel Business (Fisherman the eel culture)
- Life of Sea Urchin Diver
- Porcelain and Glass
- Ruili City With Mon Yee
- Entrepreneur: Chaw Khin Khin
- Philatelic Pleasure

# လပွတ္တာမြို့နယ်ရှိ လယ်ယာမြေများ မိုးရာသီ ရေကြီးနစ်မြုပ်မှုဒဏ်မှကာကွယ်ရန် ရေတံခါးများတည်ဆောက်ပြီးစီး

**လပွတ္တာ မေ ၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်ရှိ လယ်ယာမြေများ မိုးရာသီကာလတွင် ရေကြီးနစ်မြုပ်မှုဒဏ်မှ ကာကွယ်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ လပွတ္တာမြောက်ကျွန်းတာရှိ ခနိချောင်းရေတံခါးနှင့် ဝဲထောင့်-နလင်ကျော်-သက်န်းလေး ဆက်သွယ်ရေးလမ်းတာရှိ ဝဲထောင့်ရေတံခါးတို့အား တည်ဆောက်ပြီးစီးခဲ့ကြောင်းသိရသည်။

ခနိချောင်းရေတံခါးမှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောက်လုပ်ခဲ့ကာ (၄ ပေ× ၄ပေ-၇ပေါက်)ရေတံခါးဖြစ်ပြီး ဝဲထောင့်တံခါးမှာ ၂၀၁၅ ဇန်နဝါရီတွင် စတင်ဆောက်လုပ်ခဲ့ပြီး (၄ ပေ× ၄ပေ-၄ပေါက်)ရှိ ရေတံခါးဖြစ်ကြောင်း သိရသည်။ အဆိုပါရေတံခါးများမှာ သံကူကွန်ကရစ် အမျိုးအစား ရေတံခါးများဖြစ်ပြီး ၂၀၁၅ ခုနှစ် မိုးရာသီမတိုင်မီ အချိန်မီပြီးစီးအောင် တည်ဆောက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

"ရေထိန်းတံခါးတွေထားရတဲ့ အကြောင်းက တာအတွင်းမှာရှိတဲ့ စိုက်ပျိုးလယ်မြေတွေက မိုးတအားများလာရင် ကွင်းရေကများတယ်။ ကွင်းရေကလိုအပ်တာထက်ပိုလို့ရှိရင် ကွင်းရေထက် မြစ်ရေက နိမ့်တဲ့အချိန်မှာ ရေတံခါးပေါက်တွေဖွင့်ပြီးတော့ ကွင်းထဲက ရေတွေ လျှော့ပေးတယ်။မိုးကုန်လို့ရှိရင် ပင်လယ်ရေကတဖြည်းဖြည်းငန်လာတယ်။ တာအတွင်းထဲမှာ စိုက်ပျိုးထားတဲ့ လယ်မြေတွေကို ရေငန်မဝင်အောင်လို့ ရေတံခါးပေါက်တွေ ပိတ်ပေးတယ်။ အဓိကရေငန်ထိန်းတာရယ်၊ ကွင်းရေလျှော့တာရယ်က ရေထိန်းတံခါးတွေရဲ့ အဓိကလုပ်ဆောင်ချက်တွေပဲ လယ်သမားတွေအတွက် လယ်ယာစိုက်ပျိုးရေးကို အထောက်အကူပြုစေပါတယ်' ဟု ဆည်မြောင်းဦးစီးဌာန ပုသိမ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းကပြောသည်။

ခနိချောင်းရေတံခါး တည်ဆောက်ခြင်းကြောင့် ခနိချောင်းရေတံခါးနှင့် ဆက်စပ်လျက်ရှိသည့် လေးဆိပ်၊ သဲဖြူနှင့် ကျောက်မှော် ကျေးရွာအုပ်စုများရှိ လယ်မြေဧက နှစ်ထောင်ခန့်မှာ မိုးတွင်းကာလ မုတ်သုံမိုးရက်ဆက် ရွာသွန်းခြင်းကြောင့် စိုက်ခင်းပျိုးခင်းများ ရေကြီးနစ်မြုပ်မှုဒဏ်မှ လျော့နည်းစေမည်ဖြစ်သည်။

အလားတူပင် ဝဲထောင့် ရေတံခါးနှင့် ဆက်စပ်နေသော ဝဲထောင့်၊ နလင်ကျော်၊ သက်န်းကြီး၊ သက်န်းလေး၊ ဆင်ခြေရာ ကျေးရွာများရှိ လယ်မြေဧက ၃၀၀၀ခန့်မှာလည်း စိုက်ပျိုးရာသီ ကွင်းအတွင်းမှ ပိုလျှံရေကို အချိန်မီ ထုတ်နုတ်နိုင်မည်ဖြစ်သဖြင့် မိုးစပါးစိုက်ခင်းများ ကောင်းစွာဖြစ်ထွန်းရှင်သန်နိုင်တော့မည်ဖြစ်၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး၌ မိုးရာသီကာလများတွင် ထူးကဲမိုးရွာသွန်းမှုများကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လေ့ရှိသည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး လယ်ယာမြေများ နှစ်စဉ်ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ လပွတ္တာခရိုင်တွင်လည်း လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်ရန် ရေတံခါး ၃၄ ခုတည်ဆောက်ပြီးဖြစ်ကြောင်းသိရသည်။

**သီသီမင်း**

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၉**

တိုင်းရင်းသားတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းမျှဝေပေးနေသည့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော် ရေဆင်း တက္ကသိုလ်များနယ်မြေ၌ မေ ၇ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့တွင် တတိယမြောက်နေ့သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မေ ၉ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးတက္ကသိုလ်စုဝေးခန်းမ၌ အဆို(မဟာဂီတ)ပြိုင်ပွဲတွင် ဝါသနာရှင် (ပထမတန်း)(အမျိုးသမီး)၊ အခြေခံပညာအသက်(၁၅-၂၀)(အမျိုးသမီး) နှင့် အဆင့်မြင့်ပညာ(အမျိုးသား) အဆင့်ပြိုင်ပွဲများကျင်းပခဲ့ရာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက မိမိတို့ မဲကျရာ တေးသီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



ရှမ်းပြည်နယ်မှ မဆုဆုမွန်ထက် အဆို(မဟာဂီတ)ပြိုင်ပွဲဝင်နေစဉ်။

ထို့နောက် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ကျင်းပသည့် အဆို (ကာလပေါ်)ပြိုင်ပွဲတွင် ဝါသနာရှင် (ပထမတန်း)အမျိုးသမီး၊ အခြေခံပညာ အသက်(၁၅-၂၀)(အမျိုးသား)၊ အဆင့်မြင့်ပညာ(အမျိုးသမီး)အဆင့် ပြိုင်ပွဲများကို အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြသည်။

ဆက်လက်ပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမတွင် အကပြိုင်ပွဲများဖြစ်သည့် ဝါသနာရှင် (ဒုတိယတန်း)အမျိုးသမီး၊ အခြေခံပညာ အသက်(၁၅-၂၀)(အမျိုးသား)၊ အခြေခံပညာအသက်(၁၀-၁၅)(အမျိုးသား)အဆင့်ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ပြိုင်ပွဲဝင်များက လှပဆန်းသစ်သော ကကြိုးကကွက်များဖြင့် ကြိုးစားယှဉ်ပြိုင်နေကြသည်။



အရေးပြိုင်ပွဲဝင်တစ်ဦး တေးသီချင်းလေ့ကျင့်နေစဉ်။

ထို့နောက် အတီးပြိုင်ပွဲများအဖြစ် ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲများကို သစ်တောသုတေသန စုဝေးခန်းမတွင်လည်းကောင်း၊ ပတ္တလားအတီးပြိုင်ပွဲများကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမတွင်လည်းကောင်း၊ တယောပြိုင်ပွဲများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမတွင်လည်းကောင်းကျင်းပခဲ့ရာ ဝါသနာရှင် (ပထမတန်း)(အမျိုးသား)အဆင့်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက မဲဇာတောင်ခြေ(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ မယ်ဒလင်တီးပြိုင်ပွဲများကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်လည်းကောင်း ဆက်လက်ကျင်းပခဲ့ရာ ဝါသနာရှင် (ပထမတန်း) (အမျိုးသား)အဆင့်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက နန်းသီဟို (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက ရေယမုံ(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း အသီးသီးပြိုင်ပွဲဝင်ခဲ့ကြကြောင်း သိရသည်။





ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်မြနှင်းရည် အတီး (မယ်ဒလင်) ပြိုင်ပွဲဝင်နေစဉ်။





စစ်ကိုင်းတိုင်းဒေသကြီးမှ မဇာဇာဝင်း အကပြိုင်ပွဲဝင်နေစဉ်။

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထမြောက်နေ့ကို မေ ၁၀ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - ခင်ခင်သက်၊ ဖြိုးစန္ဒာမြင့်
ဓာတ်ပုံ - ကိုကိုနေ

---

**မြန်မာ့ရိုးရာသုခုမယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်းသယ်ဆောင်၍ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြသည့် ပညာရှင်၊ ဝါသနာရှင်များ၏ အရည်အသွေးစွမ်းဆောင်ရည်တို့ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်သော မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ပွဲကျင်းပသည့်ရက် ထက်ဝက်တိုင်ခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲတွင်အနုပညာရှင်တို့၏ မိမိတို့အားထုတ်ကြိုးပမ်းဆည်းပူးလေ့ကျင့်ခဲ့သော ဖွဲ့လုံ့လရလဒ်ကို ရင်ခုန်စွာမျှော်လင့်နေကြပြီဖြစ်သည်။ သို့ဖြစ်ပါ၍ ပြိုင်ပွဲဝင်များ၏ ရင်ခုန်သံကို ကြေးမုံပရိသတ်ကြီးထံ မျှဝေလိုက်ရပါသည်။**

# တာဝန်ကျေကြသည့်ပြိုင်ပွဲ



**ဆောင်းနှင်းဦး**
**မဟာဂီတ**
**အခြေခံပညာ အသက်(၁၅-၂၀)(အမျိုးသမီး)အဆိုပြိုင်ပွဲဝင်**

သမီးကတော့ ငါးတန်းလောက်ကတည်းက မဟာဂီတကို စိတ်ဝင်စားခဲ့တာပါ။ ဝါသနာပါတော့ ကျောင်းက ဆရာမတွေက သင်ပေးပြီး တိုင်းအဆင့်ပြိုင်ပွဲတွေမှာ (၁၈)ကြိမ်မြောက်ကတည်းကစပြီး နှစ်စဉ်ပြိုင်ဖြစ်တယ်။ နိုင်ငံတော်အဆင့်ကိုတော့ ဒီနှစ်မှ တက်ရောက်ခွင့်ရခဲ့တာပါ။ သမီးက "မိုးလုံးပတ်လည်"သီချင်းနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ပထမဆုံးဆိုတော့ စိတ်လှုပ်ရှားခဲ့တယ်။ ယှဉ်ပြိုင်ခဲ့မှုအပေါ် ၇၀ ရာခိုင်နှုန်းလောက်တော့ အားရပါတယ်။ ဆုလည်းလိုချင်ပါတယ်။



**ဦးအောင်ကျော်ဌေး**
**ဝါသနာရှင်(ဒုတိယတန်း)**
**အရေးပြိုင်ပွဲဝင်**

ကယားပြည်နယ် ကိုယ်စားပြုလာရောက်ယှဉ်ပြိုင်တာပါ။ ဒီနှစ်မှ စပြိုင်ဖြစ်တာပါ။ ပြည်နယ်အဆင့်ပြိုင်ပွဲအတွက် ၂၀၁၄ ဩဂုတ်၊ စက်တင်ဘာလလောက်ကတည်းက စလေ့ကျင့်ခဲ့တာ။ ပထမဆုံးအကြိမ်ပြိုင်ရတာဆိုတော့ စိတ်လှုပ်ရှားမိတာအမှန်ပဲ။ အကောင်းဆုံးကြိုးစားထားတာမို့ ဆုရဖို့တော့မျှော်လင့်ထားတယ်။

ဒီနှစ်ယှဉ်ပြိုင်ရတဲ့ သီချင်းခေါင်းစဉ်ကတော့ "ထိန်းသိမ်းစို့လေ ရိုးရာအမွေ"ဖြစ်ပါတယ်။ သီချင်းစာသားရေးရတယ်။ သံစဉ်ထည့်ရတယ်။ ပြီးသွားရင် တီးပေးမယ့်စန္ဒရားပညာရှင်ရယ်၊ အဆိုရှင်ရယ်နဲ့ ကိုယ့်သီချင်းကို ပြန်တိုက်ရတယ်။ ၁၁ ရက်မှ အပြီးသတ်ပြိုင်ရမှာ။ ပြိုင်ပွဲကာလမှာ အခက်အခဲကတော့ သီချင်းတိုက်ဖို့ အချိန်ပေးပြီး စောင့်နေရတယ်။ ပြိုင်ပွဲဝင်တွေ အလှည့်ကျလေ့ကျင့်ရတော့ လေ့ကျင့်ခွင့်ရတဲ့ အကြိမ်အရေအတွက်နည်းနေတယ်။ သံစဉ်ထည့်ပေးတဲ့ပညာရှင်တွေ၊ အတီးပညာရှင်တွေကို အခုထက်ပိုပြီး ပံ့ပိုးပေးစေချင်တယ်။ အရင်က နိုင်ငံတော်အဆင့်ကဗျာပြိုင်ပွဲတွေမှာ ဆုတွေရခဲ့ဖူးတယ်။ အဲလို ကဗျာတွေရေးတာကတစ်ဆင့် သီချင်းတွေရေးတာ ဝါသနာပါလာပြီးတော့ အခုလိုပါဝင်ယှဉ်ပြိုင်ဖြစ်တာပါ။ ဒီမြန်မာ့ရိုးရာသုခုမအနုပညာရပ်တွေကို အခြေခံပညာကျောင်းတွေမှာ မူလတန်းကနေစပြီးတော့ သင်ရိုးတွေနဲ့ တွဲဖက်သင်ကြားပေးမယ်ဆိုရင် လူငယ်တွေလည်း စိတ်ဝင်စားလာပြီး တိုင်းတစ်ပါးယဉ်ကျေးမှုတွေရဲ့ ထိုးဖောက်တဲ့ဒဏ်ကနေလည်း အထိုက်အလျောက်ကာကွယ်ပြီးသားဖြစ်မှာပါ။



**ဖြူးဗိုလ်မ**
**ဝါသနာရှင်(ဒုတိယတန်း)**
**(အမျိုးသမီး)အဆင့် အကပြိုင်ပွဲဝင်**

ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုလာရောက်ယှဉ်ပြိုင်တာပါ။ အရင်က ဆုရခဲ့ဖူးပါတယ်။ (၁၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတုန်းက ငွေတံဆိပ်ရခဲ့ပါတယ်။ ဒီနှစ်တော့ ငါးမိနစ်စာ ယှဉ်ပြိုင်ရတယ်။ သီချင်းတစ်ပုဒ်တည်းကိုပဲ ထပ်ခါထပ်ခါ ကျေညက်အောင် လေ့ကျင့်ထားရတာပါ။ သမီး ပထမဆုံးယှဉ်ပြိုင်ဖို့ မဲကျခဲ့တော့ စိုးရိမ်စိတ်ဝင်ခဲ့သေးတယ်။ ဒါပေမယ့် ဒီနေ့ယှဉ်ပြိုင်ခဲ့မှုအပေါ်မှာ တကယ့်ကိုအားရပါတယ်။ ရွှေတံဆိပ်ဆုရဖို့လည်း မျှော်လင့်ထားပါတယ်။ မနှစ်က ပြိုင်ပွဲဝင်(၂၂)ဦး ရှိခဲ့ပေမယ့် ဒီနှစ်တော့ ကိုးဦးပဲ လာပြိုင်တယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းတဲ့ အနေနဲ့ လူငယ်တွေ ဒီလိုပြိုင်ပွဲတွေကို ပါဝင်ယှဉ်ပြိုင်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးတင်မောင်ဌေး**
**ဝါသနာရှင်(ပထမတန်း)(အမျိုးသား)**
**မယ်ဒလင်တီးပြိုင်ပွဲဝင်**

ကျွန်တော်က မကွေးတိုင်းဒေသကြီး စလင်းမြို့က လာရောက်ယှဉ်ပြိုင်တာပါ။ (၁၁)ကြိမ်မြောက်နဲ့ (၁၇)ကြိမ်မြောက်မှာ တတိယဆုနှစ်ကြိမ် ရဖူးပါတယ်။ အခက်အခဲတွေရှိပေမယ့်လည်း ဝါသနာပါတဲ့ပညာရပ်ဖြစ်တာကြောင့် နှစ်စဉ်ပါဝင်ယှဉ်ပြိုင်ဖြစ်ပြီး ဆုရဖို့လည်းမျှော်လင့်ပါတယ်။

ဒီနှစ်ပြိုင်ပွဲမှာ အရင်နှစ်တွေကလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒိုင်တွေမပါရှိတော့ပေမယ့် ပညာရှင်ကြီးတွေ အကဲဖြတ်ပေးတာမို့ ပိုကောင်းမယ်လို့ထင်ပါတယ်။ ပြိုင်ပွဲဝင်တချို့ အချိန်ပြောင်းလဲကျင်းပတာကြောင့် အဆင်သင့်မဖြစ်သေးဘဲ အခက်အခဲတွေရှိနေတာမို့ ဝင်မပြိုင်ဖြစ်တော့တာလည်းရှိတယ်။

ဒီပညာရပ်တွေနဲ့ အသက်မွေးလို့ရပါတယ်။ ဒါတွေ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းနိုင်ဖို့ အခြေခံကျောင်းတွေမှာ သင်ကြားစည်းရုံးပေးနိုင်ရင် ပိုကောင်းမယ်လို့ ကျွန်တော်ထင်ပါတယ်။

ဉာဏ်၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဆည်းပူးလေ့ကျင့်ရင်း နူးညံ့သိမ်မွေ့သော အနုသုခုမပညာရပ်ကို ထုတ်ဖော်ပြိုင်ပွဲဝင်ရသည့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ပြီးဆုံးချိန်တွင် ရိုးရာယဉ်ကျေးမှုကိုမြတ်နိုးခုံမင်သော စိတ်ဓာတ်နှင့်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်အနုပညာရှင်တို့သည် မည်သည့်ရလဒ်ကိုရသည်ဖြစ်စေ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းရန် လုံ့လစိုက်ထုတ်ခဲ့ပါ၍ တာဝန်ကျေကြပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

သတင်း - ခင်ခင်သက်၊ ဖြိုးစန္ဒာမြင့်
ဓာတ်ပုံ - ကိုကိုနေ

အားကစား

# ဘန်တီကီဟာ ဥရောပမှာ အကောင်းဆုံးတိုက်စစ်မှူးလို့ဆိုလိုက်တဲ့ တင်ရှားဝုဒ်

အက်စ်တွန်ဗီလာအသင်းရဲ့ တိုက်စစ်မှူး ဘန်တီကီဟာ ဥရောပမှာ အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်တယ်လို့ အက်စ်တွန်ဗီလာအသင်းနည်းပြ တင်ရှားဝုဒ်က ဘန်တီကီရဲ့ ဂုဏ်ပုဒ်ကို လူသိရှင်ကြားထုတ်ဖော်ချီးကျူးလိုက်ပါတယ်။

အသက်(၂၄)နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး ဘန်တီကီဟာ လိဂ်ပွဲငါးပွဲမှာ ခုနစ်ဂိုးအထိ သွင်းယူထားတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တာနဲ့အညီ အက်စ်တွန်ဗီလာအသင်းကို တန်းဆင်းဇုန်အတွင်းကနေ လွတ်မြောက်အောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။

အဲဒီလိုစွမ်းဆောင်ရည်တွေရှိခဲ့တာကြောင့် ဘန်တီကီ အကောင်းဆုံးကစားနိုင်ခဲ့တဲ့ ဧပြီလမှာ အက်စ်တွန်ဗီလာအသင်းကို သုံးပွဲအထိ နိုင်ပွဲရရှိအောင် အထောက်အပံ့ပေးခဲ့တာတွေကနေ ဧပြီတစ်လတာ ပရီမီယာလိဂ်



အကောင်းဆုံးကစားသမားဆုကိုပါ ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဒါကြောင့် အက်စ်တွန်ဗီလာအသင်းနည်းပြ တင်ရှားဝုဒ်က ဘန်တီကီဟာ လက်ရှိအချိန်မှာ ဥရောပရဲ့ အကောင်းဆုံးတိုက်စစ်မှူးတွေထဲက တစ်ဦးဖြစ်တယ်လို့ ဆိုလိုက်ခြင်းဖြစ်တယ်။ ဘန်တီကီရဲ့ စွမ်းဆောင်ရည်ကောင်းခြင်းတွေရဲ့ ရလဒ်အဖြစ် ပရီမီယာလိဂ်ရဲ့ ထိပ်တန်းအဆင့်ရှိအသင်းကြီးတွေဖြစ်တဲ့ လီဗာပူးနဲ့ ချယ်လ်ဆီးတို့က ဘန်တီကီကိုခေါ်ယူဖို့ စီစဉ်နေပေမယ့် တင်ရှားဝုဒ်ကတော့ ဘန်တီကီကို ဘယ်တော့မှ ရောင်းမှာမဟုတ်ဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဒါတင်မကသေးပါဘူး။ ဘန်တီကီဟာ အခုနွေရာသီအပြောင်းအရွှေ့မှာ ဘယ်အသင်းကိုမှ ပြောင်းမှာမဟုတ်သလို ဘန်တီကီကိုခေါ်ဖို့ ဘယ်သူမှ တတ်နိုင်မှာမဟုတ်ဘူးလို့တောင် အက်စ်တွန်ဗီလာအသင်းနည်းပြ တင်ရှားဝုဒ်က ထပ်လောင်းပြောကြားလိုက်ပြီး ဘန်တီကီဟာ လက်ရှိအချိန်မှာ အကောင်းဆုံးပုံစံရရှိနေပြီး အက်စ်တွန်ဗီလာအသင်းကလည်း ဘန်တီကီအတွက် အခွင့်အလမ်းတွေဖန်တီးပေးဖို့ စီစဉ်နေပါတယ်လို့ တင်ရှားဝုဒ်က ဆိုလိုက်ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ ဝက်စ်ဟမ်းအသင်းနဲ့ မကစားရသေးချိန်အထိ တန်းဆင်းဇုန်အထက် နှစ်မှတ်အကွာဖြင့် တန်းဆင်းဇုန်ထဲမှ လွတ်မြောက်တဲ့ အသင်းတစ်သင်းအဖြစ် ရပ်တည်နေပါတယ်။ ဒါပေမယ့် မေ ၃၀ ရက်မှာ အာဆင်နယ်နဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲကစားဖို့ ရှိနေသေးတာကြောင့် အဲဒီအက်ဖ်အေဖလားမတိုင်ခင် တန်းဆင်းဇုန်ထဲကို ပြန်ရောက်သွားမယ်၊ မသွားဘူးဆိုတာကတော့ အတိအကျမပြောနိုင်သေးဘူးဆိုတာကိုလည်း အက်စ်တွန်ဗီလာအသင်းနည်းပြ တင်ရှားဝုဒ်က ပြောထားပါတယ်။ တိုက်စစ်မှူး ဘန်တီကီရဲ့ စွမ်းဆောင်ရည်နဲ့အတူ အက်ဖ်အေဖလားရယူနိုင်ဖို့ အခွင့်အရေးတွေ ရှိနေသေးပါတယ်လို့လည်း တင်ရှားဝုဒ်က သူ့ရဲ့မျှော်လင့်ချက်ကို ထုတ်ဖော်ပြောကြားထားပါတယ်။

(ငွေကြယ်)

# ပီတာချက်ချ်အား အာဆင်နယ်သို့ ရောင်းမည်မဟုတ်ဟု မော်ရင်ဟိုဆို

ချယ်လ်ဆီးအသင်းသည် လက်ရှိ ဂိုးသမား ပီတာချက်ချ်အား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာခွင့်ပြုမည်ဟုဆိုသော်လည်း အာဆင်နယ်အသင်းသို့ ရောင်းချမည်မဟုတ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။



ဂိုးသမား ပီတာချက်ချ်သည် လက်ရှိတွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ် သက်တမ်း တစ်နှစ်ကျန်ရှိနေပြီး အာဆင်နယ်အသင်းသို့ ရောင်းချခြင်းထက် အခြားသောကလပ်အသင်းများသို့သာ ရောင်းချသွားမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ချယ်လ်ဆီးအသင်း၌သာ ဆက်ရှိနေရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မော်ရင်ဟိုက ဆိုသည်။

ပီတာချက်ချ်သည် ချယ်လ်ဆီးအသင်းသို့ ဂိုးသမား ကော်တွိုက် ရောက်ရှိလာခဲ့ခြင်းကြောင့် ချယ်လ်ဆီး အသင်းနှင့်အတူ ပုံမှန် ပွဲထွက်ကစားခွင့် ပျောက်ဆုံး ခဲ့ရကာ ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ချယ်လ်ဆီး ဂိုးသမား ပီတာချက်ချ်အား ခေါ်ယူရန် အာဆင်နယ်အသင်းအပြင် အင်တာမီလန်အသင်းနှင့် ရိုးမားအသင်းတို့ကလည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

(ငွေကြယ်)

# မက်ဆီမှာထာဝရအကောင်းဆုံးဘောလုံးသမားဟု ကာရေဂါချီးကျူး

အင်္ဂလန်ကစားသမားဟောင်း ကာရေဂါက မက်ဆီမှာ သမိုင်းတစ်လျှောက် အကောင်းဆုံးဘောလုံးသမားများအဖြစ် သတ်မှတ်ခံခဲ့ရသော မာရာဒိုနာ၊ ဒီစတီဖာနို၊ ဂျိုဟန်ခရိုက်ဖ်တို့ထက်သာလွန်သည့် စွမ်းရည်ပိုင်ရှင်ကစားသမားဟု ထုတ်ဖော်ချီးကျူးခဲ့သည်။ မက်ဆီအနေဖြင့် ဘောလုံးလောကသမိုင်းတွင် ထာဝရအကောင်းဆုံးကစားသမားဖြစ်သည်ဆိုသည်ကို သူ၏စွမ်းဆောင်ရည်များဖြင့် သက်သေပြသနိုင်ခဲ့ပြီးဖြစ်သည်ဟုလည်း ကာရေဂါက ဆိုသည်။


ပြီးခဲ့သည့် မေ ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်၌ ဘိုင်ယန်ဘက်သို့ မက်ဆီတစ်ဦးတည်းက သုံးမိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့ရာ မက်ဆီ၏စွမ်းဆောင်ရည်အပေါ် ဘောလုံးလောကအသိုင်းအဝိုင်းမှ အတော်များများက ချီးကျူးခဲ့ကြသည်။ သို့သော် ယခင်နာမည်ကျော်ကစားသမားဟောင်းများကမူ တစ်ပွဲတည်းနှစ်ဂိုးသွင်းယူနိုင်ရုံဖြင့် ဤမျှလောက်ချီးကျူးနေသည်မှာ မဖြစ်သင့်ကြောင်း မက်ဆီအနေဖြင့် ကျောနံပါတ်(၁၀) ဝတ်ဆင်ခွင့်ရသူတစ်ယောက်အနေဖြင့် သာမန်စွမ်းဆောင်ရည်ကိုသာ ပြသခဲ့ခြင်းဖြစ်ကြောင်း တုံ့ပြန်ခဲ့ကြသည်။

သို့သော် ကာရေဂါက မက်ဆီအား ယင်းကဲ့သို့ ဝေဖန်မှုများရှိလာခြင်းမှာ ၎င်းအနေဖြင့် ကမ္ဘာ့ဖလားရရှိအောင်မစွမ်းဆောင်နိုင်သေး၍ဖြစ်ပြီး ကလပ်အသင်းများ ပိုမိုရေပန်းစားလာသော ယနေ့ခေတ်အချိန်၌ မက်ဆီ၏ စွမ်းဆောင်ရည်မှာ အကောင်းဆုံးဖြစ်သည်ဆိုသည်မှာ အငြင်းပွားစရာမရှိကြောင်း ဆိုခဲ့သည်။

“မက်ဆီရဲ့စွမ်းဆောင်ရည်က ကျွန်တော်တို့ကို အသက်ရှူမှားလောက်အောင် မှင်တက်စေခဲ့ပါတယ်။ ဒါကို သူ့အနေနဲ့မပြည့်စုံသေးဘူး၊ လိုအပ်နေသေးတယ်ဆိုတာတွေဟာ မှျတတဲ့ဝေဖန်မှုတွေဖြစ်လာမှာမဟုတ်ပါဘူး။ သူ့ကို အခုဘောလုံးလောကသူရဲကောင်းတွေဖြစ်ကြတဲ့ မာရာဒိုနာ၊ ဒီစတီဖာနို၊ ဂျိုဟန်ခရိုက်ဖ်တို့နဲ့ နှိုင်းယှဉ်နေကြတယ်။ ဒီလိုနှိုင်းယှဉ်တဲ့နေရာမှာ ပီလီကို ထည့်ပြီးမပြောကြဘူး။ ဘာလို့လဲဆို ပီလီက ဆန်းတိုစ်နဲ့ လိဂ်ဖလား ၁၀ ကြိမ်၊ ကိုပါဖလားနှစ်ကြိမ်ပဲရဖူးပါတယ်။ လာလီဂါမှာ သူဟာ စီရိုနယ်လ်ဒိုနဲ့အပြိုင် ဂိုးတွေသွင်းယူနိုင်သလို သူသွင်းယူခဲ့တဲ့ ချန်ပီယံလိဂ်သွင်းဂိုး ၇၇ ဂိုးမှာ နှစ်ဂိုးက ဗိုလ်လုပွဲမှာ သွင်းခဲ့တာဖြစ်သလို ဒါက သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးစံချိန်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် မက်ဆီက သမိုင်းထဲက အကောင်းဆုံးကစားသမားတစ်ယောက်ပါ” ဟု ကာရေဂါက Daily Mail ၌ ရေးသားဖော်ပြထားသည်။

မက်ဆီအနေဖြင့် ဘိုင်ယန်ဘက်သို့ သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် စီရိုနယ်လ်ဒို၏ ချန်ပီယံလိဂ် သွင်းဂိုး ၇၆ ဂိုးကိုကျော်လွန်ခဲ့ကာ ၇၇ ဂိုးဖြင့် သမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးစံချိန်သစ်ကိုရရှိခဲ့သည်။

(မေလှဲ့သင်း)



# ဘိုင်ယန်က လေးဂိုးပြန်သွင်းကာ ဗိုလ်လုပွဲသို့တက်ရောက်မည်ဟု ဘနာတီးယာဆို

ဘိုင်ယန်အနေဖြင့် နူးကမ့်ကွင်း၌ ဘာစီလိုနာအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဘိုင်ယန်အိမ်ကွင်း အလိုင်းယန့်ဇ်အရီနာတွင် သုံးဂိုးမက လေးဂိုးပြန်သွင်းကာ ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ အရောက်ချီတက်သွားမည်ဟု ဘိုင်ယန်နောက်ခံလူ ဘနာတီးယာက ဆိုသည်။

ဘနာတီးယာက ဘိုင်ယန်အနေဖြင့် ကွာတားဖိုင်နယ်၌လည်း ပေါ်တိုအား အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ ဘိုင်ယန်အောင်ဖျာလိပ်ပြီဟုဝေဖန်မှုများရှိခဲ့သော်လည်း ဒုတိယအကျော့၌ ခြောက်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့တက်ရောက်လာခဲ့သည့် ကိစ္စရပ်အား မမေ့လျော့သင့်ကြောင်း ဘာစီလိုနာအသင်းသားများအား သတိပေးပြောကြားခဲ့သည်။



ဘနာတီးယာက“ဒါက တကယ့်ကို မလွယ်ကူတဲ့ကိစ္စရပ်ပါ။ ဒါပေမယ့် ကျွန်တော်တို့ ဒါကိုယုံကြည်မှုမရှိရင် ကျွန်တော်တို့ ဘာလင်ကိုခရီးဆက်နိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့အသင်းမှာ ကစားသမားကောင်းတွေရှိသလို ဒီထက်ပိုပြီး ကောင်းအောင်ကစားနိုင်မှာပါ။ ပိုပြီးလျှင်လျှင်မြန်မြန်နဲ့ ထိုးဖောက်ကစားရင် ဂိုးတွေရလာပါလိမ့်မယ်။ ကျွန်တော်တို့အသင်း လေးဂိုးပြတ်လောက်နဲ့တောင် နိုင်နိုင်ပါတယ်။ ပြည့်စုံတဲ့ပွဲတစ်ပွဲဖြစ်ဖို့ ဂိုးတွေ စောစောရယူနိုင်အောင်ကြိုးစားရပါမယ်။ ကျွန်တော်တို့ ဘာကာနဲ့ အခုမှ ရင်ဆိုင်ကစားဖူးသလို စိတ်သစ်လူသစ်နဲ့ အိမ်ကွင်းမှာ ဂိုးတွေအများကြီးသွင်းယူပြသွားမှာပါ” ဟု ပြောကြားခဲ့သည်။

ဘိုင်ယန်အနေဖြင့် ပြီးခဲ့သည့်နှစ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင်လည်း ရီးယဲလ်မက်ဒရစ်အား နှစ်ကျော့ပေါင်း ရလဒ် ငါးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ဖူးရာ ထိုကဲ့သို့သောအခြေအနေကို နှစ်နှစ်ဆက်တိုက် ဖြစ်မလာစေရန် အားထုတ်ရမည်ဖြစ်သည်။

(မေလှဲ့သင်း)

❒



# ရီးယဲလ်နှင့်ပွဲတွင် ဂျူဗင်တပ်အတွက် ပေါ့ဘာပြန်လည်ဝင်ရောက်ကစားနိုင်မည်

လာမည့် မေ ၁၃ ရက်မှာ ရီးယဲလ်မက်ဒရစ်နဲ့ ကစားရမယ့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပွဲစဉ်မှာ ဂျူဗင်တပ်ရဲ့ အဓိကကွင်းလယ်မောင်းနှင်အား ကစားသမားဖြစ်သူ ပေါ့ဘာအနေနဲ့ ပြန်လည်ဝင်ရောက်ကစားနိုင်မှာဖြစ်ပါတယ်။ ပေါ့ဘာဟာ ဒေါ့မွန်နဲ့ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာကြောင့် ခြောက်ပတ်ခန့်အနားယူခဲ့ရပြီး ဂျူဗင်ရဲ့ အရေးကြီးပွဲတွေကို လွဲချော်ခဲ့ရပါတယ်။

ရီးယဲလ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲမှာ ဝင်ရောက်ကစားနိုင်ခြင်းမရှိခဲ့ပေမယ့်လည်း အခုအခါ လေ့ကျင့်ရေးအစီအစဉ်မှာ အပြည့်အဝဝင်ရောက်ပါဝင်နိုင်ခဲ့တဲ့အတွက် ဒုတိယအကျော့ပွဲစဉ်မှာ ပြန်လည်ပါဝင်လာမှာဖြစ်ပါတယ်။

ဂျူဗင်တပ်နည်းပြ အယ်လီဂရီက “အင်္ဂါနေ့က လေ့ကျင့်ရေးအစီအစဉ်မှာ ပေါ့ဘာအနေနဲ့ အချိန်ပြည့်ကောင်းကောင်းကစားနိုင်ခဲ့တယ်။ သူလာမယ့် စနေနေ့မှာကစားမယ့် စီးရီးအေပွဲစဉ်မှာတောင် ဝင်ရောက်ကစားနိုင်ပါလိမ့်မယ်။ ဒါပေမယ့် မက်ဒရစ်နဲ့ ရင်ဆိုင်ရမယ့်ပွဲမှာတော့ သူ့အနေနဲ့ အင်ပြည့်အားပြည့်ကစားနိုင်ဖို့ အဲဒီပွဲမှာ အနားပေးထားမှာပါ။ ဒါ့အပြင် တီဗက်ဇ်နဲ့ ဘတ်ဖွန်တို့ကိုလည်း အမှတ်ပေးပြိုင်ပွဲမှာ အနားပေးပြီး ရီးယဲလ်နဲ့ပွဲကျမှ ဝင်ကစားခိုင်းမှာပါ”ဟု အသင်းဝက်ဘ်ဆိုက်မှ တစ်ဆင့် ပြောကြားခဲ့ပါတယ်။

(မေလှဲ့သင်း)

## အီရတ် အကျဉ်းထောင်ဖောက်မှု အကျဉ်းသား ၄၃ ဦး လွတ်မြောက်၊ ၄၄ ဦးသေဆုံး

**ဘာကူဘာ မေ ၉**

အီရတ်နိုင်ငံအရှေ့ပိုင်း ဒိုင်ယာလာပြည်နယ်ရှိ အကျဉ်းထောင်ဖောက်မှု အဓိကရုဏ်းတွင် အကျဉ်းသား ၄၃ ဦးလွတ်မြောက်သွားပြီး အကျဉ်းသား ၃၃ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးကာ ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်လုံခြုံရေးတာဝန်ရှိသူများက မေ ၉ ရက်တွင် ပြောကြားသည်။

လွတ်မြောက်သွားသူများအနက် ကိုးဦးမှာ အကြမ်းဖက်မှုစွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသူများဖြစ်ပြီး ကျန်သည့်လူများမှာ အခြားပြစ်မှုဆိုင်ရာစွဲချက်များဖြင့် အကျဉ်းကျနေသူများဖြစ်ကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပြည်နယ်မြို့တော် ဘာကူဘာမြို့ အနောက်ဘက် ခါလီစ်မြို့ ရဲတပ်ဖွဲ့ဌာနချုပ်ရှိရာ အကျဉ်းထောင်တစ်ခု၌ သောကြာနေ့ည နှောင်းပိုင်းတွင် အကျဉ်းသားတစ်စုက ကင်းလှည့်နေသည့် လုံခြုံရေးအစောင့်တစ်ဦးထံမှ သေနတ်ရယူရန်ကြိုးစားရာမှ အဓိကရုဏ်း စတင်ဖြစ်ပွားခြင်းဖြစ်သည်။

အကျဉ်းသားများနှင့် လုံခြုံရေးဝန်ထမ်းများကြား လေးနာရီခန့်ကြာ ပဋိပက္ခဖြစ်ပွားပြီးနောက် စစ်ကူတပ်ဖွဲ့များ ရောက်ရှိလာသည့်အခါ အခြေအနေကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံတွင် အကျဉ်းထောင်ဖောက်မှုများ မကြာခဏဖြစ်ပွားခဲ့ပြီး ၂၀၁၃ ခုနှစ်က အဘူဂါရတ်အကျဉ်းထောင်ဖောက်မှုတွင် အကျဉ်းသားရာနှင့်ချီ လွတ်မြောက်သွားခဲ့သည်။

**ဆင်ဟွာ။**




## ဒုတိယကမ္ဘာစစ်အောင်နိုင်မှု စစ်ရေးပြအခမ်းအနား ရုရှားကျင်းပ

**မော်စကို မေ ၉**

ဒုတိယကမ္ဘာစစ်တွင် နာဇီဂျာမနီအပေါ် စစ်အောင်နိုင်သည့် နှစ် (၇၀) မြောက် အထိမ်းအမှတ်အဖြစ် ရုရှားသည် ၎င်း၏ အကြီးမားဆုံး စစ်ရေးပြအခမ်းအနားကို ယနေ့ကျင်းပခဲ့သည်။

မော်စကိုမြို့တော်ရှိ ရင်ပြင်နီ၌ ထောင်ပေါင်းများစွာသော စစ်သည်တော်များ ချီတက်ခဲ့ကြပြီး သံချပ်ကာကားအသစ်ကိုလည်း ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့သည်။

နိုင်ငံပေါင်း ၂၀ ကျော်မှ အကြီးအကဲများမှာ မော်စကိုသို့ ရောက်ရှိခဲ့ကြသည်။ သို့သော် ကမ္ဘာ့ခေါင်းဆောင်အချို့က ယူကရိန်းပြဿနာတွင် ရုရှားနိုင်ငံ၏ ပါဝင်မှုကြောင့် ယင်းစစ်ရေးပြအခမ်းအနားကို သပိတ်မှောက်ခဲ့ကြသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းမှ ခွဲထွက်ရေးသမားများကို မော်စကိုက လက်နက်တပ်ဆင်ပေးလျက်ရှိသည်ဟု အနောက်အုပ်စု၏ စွပ်စွဲချက်များမှာ မဟုတ်မှန်ကြောင်း ရုရှားကပြောသည်။

ယူကရိန်းနိုင်ငံ ဒွန်းနက်နှင့် လူဟန့်ဒေသများ၌ ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့ရာ လူပေါင်း ၆၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

စစ်ရေးပြအခမ်းအနားအဖွင့်တွင် သမ္မတ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားရာ ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်စစ်သည်များ၏ အသက်စွန့်ကြိုးပမ်းမှုများကို ချီးကျူးဂုဏ်ပြုခဲ့ပြီး စစ်အောင်နိုင်ရေးအတွက် ကူညီပံ့ပိုးခဲ့ကြသော ဂရိတ်ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပြည်သူများကိုလည်း ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

သို့သော် မကြာသေးမီဆယ်စုနှစ်များအတွင်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၏ အခြေခံမူများကို မကြာခဏလျစ်လျူရှုခဲ့ကြောင်း ပူတင်က ပြောကြားခဲ့သည်။

အဆိုပါ စစ်ရေးပြအခမ်းအနားကို နံနက် ၁၀နာရီတွင် စတင်ခဲ့ပြီး တက်ရောက်ကြည့်ရှုကြသော နိုင်ငံပေါင်း ၂၀ ကျော်မှ ခေါင်းဆောင်များတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ အိန္ဒိယသမ္မတ ပရာနတ်မူကာဂျီနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့ ပါဝင်သည်။

ဒုတိယကမ္ဘာစစ်အတွင်းမှ စစ်ဝတ်စုံများကို ဝတ်ဆင်ထားသည့် နိုင်ငံတစ်ဝန်းမှ ရုရှားတပ်ဖွဲ့များက ချီတက်အလေးပြုခဲ့ကြပြီး ရုရှား၏ အဆင့်မြင့်နည်းပညာသုံး အဝေးထိန်းခလုတ်ဖြင့် ထိန်းချုပ်သော ကျည်ကာသံပြားများ တပ်ဆင်ထားသည့် တီ-၁၄ အာမာတာတိုက်ပွဲဝင်တင့်ကားများ၊ နျူကလီးယား ထိပ်ဖူးသုံးခု သယ်ဆောင်နိုင်သော အာအက်ဖ်-၂၄ ယာ(စ်) တိုက်ချင်းဒုံးပျံများကိုလည်း ပြသခဲ့သည်။

ရင်ပြင်နီ၏ ကောင်းကင်တွင် တိုက်ချင်းပစ်ဒုံးပျံများ သယ်ဆောင်နိုင်သည့် တာဝေးပုံးကြဲလေယာဉ်များ အပါအဝင် စစ်လေယာဉ် ၁၀၀ ကျော်က ပျံသန်းပြခဲ့ကြသည်။ ထို့အပြင် တရုတ်နှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု လက္ခဏာအဖြစ် တရုတ်စစ်သည်များသည်လည်း ပထမဆုံးအကြိမ်အဖြစ် ပါဝင်ချီတက်ခဲ့ကြသည်။

**ရိုက်တာ။**

## တရုတ်၌ ဆေးလိပ် တိုက်ဖျက်ရေး စီးကရက် အခွန်ကောက်ယူမှု တိုးမြှင့်မည်

**ပေကျင်း မေ ၉**

တရုတ်နိုင်ငံ၌ စီးကရက်လက်ကား ရောင်းဝယ်မှုအပေါ် ကောက်ယူသည့် အခွန်နှုန်းထားကို ၆.၅ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအထိ မြှင့်တင်တော့မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးစီးကရက်ဈေးကွက်တည်ရှိရာ နိုင်ငံဖြစ်ပြီး စီးကရက်သောက်သူ အများဆုံးရှိရာ နိုင်ငံလည်းဖြစ်သော တရုတ်နိုင်ငံတွင် ဆေးလိပ်တိုက်ဖျက်ရေး လှုပ်ရှားမှု အစီအစဉ်အရ စီးကရက်လက်ကား ရောင်းဝယ်မှု အခွန်နှုန်းထားကို မြှင့်တင်ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံ၌ ပြည်တွင်းစီးကရက် ထုတ်လုပ်ရေးလုပ်ငန်းများက ကန့်ကွက်လျက်ရှိသော်လည်း အစိုးရက ဆေးလိပ်တိုက်ဖျက်ရေး လှုပ်ရှားမှု အစီအစဉ်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံ၌ ဆေးလိပ်သောက်သူများပြားခြင်းနှင့် အတူ ကျန်းမာရေးစောင့်ရှောက်မှု စရိတ်စကများ အဆမတန်ကြီးမားနေကြောင်း ဆေးလိပ်တိုက်ဖျက်ရေး လှုပ်ရှားသူများက ပြောကြားသည်။

စီးကရက်လက်ကား ရောင်းချသူများသည် ၎င်းတို့ရောင်းချသော စီးကရက်များအတွက် အခွန်ငွေတိုးမြှင့်ပေးဆောင်ရမည့်အပြင် စီးကရက်ဘူးတစ်ဘူးလျှင် ယွမ် သုည ဒသမ ၀၀၅ ထပ်ဆောင်းပေးဆောင်ရန် ဖြစ်ကြောင်း၊ ဥပဒေစည်းမျဉ်းသစ်ကို မေ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြသည်။

တရုတ်နိုင်ငံ၌ ဆေးလိပ်သောက်သူ သန်း ၃၀၀ ရှိပြီး တစ်ဆင့်ခံ ဆေးလိပ်မီးခိုးရှူရှိုက်ရသူ သန်း ၇၄၀ ခန့်အထိ ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

## နှစ်နိုင်ငံ ရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ဂျပန်စစ်သင်္ဘောများ မနီလာသို့ရောက်ရှိ

**မနီလာ မေ ၉**

ဆိုမာလီကမ်းလွန်၌ ပင်လယ်ဓားပြတိုက်ဖျက်ရေး ကင်းလှည့်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဂျပန်စစ်သင်္ဘောနှစ်စင်းသည် ဖိလစ်ပိုင်နိုင်ငံနှင့် နှစ်နိုင်ငံရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ရန် မေ ၉ ရက်က မနီလာမြို့တော်သို့ ဆိုက်ရောက်လာခဲ့သည်။

ဖိလစ်ပိုင်ရေတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆိုပါရေတပ်စစ်ရေးလေ့ကျင့်မှုမှာ နှစ်နိုင်ငံရေတပ်များအတွင်း သတင်းအချက်အလက်များ ဖလှယ်နိုင်မှု တိုးတက်စေရန်နှင့် နှစ်နိုင်ငံ ရေတပ်ဖွဲ့ဝင်များအကြား ရင်းနှီးသောဆက်ဆံရေး တိုးတက်လာစေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံက မနီလာပင်လယ်အော်နှင့် ကော်ရီဂီဒေါကျွန်း ရေပိုင်နက်များတွင် ကျင်းပမည့် ရေတပ်စစ်ရေးလေ့ကျင့်မှုသို့ ဖရီးဂိတ်သင်္ဘော ရာမွန်အယ်ကာရက်ကို စေလွှတ်မည်ဖြစ်သည်။ ဂျပန်ဖျက်သင်္ဘောနှစ်စင်းဖြစ်သည့် ဟာရူဆမ်မိနှင့် အန်မာဂီရိတို့သည်လည်း တစ်ရက်ကြာ ရေတပ်စစ်ရေးလေ့ကျင့်မှုအတွက် မေ ၅ ရက်က ဆိပ်ကမ်းမှ ထွက်ခွာသွားခဲ့သည်။




မေ ၆ ရက်က ဂျပန်ကမ်းခြေစောင့်သင်္ဘော ယာရှီမာနှင့် ဖိလစ်ပိုင်ကမ်းခြေစောင့် သင်္ဘောတစ်စင်းတို့သည် ပင်လယ်ဓားပြတိုက်ဖျက်ရေး ကျွမ်းကျင်မှုများကို စမ်းသပ်ရန်နှင့် လက်နက်မှောင်ခိုကူးမှုနှင့် အခြားရာဇဝတ်မှုများ တိုက်ဖျက်မှုကို လေ့ကျင့်ရန် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးလေ့ကျင့်မှုဟု တာဝန်ရှိသူများခေါ်ဆိုခဲ့သည့် စစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုများမှာ ဖိလစ်ပိုင်နိုင်ငံက အငြင်းပွားသော တောင်တရုတ် ပင်လယ်ဝန်းကျင်၌ တရုတ်နိုင်ငံ၏ ထုထည်ကြီးမားသော မြေယာဖော်ယူမှုများနှင့် ပိုင်နက်နယ်မြေတောင်းဆိုမှုအပေါ် စိုးရိမ်မှုမြင့်တက်လာသောကြောင့် ပြုလုပ်ရခြင်းဖြစ်သည်။

**ကျိုဒိုနယူးစ်။**

## ရေငုပ်သင်္ဘောမှ ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်လွှတ် အောင်မြင်မှုရရှိကြောင်း မြောက်ကိုရီးယား ပြောကြား

**ဆိုးလ် မေ ၉**

မြောက်ကိုရီးယားနိုင်ငံသည် ပင်လယ်ရေပြင်အောက်ရှိ ရေငုပ်သင်္ဘောတစ်စင်းမှ ပဲ့ထိန်းဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း နိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းစမ်းသပ်ပစ်လွှတ်မှု အောင်မြင်သည်ဆိုခြင်းမှာ အစစ်အမှန်ဖြစ်ပါက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရေငုပ်သင်္ဘောများ၌ ဒုံးကျည်များ တပ်ဆင်ရေးအတွက် လုပ်ဆောင်နေမှုကို ညွှန်ပြခြင်းဖြစ်ဖွယ်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းဒုံးကျည် စမ်းသပ်ပစ်ခတ်မှုကို မြောက်ကိုရီးယားနိုင်ငံ ကမ်းလွန်တစ်နေရာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံ့ခေါင်းဆောင် ကင်ဂျုံအန်က ကြီးကြပ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေအောက်တွင် ငုပ်လျှိုးနေသည့် ရေငုပ်သင်္ဘောမှ ပစ်လွှတ်လိုက်သော ဒုံးကျည်သည် ပင်လယ်ရေမျက်နှာပြင်အထက်သို့ ပေါ်ထွက်လာကာ အသံမြည်ဟည်းပြီး လေထုအတွင်းသို့ ပျံ့နှံ့သွားကြောင်း၊ ဒုံးကျည်အမြီးပိုင်း၌ မီးတောက်မီးလျှံများ ထွက်ပေါ်လာကြောင်း ကေစီအင်န်အေသတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားစစ်တပ်က မဟာဗျူဟာမြောက် ရေငုပ်သင်္ဘောတစ်စင်းက ပင်လယ်ရေပြင်အောက်မှ ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှု၏ အောင်မြင်ခြင်းကို အတည်ပြုနိုင်ခဲ့ကြောင်းနှင့် ယင်းသို့ အပြည့်အဝအောင်မြင်မှုရခြင်းမှာ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တိုးတက်မှုဖြစ်ကြောင်း မြောက်ကိုရီးယား ဗဟိုသတင်းဌာန ကေစီအင်န်အေက ပြောကြားသည်။

**ရိုက်တာ။**

# ဂေါက်ကွင်းတိုးချဲ့မြေ နစ်နာကြေး လေးနှစ်ကြာ ပြီးနောက် ပေးအပ်

**မြန်အောင် မေ ၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရှားတောကျေးရွာအုပ်စုရှိ မြန်အောင်ဂေါက်ကွင်းအား ယခင်အသုံးပြုနေသော ငါးကျင်းဂေါက်ကွင်း အဆင့် မှ ကိုးကျင်းအဆင့်သို့ တိုးမြှင့်တည်ဆောက်ခဲ့ရာ ယင်းဂေါက်ကွင်း အတွက်အသုံးပြုခဲ့သောမြေများအတွက် တောင်သူများအား မေ ၇ ရက်တွင် နစ်နာကြေးပေးခဲ့ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်က တောင်သူများပိုင် မြေများကို သဘောတူညီချက်ရယူပြီး ကိုးကျင်း အဆင့်မြှင့်မြို့နယ်ဂေါက်ကွင်းအဖြစ်တိုးမြှင့် တည်ဆောက်ခဲ့သည်။ ယခုအခါတွင် မြေယာပိုင်ရှင်များဖြစ်ကြသော တောင်သူများက မြေယာများ ပြန်လည်ရယူလိုမှုဖြင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းမှုနစ်နာမှု မရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်(ပြည်သူ့လွှတ်တော်)က တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပြန်လည်လွှဲအပ်စစ်ဆေးပေးရန်အကြောင်းကြားလာသော ကြောင့် မြန်အောင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီက စိစစ်ဆောင် ရွက်ခဲ့ရာ ဂေါက်ကွင်းမြေအဖြစ်အသုံးပြုထားသော်လည်း နစ်နာကြေး တစ်စုံ တစ်ရာမပေးရသေးသည့်အတွက် မြေယာအသုံးပြုခံရသူ တောင်သူများ နှင့် ဂေါက်သီးရိုက်အသင်းတို့၏ ညှိနှိုင်းချက်အရ နစ်နာကြေးပြန်လည် ပေးအပ်ခြင်းကို မေ ၇ ရက်က မြန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်း အဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဂေါက်ကွင်းမြေအဖြစ်အသုံးပြုထားသော မြေမှာ ၁၂ ဒသမ ၈၀ ဧကဖြစ် ပြီး တောင်သူများဖြစ်သော ဦးညွန့်၊ ဦးသောင်းလှိုင်နှင့် ဦးမြင့်ဦးတို့အား တစ်ဧက ကျပ်သုံးသိန်းခုနှစ်သောင်းနှုန်းဖြင့်ပေးလျော်ခဲ့ရာ မြို့နယ်ဖွံ့ဖြိုးတိုး တက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ နှင့် မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများက တောင် သူများသို့ပေးအပ်ခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်း မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ဝင်းက လျော်ကြေးငွေပေးအပ်ခြင်းနှင့် မြေယာများအခြေအနေကိုရှင်း လင်းတင်ပြခဲ့သည်။

**နေဝင်းဇော်(မြန်အောင်)**



# ကျေးလက်ဒေသသို့ အခမဲ့ဆေးကုသမှု ကွင်းဆင်းဆောင်ရွက်

**ကနီ မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မြို့ပြနှင့် ကျေးလက်ဒေသများတွင် ယခုလို အလွန်ပူပြင်းပြီး ရာသီဥတုအကူးအပြောင်း ကာလများ၌ ဖျားနာမှုများ နည်းပါးစေရန် မြို့နယ်အတွင်း အခမဲ့ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မေ ၃ ရက်က ချိုင်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာတွင် အခမဲ့ဆေးခန်းဖွင့်၍ ကွင်းဆင်းကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းကုသဆောင်ရွက်မှုတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုန်းဝင်း ဦးဆောင်သော ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အဖွဲ့သည် သရက်ပင်ကျေးရွာတွင် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော သရက်ပင်တိုက်နယ်ဆေးရုံ၌ အခမဲ့ဆေးခန်းဖွင့် ကွင်းဆင်းကုသမှုများ ဆောင်ရွက်ခဲ့ရာ ချိုင်ကျေးရွာအုပ်စု၊ အိုင်တောင်ကျေးရွာအုပ်စုနှင့် ယက္ကန်းတိုင်ကျေးရွာအုပ်စုများအတွင်းမှ အထွေထွေရောဂါဝေဒနာရှင် လူနာစုစုပေါင်း ၁၆၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုများကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ဖားဆောင်းမြို့မွေတော်ပရိယတ္တိ စာသင်တိုက်ဘုန်းတော်ကြီးကျောင်း တွင် သဲပုံစေတီပွဲကျင်းပ

**ဖားဆောင်း မေ ၉**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့တွင် မေ ၅ ရက် နံနက် ၅ နာရီက ဂဂ်ါဝါဠုသဲစုမက ပွင့်တော်မူကြကုန်သောမြတ်စွာဘုရား အားရည်စူး၍ ဖားဆောင်းမြို့ မွေတော်ဘုန်းတော်ကြီးကျောင်းတွင် သဲပုံစေတီအား ဗုဒ္ဓဘိသေက အနေကဇာတင်ပြီး မီးကျည်များကို ရပ်ကွက်၊ ကျေးရွာများမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင်လွှတ်တင်၍ ကျင်းပခဲ့သည်။

အဆိုပါ ကဆုန်လအခါသမယတွင် အစဉ်အလာမပျက်လျှုဒါန်းကျင်းပသည့် သဲပုံစေတီပွဲသည်မြတ်နိုးစရာ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်ပြသသည့် ရာသီပွဲတော်ဖြစ်သကဲ့သို့ စုပေါင်းညီညာဆောင်ရွက်မှုကို ပေါ်လွင်စေသည့် ပွဲတော်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့ မွေတော်ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်းတွင် မြန်မာတို့၏ မြတ်နိုးစရာယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် သဲပုံစေတီပွဲသည် လူငယ်မောင်မယ်များ စုပေါင်းညီညာစွာ ဆောင်ရွက်ရသည့်ပွဲဖြစ်ပြီး ရာသီသရုပ်ကို ဖော်ညွှန်း၍ တောင်သူလယ်သမားတို့က မိုးခေါ်ပွဲဟုလည်းခေါ်သည်။

**ပြန်/ဆက်(ဖားဆောင်း)**

# အစိမ်းရောင်လှုပ်ရှားမှုသဘာဝပတ်ဝန်းကျင်ဆိုင်ရာပွဲတော်ပြုလုပ်

**ရေး မေ ၉**

မွန်ပြည်နယ် ရေးမြို့ အလင်းအိမ်စာဖတ်အသင်းက ဦးစီးကျင်းပသော အစိမ်းရောင် လှုပ်ရှားမှုသဘာဝပတ်ဝန်းကျင်ဆိုင်ရာပွဲတော်အား ရေးမြို့ ပြည်သူ့ရင်ပြင်ကွင်း၌ မေ ၆ ရက်မှ ၇ ရက်အထိ ဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစိမ်းရောင်လှုပ်ရှားမှု သဘာဝပတ်ဝန်းကျင်ဆိုင်ရာပွဲတော်ကို မေ ၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရေးမြို့ ရွှေဆံတော်စေတီဓမ္မာရုံ၌ ကျင်းပရာ ကျောက်မီးသွေးအရေး အလုပ်ရုံဆွေးနွေးပွဲကို ထည့်သွင်းပြုလုပ်ခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ပညာရှင်များ၊ အရပ်ဖက်အဖွဲ့စည်းများ၊ အစိုးရ၊ တိုယိုထိုင်းကုမ္ပဏီတို့ပါဝင်သော သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ညနေ ၄ နာရီတွင် ပြည်သူ့ရင်ပြင်ကွင်း၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပွဲတော်၌ ဦးမြင့်ဇော်၊ ဒေါက်တာခင်မောင်ညို၊ ဦးဝင်းမျိုးသူ၊ ဦးစောမိုးမြင့်၊ ဂျူးတို့က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးနှင့် သက်ဆိုင်သော ခေါင်းစဉ်များအောက်တွင် အဓိကဟောပြောသွားခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစိမ်းရောင်လှုပ်ရှားမှု တစ်ရပ်အနေဖြင့် ရေးမြို့သဘာဝ အလှဓာတ်ပုံများ၊ မှတ်တမ်းရုပ်ရှင်များ၊ ကျောက်မီးသွေးဆန့်ကျင်ရေး လှုပ်ရှားမှုများကိုလည်း ထည့်သွင်းကျင်းပသွားခဲ့ကြောင်းလည်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**

## လက်ထပ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်းနေ(ဗိုလ်မှူးတင့်လွင်လတ်)-ဒေါ်ခင်သန်းနှင်းတို့၏သားလတ်

**မောင်သီဟဇော်လတ်**

**LL.B,Dip;Hardware Engineering, Dip;Accountancy Part-1**
**Manager (Admin & HR Department), Golden Myanmar Apex Co.,Ltd.**

နှင့်

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နေ ဦးစံငွေ-ဒေါ်စီစီမင်းတို့၏သမီး

**မဆုဆုလွင်**

**B.A(His;),Post Graduate Diploma in Museology, Dip;Accountancy Part-1**

မြို့နယ်ဒုတိယဦးစီးမှူး(ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)တို့၏ ၃-၅-၂၀၁၅ ရက်တွင် Panda Hotel ပတ္တမြားခန်းမ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြပါသော ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ဦးအောင်ထွန်း(ပြည်သူ့လွှတ်တော်)နှင့်ဇနီး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော အငြိမ်းစားသံအမတ်ကြီးဦးတင်ဝင်းနှင့်ဇနီး ဒေါ်သုယဉ်၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ပန်းဘဲတန်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးနှင့်ဇနီး ဒေါ်အေးအေးမော်၊ အခမ်းအနားမှူး ဦးဝင်းတင်၊ မင်္ဂလာဝတ်စုံဒီဇိုင်နာမေပုလဲ၊ ဆံပင်မိတ်ကပ်ကိုမာ၊ ဗီဒီယိုနှင့်ဓာတ်ပုံ Royal Art Media အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုပြည့်ပြည့်အောင်နှင့် မကြေးမုံအောင်တို့အားလည်းကောင်း၊ Panda Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ပတ္တမြား(၁၆)ဖောင်ဒေးရှင်းမှ လူကြီးမင်းများ၊ သူငယ်ချင်းမိတ်သင်္ဂဟများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကေရီသန့်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် MA 479481 သည် မေလ(၆) ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးအနီး ဗီဇာသွားရောက်လျှောက်ထားစဉ် ပျောက်ဆုံး သွားပါ၍တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**ကေရီသန့်**

**ဖုန်း-၀၁-၃၈၃၆၈၂၊ ၀၁-၃၈၃၆၈၆၊ ၀၉-၇၃၀၇၉၃၃၁**

## "ပျောက်ဆုံးခြင်း"

**SHWIN SHWIN JEWELLERY CO., LTD.** ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ်-(ထသက-၁၉၇၈၇) ရက်စွဲ ( ၆-၄-၂၀၀၆ )ကတ်ပြားမူရင်း မှာ ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။
**Ph: 203023.**

## "ပျောက်ဆုံးခြင်း"

**NEW GOLDEN TRIANGLE GEMS CO., LTD.** ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ်-( ထသက-၁၅၉၀၅ ) ရက်စွဲ (၁၁-၁၁-၂၀၀၂) ကတ်ပြားမူရင်း မှာ ပျောက်ဆုံး၍တွေ့ရှိက ပေးပို့ပါရန်။
**Ph: 203023.**

## အမည်ပြောင်း

ပဲခူးမြို့၊ အထက(၃)၊ ပဥ္စမတန်းမှ ဦးနေထွန်း၏သား မောင်ဘုန်းပြည့်အောင်အား ယနေ့မှစ၍ မောင်ကောင်းစစ်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းစစ်ဟိန်း**

## အမည်ပြောင်း

ဦးသီဟကျော်၏သမီး ပဲခူးမြို့၊ အထက (၃) စတုတ္ထတန်း(C)မှ မဖူးဖူးသန့်ကျော်အား မခင်သူဇာသန့်ဟုပြောင်းလဲခေါ်ပါရန်။

**မခင်သူဇာသန့်**

## အမည်ပြောင်း

အဖ ဦးကျော်စိုးဝင်း[၁၂/မဂဒ(နိုင်)၀၂၄၈၉၁]၏သမီးဖြစ်သူ အထက(၄) ဗိုလ်တထောင်၊ စတုတ္ထတန်း(A)တွင် ပညာသင်ကြားနေသော မအေးကျော့ကျော့မောင်အား မဝင့်ရတနာဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကားမောင်းသင်ပေးသည်

အိမ်စီးကားများကို မောင်းနိုင်ရန် သင်ပေးပါသည်။
**Ph:09-421071159, 09-795401995**

ဆရာရန်နိုင် DRAGON KING
ကွန်ဖူး - ဗန်ဒို - ထိုင်းဂျီ
ဗန်ဒို အထူးအမြန် ဖိုက်တင်ရက်တိုသင်တန်း
အမှတ်-၃၆ရ(၆-လွှာ)၊ မဟာဗန္ဓုလလမ်း၊ (၃၈-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ၀၉၅၀၁၆၆၂၃၊ ၀၉၂၅၃၂၄၂၈၁၄၊ ၀၉၇၉၉၂၉၆၀၄၅

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ ကျွန်းရွှေမြိုင်(၁၀)လမ်း၊ မြေကွက်အမှတ်(၇၁၃)ဟုခေါ်တွင်သော ပေ(၆၀×၄၃)အနက်မှ ပေ(၁၀×၆၀)ရှိ မြေကို ဒေါ်တင်တင်ဝင်း(ဘ)ဦးတင်မြ [၁၂/ဥကတ(နိုင်)၁၂၂၇၁၁] ဆိုသူက အရှုပ်အရှင်းမရှိ ပိုင်ဆိုင်သည်ဟုဝန်ခံအဆိုပြုလျက် ရောင်းချရာ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော မူရင်းအထောက်အထားဖြင့် (၃)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ် ချုပ်ဆိုကြမည် ဖြစ်ပါသည်။

**ဒေါ်ပုလဲ[၁၂/မဂတ(နိုင်)၀၈၇၅၀၉]**
**အမှတ်(၂၇)၊ အောင်မြေလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၆၆၅၉**

## UNITED ELEVEN CO.,LTD(Automobile)

(၁) လက်ထောက်မန်နေဂျာ ကျား/မ (၂) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- လုပ်ငန်းတာဝန်များကို ဦးဆောင်နိုင်သူဖြစ်ရမည်။
- အသက် ၃၇ နှစ်အောက်ဖြစ်ရမည်။
- E-Mail, Internet ကို ကောင်းမွန်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- မန္တလေးရုံးခွဲ(သို့မဟုတ်)မကွေးရုံးခွဲတွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၂) ကားအရောင်းဝန်ထမ်း ကျား/မ (၆) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- စကားပြော ပြေပြစ်ချောမွေ့ပြီး ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။
- အသက် ၃၅ နှစ်အောက် ဖြစ်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- ရန်ကုန်(မ/ဒဂုံ)ရုံးခွဲ(သို့မဟုတ်)မန္တလေးရုံးခွဲ(သို့မဟုတ်)မကွေးရုံးခွဲတွင် တာဝန်ထမ်းဆောင် နိုင်သူ ဖြစ်ရမည်။

(၃) **Driver** (ယာဉ်မောင်း) ကျား (၅) ဦး
- ကျွမ်းကျင်စွာ မောင်းနိုင်သူဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်အနက်ရှိသူ ဖြစ်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အသက် (၂၀ မှ ၃၅)နှစ်အတွင်း ဖြစ်ရမည်။
- ရန်ကုန်(မ/ဒဂုံ)ရုံးခွဲ(သို့မဟုတ်)မန္တလေးရုံးခွဲ(သို့မဟုတ်)မကွေးရုံးခွဲတွင် တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။

(၄) အရောင်းဝန်ထမ်း ကျား/မ (၅) ဦး
- ၁၀ တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။
- စကားပြော ပြေပြစ်ချောမွေ့ပြီး ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။
- အသက် (၂၀ မှ ၃၅)နှစ်အတွင်း ဖြစ်ရမည်။

(၅) ကြော်ငြာတာဝန်ခံ ကျား/မ (၆) ဦး
- Computer ဘွဲ့ရဖြစ်ရမည်။
- Computer ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူလည်း လျှောက်ထားနိုင်သည်။
- E-Mail, Internet ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- Automobile / Real Estate တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- အသက်(၂၀မှ ၃၅)နှစ်အတွင်းဖြစ်ရမည်။

(၆) ကားဘော်ဒီဆေးမှုတ်ပြုပြင် ကျွမ်းကျင် ကျား (၅) ဦး
(၇) ဒီဇယ် အင်ဂျင် ကျွမ်းကျင်(စက်ဆရာ) ကျား (၂) ဦး

လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ (၁)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူ တို့နှင့် အတူ ၃၁-၅-၂၀၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) hr @ smg-united.com မှ တစ်ဆင့် လျှောက်ထားနိုင်ပါသည်။

အမှတ်(၂၀)၊ စံရိပ်ငြိမ်(၆)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်
ဖုန်း-၀၁-၅၀၂၁၄၀**(Ext-13)**

တစ်ပတ်အတွင်း ထူးခြားသတင်းပုံရိပ်များ

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)*

# အရှေ့တောင်အာရှ ရထားလမ်းကွန်ရက် ရုရှားဈေးကွက်ဝင်မည်လော

ကိုရင်ညြ



စီးပွားရေး တိုးတက်လာသော အရှေ့တောင်အာရှဒေသရှိ နိုင်ငံအများစုတွင် ရထားလမ်းအပါအဝင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်လာသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက် ဆက်နွှယ်နေသည်ကား လမ်းပန်းဆက်သွယ်မှု အချိုးညီညီ ဟန်ချက်ကျကျ ဖွံ့ဖြိုးတိုးတက်လာဖို့ ဖြစ်သည်။

ကုမ္ပဏီများသည် ဈေးကွက်ချဲ့ထွင်နိုင်ရန် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးသည့် ဖြန့်ချိရေးစနစ်ကို တိုးတက်ကျင့်သုံးလာသည်။ နိုင်ငံအနှံ့ ဒေသအနှံ့ ကုန်စည်ဖြန့်ချိလာသည်။ သို့ဖြစ်ရကား ကုန်စည်များကို အမြန်ဆုံး ဖြန့်ချိပေးနိုင်ရေးနှင့် ဒေသအနှံ့ ဖြန့်ချိပေးနိုင်ရေးတို့အတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန် လိုအပ်လာသည်။

အရှေ့တောင်အာရှ နိုင်ငံများသည် နိုင်ငံတော် ခေတ်မီတိုးတက်ရေးအတွက် ခြေလှမ်းပြင်နေကြပြီး အခြေခံအဆောက်အအုံ လုပ်ငန်းများ ကောင်းမွန်လာစေရန် အလေးပေးဆောင်ရွက်လျက်ရှိကြသည်။

ကုန်စည်များကို အမြောက်အမြားပေးပို့နိုင်ရန် ဒေသတစ်ခုနှင့်တစ်ခုအကြား ရထားလမ်းကွန်ရက်အပါအဝင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးစနစ် တိုးတက်ကောင်းမွန်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများ ကြိုးပမ်းနေကြသော်လည်း အခက်အခဲအများအပြားနှင့် ရုန်းကန်နေကြရဆဲပင်ဖြစ်လေသည်။

အာဆီယံနိုင်ငံများသည် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးတွင် အဓိက အရေးပါလှသော ရထားလမ်းစနစ် ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရာတွင် နည်းပညာနှင့် ဘဏ္ဍာရေး အခက်အခဲများမှ ကျော်လွှားလွန်မြောက်နိုင်ရန် ကြိုးပမ်းနေကြရသည်။

လက်ရှိအနေအထားအရ ရထားလုပ်ငန်းနည်းပညာအတွက် ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားနေကြရလေသည်။ အရှေ့တောင်အာရှနိုင်ငံများ၌ ခေတ်မီရထားလမ်းစနစ်များ ပေါ်ထွန်းလာရေးအတွက် အဓိကအထောက်အပံ့ပေးနေသော နိုင်ငံများမှာ တရုတ်နှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြပြီး ပြင်သစ်နှင့် ဂျာမနီတို့ကဲ့သို့သော ဥရောပနိုင်ငံအချို့ကလည်း အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိလေသည်။

ရုရှားနိုင်ငံသည် မကြာသေးမီက အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် ရထားလမ်းဖောက်လုပ်ရေးဆိုင်ရာ သဘောတူညီချက်များ ရရှိခဲ့ခြင်းသည် အရှေ့တောင်အာရှ ရထားလုပ်ငန်း ဈေးကွက်အတွင်းသို့ ယင်းနိုင်ငံ ပိုမိုထိုးဖောက်လာမည့် လက္ခဏာတစ်ရပ်အဖြစ် ရှုမြင်ရလေသည်။

ရုရှားနိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် ရထားလုပ်ငန်း စက်မှုကဏ္ဍကို ပြုပြင်ပြောင်းလဲရေး ပြုလုပ်ခဲ့ပြီးနောက် နိုင်ငံတကာ ရထားဈေးကွက်အတွင်းသို့ ပိုမိုထိုးဖောက်နိုင်ရန် ကြိုးပမ်းလာသည်။ ရုရှားနိုင်ငံသည် ယင်း၏ အိမ်နီးချင်းနိုင်ငံများနှင့် လစ်ဗျားကဲ့သို့သော ပင်လယ်ရပ်ခြားနိုင်ငံအချို့၌ ရထားလမ်းဖောက်လုပ်ရေးဆိုင်ရာ ကန်ထရိုက်စာချုပ်များကို ချုပ်ဆိုခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ကာလီမင်တန်ပြည်နယ်၌ ကျောက်မီးသွေးများကို သယ်ယူပို့ဆောင်နိုင်ရန် ရုရှားနိုင်ငံ က ရထားလမ်းဖောက်လုပ်ခွင့် ရရှိခဲ့ပြီး ဗီယက်နမ်တောင်ပိုင်း၌ ရထားလမ်းဖောက်လုပ်ပေးရန် ပြီးခဲ့သည့် ဧပြီလအတွင်း ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့ သဘောတူညီချက်တစ်ရပ်ရရှိခဲ့သည်။ ရထားတွဲများနှင့် ရထားစက်ခေါင်းများကို ဗီယက်နမ်နိုင်ငံ၌ တပ်ဆင်ထုတ်လုပ်ရန်လည်း နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။

ရထားနည်းပညာ တိုးတက်လာသော ရုရှားနိုင်ငံသည် ဒီဇယ်နှင့် လျှပ်စစ်ရထား စက်ခေါင်းများ၊ ရထားတွဲများနှင့် ရထားလမ်းများကို ထုတ်လုပ်နေပြီး ပြင်သစ်နိုင်ငံမှ Alstom ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံမှ Siemens ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ကာ ပြည်တွင်း၊ ပြည်ပ ရထားလုပ်ငန်းဈေးကွက်ကို ချဲ့ထွင်လျက်ရှိလေသည်။

ရုရှားနိုင်ငံသည် အရှေ့တောင်အာရှ ရထားဈေးကွက်သို့ ထိုးဖောက်ရန် ကြိုးပမ်းရာတွင် အကန့်အသတ်များနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်သည်ဟု တွက်ဆရလေသည်။

ပထမစိန်ခေါ်မှုတစ်ရပ်မှာ ရထားသံလမ်းအကျယ် (gauge) ကွာဟမှုပင်ဖြစ်သည်။ သံလမ်းနှစ်လမ်းအကြား အတိုင်းအထွာကို gauge ဟုခေါ်ပြီး ရုရှားအပါအဝင် ဥရောပနိုင်ငံများက ဖြက်ကျယ်သော gauge ကို အသုံးပြုကြသော်လည်း အရှေ့တောင်အာရှနိုင်ငံများက ဖြက်ကျဉ်းသော gauge ကို အသုံးပြုကြသည်။

ဒုတိယ စိန်ခေါ်မှုတစ်ရပ်မှာမူ ရထားလမ်းကွန်ရက် စီမံကိန်းများအတွက် ဘတ်ဂျက်ရန်ပုံငွေ အလုံအလောက် ရရှိနိုင်ရေးဖြစ်သည်။ အရှေ့တောင်အာရှ ဒေသနိုင်ငံများ၌ ခေတ်မီရထားလမ်းစနစ်များ ပေါ်ထွန်းလာရေးအတွက် ဘဏ္ဍာရေးအထောက်အပံ့ ကောင်းမွန်ရေးမှာ မရှိမဖြစ် အရေးကြီးလှပေသည်။

တတိယ စိန်ခေါ်မှုတစ်ရပ်မှာမူ ခရီးသည်တင် အမြန်ရထားစနစ်များ လိုအပ်နေသော အာဆီယံနိုင်ငံများ၏ ဈေးကွက်အတွင်းသို့ ရုရှားနိုင်ငံ ဝင်ရောက်နိုင်ရေးဖြစ်သည်။

ခရီးသည်တင် အမြန်ရထား တည်ဆောက်ရေး နည်းပညာအရ ဂျပန်နှင့် တရုတ်နိုင်ငံတို့၏ နည်းပညာက ရုရှားနည်းပညာထက် ပိုမိုသာလွန်နေသည်။

အရှေ့တောင်အာရှ ဒေသတွင်း စီးပွားရေးနှင့် နိုင်ငံရေးတို့အရ ဩဇာဖြန့်ကြက်မှု တိုးမြှင့်ပြုလုပ်နိုင်ရန် ဂျပန်နှင့် တရုတ်နိုင်ငံတို့ ယှဉ်ပြိုင်မှုကြီးမားလာသည်ကို တွေ့မြင်ရသည်။

သို့ဖြစ်၍ မဝေးသော အနာဂတ်ကာလတွင် အရှေ့တောင်အာရှ ရထားဈေးကွက်သို့ ရုရှားဝင်ရောက်နိုင်မှုကို အကန့်အသတ်ဖြင့်သာ တွေ့မြင်ရလိမ့်မည်ဟု မျှော်လင့်ရသည်။ သို့ရာတွင် ပြောင်းလဲလာသော ဘူမိနိုင်ငံရေး အခြေအနေများနှင့်အညီ အရှေ့တောင်အာရှ ရထားဈေးကွက်သို့ ရုရှားနိုင်ငံ ဆက်လက်ထိုးဖောက်လာနိုင်သည်ဟု ယူဆရလေသည်။

**ရုရှားနိုင်ငံသည် မကြာသေးမီက အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့် ရထားလမ်းဖောက်လုပ်ရေးဆိုင်ရာ သဘောတူညီချက်များရရှိခဲ့ခြင်းသည် အရှေ့တောင်အာရှ ရထားလုပ်ငန်းဈေးကွက်အတွင်းသို့ ယင်းနိုင်ငံ ပိုမိုထိုးဖောက်လာမည့် လက္ခဏာတစ်ရပ်အဖြစ် ရှုမြင်ရလေသည်။**

# ရေအောက်သယံဇာတ ရှာဖွေတူးဆွရန် တရုတ်နိုင်ငံ ခြေလှမ်းပြင်




အိန္ဒိယသမုဒ္ဒရာ၏ ပင်လယ်ကြမ်းပြင်အောက်တွင် တည်ရှိနေသော ဓာတ်သတ္တုသယံဇာတများအား စူးစမ်းရှာဖွေရာတွင် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း တရုတ်နိုင်ငံက မကြာသေးမီက ကမ်းလှမ်းလိုက်သည်။

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် တရုတ်နိုင်ငံသို့ သွားရောက်ရန် ရက်အနည်းငယ်မျှသာ လိုတော့ချိန်တွင် တရုတ်နိုင်ငံ၏ ယင်းကမ်းလှမ်းချက် ပေါ်ထွက်လာခဲ့သည်။

တရုတ်နိုင်ငံ၏ ပင်လယ်ရေအောက် စူးစမ်းလေ့လာရေး စက်ရုပ်ယာဉ်တစ်စင်းသည် ပြီးခဲ့သည့် မတ်လက အိန္ဒိယသမုဒ္ဒရာအတွင်း ငုပ်လျှိုး၍ လေ့လာခဲ့ရာတွင် ပင်လယ်ကြမ်းပြင်အောက်၌ အဖိုးတန် ဓာတ်သတ္တုသိုက်များ တည်ရှိနေသည့် အထောက်အထားများကို ရှာဖွေတွေ့ရှိခဲ့သည်။

တရုတ်နိုင်ငံသည် 'ကျွေ့လောင်း' အမည်ရှိ ရေငုပ်စက်ရုပ်ကို အသုံးပြု၍ အိန္ဒိယသမုဒ္ဒရာအောက်ဘက်ရှိ အဏ္ဏဝါဘူမိ မြေလွှာကို စူးစမ်းလေ့လာရာတွင် ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ် အပါအဝင် ဓာတ်သတ္တုသိုက်များ ကိန်းအောင်းနေပုံကို တွေ့ရှိရသည်။

နက်ရှိုင်းလှသော မီတာ ၇၀၀၀ အနက်အထိ ငုပ်လျှိုးနိုင်သော ရေငုပ်စက်ရုပ်သည် ပိုလီမက်တယ်လစ် ဆာလ်ဖိုက် (Polymetallic Sulfide) ရပ်ဝန်းကို ရှာဖွေတွေ့ရှိနိုင်ရန် ၁၁၈ ရက် ကြာမြင့်သည့် အဏ္ဏဝါစူးစမ်းလေ့လာမှုတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

ပင်လယ်ရေအောက် ကြမ်းပြင်ပေါ်မှ ဟိုက်ဒရိုသာမယ်အခိုးအငွေ့ ထွက်ပေါက်များ (Hydrothermal Sulfide) ကို ရှာဖွေတွေ့ရှိခဲ့ပြီး အပူချိန် ၃၀၀ ဒီဂရီဆဲလ်စီးယပ်စ်အထိရှိသော ရေပူကို မှုတ်ထုတ်နေသည့် နေရာများဖြစ်သည်။ ယင်းမှာ အဖိုးတန် ဓာတ်သတ္တုပစ္စည်းများ ကိန်းအောင်းနေသည့် ပင်လယ်ရေအောက် ဘူမိမြေလွှာ တည်နေရာများဖြစ်သည်ဟု သိပ္ပံပညာရှင်များက ဆိုကြသည်။

အိန္ဒိယသမုဒ္ဒရာအတွင်း ဓာတ်သတ္တုသယံဇာတ စူးစမ်းရှာဖွေမှုကို အိန္ဒိယနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြုလုပ်လိုကြောင်း တရုတ်ပြည်လုံးဆိုင်ရာ သမုဒ္ဒရာ ဓာတ်သတ္တုအရင်းအမြစ် လေ့လာရေးအသင်းက ပြောကြားခဲ့သည်။

သမုဒ္ဒရာ ပင်လယ်ကြမ်းပြင်အောက်၌ ဓာတ်သတ္တုသယံဇာတ စူးစမ်းရှာဖွေမှုနှင့် ထုတ်လုပ်သည့် လုပ်ငန်းသည် စရိတ်စက အလွန်ကြီးမားလှပြီး ဘေးအန္တရာယ်လည်း ပြွမ်းတီးလှသည်။ ယင်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် မေ ၁၄ ရက်မှ အစပြု၍ တရုတ်နိုင်ငံသို့ သုံးရက်ကြာ သွားရောက်ရန် ရှိနေစဉ် ပင်လယ်ကြမ်းပြင်အောက် ဓာတ်သတ္တု ရှာဖွေရေးလုပ်ငန်း၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံ၏ ကမ်းလှမ်းချက်ကြောင့် အိန္ဒိယနိုင်ငံမှာ အံ့အားသင့်ခဲ့ရသည်ဆို၏။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သဘာဝသယံဇာတများကို ပိုမိုလိုအပ်လာသော တရုတ်နိုင်ငံသည် ပင်လယ်ကြမ်းပြင်အောက်၌ ဓာတ်သတ္တုတူးဖော်ရန် အာရုံစိုက်လာပုံရသည်။ အိန္ဒိယသမုဒ္ဒရာနှင့်လည်းကောင်း၊ ပစိဖိတ်သမုဒ္ဒရာနှင့်လည်းကောင်း နီးကပ်စွာတည်ရှိသော တရုတ်နိုင်ငံသည် ပင်လယ်ရေအောက် စူးစမ်းရှာဖွေရေးလုပ်ငန်းကို တိုးမြှင့်ပြုလုပ်လာနေခြင်းအတွက် အမေရိကန်၊ ရုရှား၊ ဂျပန်နှင့် ပြင်သစ်နိုင်ငံတို့က စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြသည်။ ။

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍာယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

မြင်းလှည်းသည် ထီးတန်းဘက်မှ လှည့်၍ အလုံကမ်းနားတစ်လျှောက်ပြေးသည်။တင့်ကားပျက်၊အဆောက်အအုံပျက်၊ မီးလောင်မြေကွက်တို့ကိုသာ ဖြတ်လာသည်။ လမ်း၌ လူသူလေးပါး မတွေ့ရ။ အခြားယာဉ်ရထား တစ်စီး တစ်လေမျှကိုလည် မမြင်။

တစ်နာရီကျော် ခရီးနှင်ခဲ့ရာမှ မော်တင်လမ်းအရောက်တွင် လေကြောင်းအန္တရာယ် နှိုးဆော်သည့်ခွေးဥသြသံများ ဆူညံလာသည်။

လှည်းပေါ်ရှိ ခရီးသည်အားလုံး လမ်းဘေးဆင်း ဝပ်ကြသည်။ ကျွန်တော်က မြင်းလှည်းဆရာကို ကူညီ၍ လှည်းနှင့် မြင်းကို တိုက်ပျက်တစ်လုံးဘေးသို့ ဆွဲယူလာသည်။

လေယာဉ်ပျံသံများ တဝုန်းဝုန်း ကြားရသည်။ လေယာဉ်ပျံပစ် အမြောက်သံများကလည်း အဆက်မပြတ် ပေါ်ထွက်လာကြသည်။ လန့်သောမြင်း ထွက်မပြေးရန် မြင်းလှည်းဆရာက အာထောက်ကို တင်းအောင်ဆွဲ၍ ထိန်းထားခိုက် ကျွန်တော်က ဘီးတစ်ဖက်ကို ခြေနှင့် ကန်ထားရ၏။

ကျွန်တော်တို့ ခေါင်းပေါ်မှာ အရောင်တလက်လက်ဖြင့် လေယာဉ်ပျံ အစီးနှစ်ဆယ်ခန့် ပျံသန်းနေသည်။ ပေါက်ကွဲသောလေယာဉ်ပစ် အမြောက်ဆန်တို့ကြောင့် ကောင်းကင်တွင် မီးခိုးမည်းအစုကလေးများမြင်ရသည်။

ဝင်းလက်သော လေယာဉ်ပျံအုပ်စုတို့ ဆက်ကာဆက်ကာ လာသည်။ ကောင်းကင်၌ မီးခိုးမည်း အစုကလေးများသည် တိမ်အုပ်အသေးစားများသဖွယ် ပြည့်နှက်နေသည်။

စိမ်းမည်းမည်းအရောင် ဂျပန်တိုက်လေယာဉ်ပျံလေးစီး တက်လာသည်ကို တွေ့ရသည်။ သို့ရာတွင် ပြောင်ပြောင်လက်လက် လေယာဉ်ပျံအုပ်စုအထက်မှ အမြီးနှစ်ခွနှင့် လေယာဉ်ဆယ်စီးခန့်က ဂျပန်လေယာဉ်ပျံများဆီ တစ်ဟုန်ထိုး စိုက်ဆင်းပေါ်ထွက်လာ၏။ တဒုတ်ဒုတ် တဒက်ဒက် စက်သေနတ်သံများလည်းကြားရသည်။

မီးခိုးတလူလူဖြင့် ဂျပန်လေယာဉ်ပျံနှစ်စီး တောင်ဘက်ဆီ ထိုးစိုက်ကျလာ၏။ အခြားဂျပန်လေယာဉ်ပျံနှစ်စီး ဘယ်ပျောက်သွားမှန်း မသိ။

အမြီးနှစ်ခွ လေယာဉ်ပျံများသည် မြစ်ပြင်ဆီ ထိုးဆင်းလျှောကာ စက်သေနတ် သရမ်းသွားကြသေးသည်။

အမြောက်သံနှင့် ဗုံးသံများက ဆက်တိုက်ပေါက်ကွဲပေါ်နေသည်။ ပုဇွန်တောင်ဘက်ဆီမှ မီးခိုးလုံးကြီးများ အလိပ်လိပ် ပေါ်ထွက်လာကြပြန်သည်။

ကျွန်တော်တို့အားလုံး မြင်းလှည်းပေါ်ပြန်တက်ကာ ညောင်ပင်လေးဆိပ်သို့ ခရီးဆက်ခဲ့ကြသည်။ ကျွန်တော်တို့ ဦးတည်ရာဆီ၌ မီးခိုးနှင့် မီးလျှံများ ကောင်းကင်ဆီ ထိုးတက်နေသည်။

သော်မဆင်လမ်း ရောက်သောအခါ အရှေ့ဘက် ကမ်းနားလမ်းဆီ၌ တဟုန်းဟုန်းတောက်နေသည်ကို တွေ့ရသည်။

မြင်းလှည်းဆရာသည် မြောက်ဘက်ပြန်ချိုးကာ ရေကျော်ဘက်ဆီ မောင်းသည်။ ဓာတ်ရထားလမ်းဟောင်း အတိုင်း အရှေ့ဘက် ပြန်မောင်းလာပြန်သည်။ တောင်ဘက်ကွေ့၍ အတန်ငယ် မောင်းလာပြီးမှ မြင်းလှည်းကို ရပ်လိုက်သည်။

"ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူးဗျ"

ဘာကြောင့်ဟု သူ့ကို မေးရန်မလို။ ကမ်းနားဆီ၌ တဟုန်းဟုန်းတောက်လောင်နေသော မီးတောက်များကို မြင်ရသည်။ မီးခိုးလုံးများလည်း မှောင်နေ၏။ မီးသတ်ကားသုံးစီးခန့် အပြေးမောင်းနှင်သွားကြသည်။ ဂျပန်စစ်ကားများကလည်း မီးသတ်ကားတို့နှင့်အတူ ပါလာသည်။

ကျွန်တော်သည် မြင်းလှည်းသမားကို ငွေငါးကျပ် ထုတ်ပေးပြီး မဝေးလှသော ညောင်ပင်လေးဆိပ်သို့ ခြေလျင် သွက်သွက်လျှောက်လာခဲ့သည်။

ကျွန်တော် ကြိုးစားသမျှ အချည်းနှီးတည်း။

ညောင်ပင်လေးဆိပ်၌ မီးခိုးတို့ မည်းမှောင်နေသည်။ ဆိပ်ကမ်း၌ သင်္ဘောငယ်သုံးစီးမှာ မီးလောင်နစ်မြုပ်နေ၏။ ရေလယ်တွင် သမ္ဗန်အချို့သည် မှောက်ခုံလန်၍ ပေါလောပေါ်မျောနေသည်။

ကျွန်တော်သည် စိတ်ပျက်ခြင်းကြီးစွာဖြင့် လာလမ်းအတိုင်း ပြန်လျှောက်ခဲ့မိ၏။ ကံအားလျော်စွာ ကျွန်တော့်မိတ်ဆွေ မြင်းလှည်းဆရာကို ပြန်တွေ့သည်။

" အတော်ပဲ ဗိုလ်လေး၊ တစ်ယောက်စာပဲ ကျန်တော့တယ်၊ ပြန်လိုက်မလား "

" လိုက်မယ်လေ . . . ဒါထက် ခင်ဗျား ဘယ်လမ်းက ပြန်မလဲ "

" ဗဟန်းဘက်က လှည့်ပြန်မယ် "

" ဒါဖြင့် အတော်ပဲ၊ ကျွန်တော် မြေနီကုန်းအထိ လိုက်မယ်၊ ဒါထက် ကြိတ်တန်းက အမျိုးသမီးပွဲရုံသိလား "

"သိတယ် . . . မြိုင်နဲ့ ကြိုင် မဟုတ်လား"

"ဟုတ်ပါတယ် . . ."

" ကျွန်တော့်ဖောက်သည် ပွဲရုံပဲ၊ ဘာဆောင်ရွက်ပေးရမလဲ ဗိုလ်လေး . . . "

" အထူးမဟုတ်ပါဘူး၊ ကျွန်တော် သန်လျင်ဘက် မကူးဖြစ်ဘူး၊ မင်္ဂလာဒုံ ပြန်သွားပြီလို့ ပြောပြပေးပါ "

" ဘာဝန်လေးတာမှတ်လို့ ဗိုလ်လေးရာ၊ ပြောပြပေးမှာပေါ့။ ဒါထက် နာမည်ဘယ်သူလို့ ပြောရမလဲ "

"မောင်. . . အဲ ဗိုလ်မောင်မောင်ဆို သိပါတယ် . . ."

ဇက်ကြိုးကုန် လွှတ်၍ မောင်းနှင်ခဲ့သော မြင်းလှည်းသည် ညနေငါးနာရီခန့်ကျမှ မြေနီကုန်းရောက်သည်။

ကျွန်တော်က ဆာကုရ ရုပ်ရှင်ရုံကြီး အနီးတွင် ဆင်းလိုက်သည်။ ဘာကြောင့် ကြိုင်နှင့် မြိုင်ထံ မပြန်ရသည်ကိုလည်း ကိုယ့်ကိုယ်ကို မသိ။

အရှေ့ဘက် မိုးပြင်ဆီ၌ နီရဲသော မီးလျှံနှင့် မည်းမှောင်သော အခိုးတို့ မငြိမ်းမသေသေး။

ပြည်လမ်းမှ သစ်ရိပ်တောတစ်ခုထက် မှုန်ရီညို ဆိုင်းသော နှင်းမြူတို့ကို ကြည့်ရင်း ရင်တွင်း၌ ဦးဇင်း၏ ကဗျာသည် အမှတ်မထင် ပေါ်လာ၏။

သူငယ်ချင်း နှောင်းသိင်္ဂီဆွေ . . .။

ဟောင်းကုန္ဒနီရော်ရွက်သို့၊ မျှော်လျက်နှင့် သက်ကာကြွေ၊ဆွေးရစ်တော့မေ။ လွမ်းတသသ မှန်းဆသူရေ၊ စန်းလငွေ မှုန်ရစ်တော့ လေး . . .။

### (၁၉) အိပ်မက်ပမာလည်

" တမုတ်ပြေဝါ၊ စိမ်းပြာညိုမြ၊ ခြယ်စုံလှသို့၊ ညွှန်းပ မမြန်း၊ ထွေထွေစွန်းသား၊ ရေပန်းမြစ်ဆိပ်၊ ပွင့်မျောရိပ်က၊ နတ်အိပ်ခဲ့သေး၊ ရင်းမာမွှေး၍၊ ငှက်ကျေးနှုန်းပုံ၊ ပျော်ချင်တုံလည်း၊ ပေါင်းရုံမျှရက်၊ လင့်မည်ခက်ခဲ့၊ သည့်ထက်ကြာဘိ၊ မေ့ဘွယ်ရှိ၏။

မျက်စိစိတ်ပျံ့၊ မကြိုးဝံ့တည့်၊ နူးညံ့သာချို၊ ဆိုသည်ပီပီ၊ နှင့်မညီသော်၊ ကုံးသီမြမဝတ်၊ လွှတ်မလွှတ်ကို၊ ချစ်ထွတ်တင်ထား၊ သနားပါအောင်၊ လက်ဆောင်အသက်၊ နှင်းဆက်ပါချင်၊ ဝါးလုံးစင်သည်၊ လွမ်းအင်ကြီးပြန်ခဲတကား . . . "

နတ်ရှင်နောင်၏ ထာဝရလှပသော ကဗျာတို့အနက် ကျွန်တော့်အသည်းအစွဲဆုံးကား သမုဒ်ဧရာချီသည့် မြသိတင် ဘုရားတိုင်ရတုဖြစ်ပါသည်။ သမုဒ်ဧရာ၊ ကမုဒ်ရွှေကြာ၊ တမုတ်ပြေဝါ . . . စသော သုံးပိုဒ်အနက် အထက်၌ ဖော်ပြခဲ့သော တမုတ်ပြေဝါချီ တတိယ နောက်ဆုံးပိုဒ်ကို သဘာဝအလှနှင့် နှလုံးသားဟဒယ၏ တမ်းတမှုကို အညမညဖြစ်အောင် အဖော်ပြနိုင်ဆုံး ဖြစ်ရကား နှုတ်ဖျား၌ အမှတ်ထင်ထင်အစဉ် သီးတင်နေမိရိုးရှိသည်။

တော်လှန်ရေးကာလအတွင်း ကျွန်တော်သည် တောင်ငူနယ်၌ တာဝန်ကျသည်။ တောင်ငူမြို့ မြောက်ဘက် ရှစ်မိုင်အကွာတွင်ရှိသော ကမ်းနီမြစ်ကမ်းပါးတွင် တပ်စခန်းချခဲ့ဖူးသည်။ ကျွန်တော်တို့စခန်းကား ကမ်းနီဘုရားသာ ဖြစ်သည်။ ကမ်းနီဘုရားဟူသည်လည်း ကာလရွေ့လျော၍ အခေါ်သညာ မှားခဲ့ပြီဖြစ်သော မြသိတင်ဘုရားပင် ဖြစ်ပါလေ၏။

နတ်ရှင်နောင် ကျေးဇူးကြောင့် ကမ်းနီချောင်းသည်လည်းကောင်း၊ ခပေါင်းချောင်းသည်လည်းကောင်း၊ ပေါင်းလောင်းမြစ်သည်လည်းကောင်း ကျွန်တော့်အတွက် မမြင်ဖူးခင်ကပင် စိတ်ကူးနှင့်မှန်းကာ ကြည်နူး၍ လွမ်းခဲ့ရသော ရေပန်းမြစ်ဆိပ်တို့ ဖြစ်နေခဲ့ပါ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**




လောဘကြီးသော ဗေဒင်ဆရာတစ်ဦး၏ အမှန်အကန်ဖြောင့်ချက်

ဆန်တစ်ပြည်နဲ့ငွေတစ်မတ်

ဝင်းဇော် (သစ်တော)

- ဆရာကြီးမင်းသိခ်ဟောခဲ့တဲ့ 2015 ခုနှစ်ကုန် မြန်မာပြည်နိုင်ငံရေး ကံကြမ္မာဗေဒင်ဟောကိန်း အစစ်အမှန်
- တိုင်းပြည်ရဲ့ အနာဂတ်နိုင်ငံရေးအခြေအနေကို လျှာဖြတ်ကြေး လောင်းကြေးထပ်ပြီး ဗေဒင်ဟောကိန်း ထုတ်ဝံ့တဲ့ ဗေဒင်ဆရာ
- စပွန်ဆာကွဲနဲ့ စပွန်ဆာမျှော်ဆဲမော်ဒယ်ဂဲလ်တွေကို ကိုရီးယားကင်ချီဖြစ်အောင် လုပ်နည်း
- လင်ကမချစ်လို့ လင်ပစ်ခံရတဲ့ ဗေဒင်ဆရာမတစ်ဦးရဲ့အစွမ်းထက်တဲ့လင်ချစ်ဆေး
- နဂါးမလေးတွေလှုယောင်ဖန်ဆင်းပြီး နိုင်ငံတကာအလှမယ် ရွေးပွဲတွေမှာ မြန်မာနိုင်ငံကိုယ်စား ဝင်ရောက် ယှဉ်ပြိုင်မယ့် အံ့ဖွယ်သတင်း
- ရတနာဒီပံယတြာဖယောင်းတိုင်ရဲ့အစွမ်းကြောင့် သိန်းပေါင်းများစွာ ချမ်းသာသွားတဲ့ ဗေဒင်ဝိဇ္ဇာဆရာလှူကြီးများ အကြောင်း

ထွက်ပြီ

မရမ်းတလင်းစာပေ၊ အမှတ် (၁၄) ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း - 01-543297
မျက်မှင့်စာပေ၊ အမှတ် (၂၃၅)၊ ၃ဂုလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-73002965

6 ROOTS AIRCON SERVICES

အဲကွန်းတပ်ဆင်ချင်သူများအတွက်အထူးဈေးနှုန်း
ပိုက် ၁၀ပေ – 2000 ကျပ် (1HP အားအတွက်)
– 2500 ကျပ် (1½HP အားအတွက်)
ဖြင့်တပ်ဆင် ဆောင်ရွက်ပေးနေပါသည်။

၃နှစ် အာမခံ Aluminium Alloy ပိုက်အသားသာ

နောက်ဆုံးပေါ်နည်းပညာသုံး အာမခံ (၃)နှစ်အပြင်၊ အထူ 1mm ရှိသော Armour Aluminium Alloy ပိုက်တို့ အသုံးပြုပြီး၊ (၀.၅ လက်မ) အထူရှိတော့ပိုက်ဖြင့် သီးခြားတစ်ပိုက်စီ အသုံးပြုပေးထားလို့ အရည်အသွေးပိုင်းမှာ အထူးပဲ စိတ်ချရပါသည်၊

Armour Aluminium Alloy Tube

ဖုန်းလေးသာဆက်လိုက်ပါ
09-36 266 444
www.facebook.com/6roots
၃၈ (A)၊ မြသိင်္ဂီလမ်း၊ ဗဟိုလမ်းမှဝင်ပါ၊ ကမာရွတ်၊ ရန်ကုန်။





ပါရမီပရမတ္ထကျောင်းတိုက်၊ သုခမိန်လမ်းမကြီး၊ ဏ-၁၄ ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်။
ကျောင်းထိုင်ဆရာတော် ဖုန်း-၀၉၄၃၀၉၃၀၈၆၉၊ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၉၂၅၀၅၂၀၉၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အင်းလေးချစ်သူ (Travels & Tours)
အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း
တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ထမ်မံမ်း၊ ကက္ကူ
(Hotel-2N) (May-15)) 119000/-
Ph: 09-421030814, 09-250092602, 09-5010851

မူးယစ်ဆန့်ကျင်
အောင်ပွဲဆင်

စာပေလောကစာအုပ်



လွယ်ကူမြန်ဆန်
မိသားစုထမင်းဝိုင်း
ဟင်းချက်နည်းများ
Kae Kae's (Food Palace)

စာပေလောက အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၇၄၃၉၁

## အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပွဲကျင်းပ

**ပေါင် မေ ၉**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့် အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၉ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မြို့နယ် အခွန်ဦးစီးအရာရှိ ဒေါ်ဌေးဌေးဝင်းက ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်အစရှိသည့် အခွန်လေးမျိုးနှင့် ပတ်သက်သည့် သိကောင်းစရာများအပြင် ဝင်ငွေခွန်အမျိုးအစားတွင် ပါဝင်သည့် လစာခွန်အကြောင်းကိုလည်း ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် အခွန်ထမ်းဆောင်ပြည်သူများမှသိလိုသည့်မေးမြန်းမှုများကို အခွန်ဦးစီးအရာရှိက ပြန် လည်ဖြေကြားခဲ့ကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ဒီမိုကရေစီ အနှစ်သာရ ခံစားလိုက အခွန်ပေးကြ**

# အလုံဈေးအား နှစ်ထပ်ဈေးအဖြစ် အဆင့်မြှင့်တည်ဆောက်မည်

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောလမ်းနှင့် ငုဝါလမ်းထောင့်ရှိ အလုံဈေးအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နှစ်ထပ်ဈေးအဖြစ် အဆင့်မြှင့်တည်ဆောက်မည်ဖြစ်သောကြောင့် ယာယီဆိုင်ခန်းများကို ဈေးပတ်ချာလည်တွင် တည်ဆောက်နေပြီဖြစ်ကြောင်း မေ ၇ ရက်က အလုံဈေးတာဝန်ခံ ဦးကျော်လှက ပြောသည်။

"အလုံဈေးကို နှစ်ထပ်ဈေးအဖြစ် ပြန်လည်တည်ဆောက်ရာမှာ ဈေးတစ်ခြမ်းကို အရင်ဆုံးတည်ဆောက်မှာပါ။ ယာယီဈေး ဆောက်လုပ်ဖို့နေရာအခက်အခဲရှိပါတယ်။ ယာယီဆင်မင်းဈေးနေရာကလည်း မြက်ခင်းတု ဘောလုံးကွင်းတည်ဆောက်မှာ။ နေရာအခက်အခဲရှိတဲ့အတွက် ဈေးပတ်လည် မှာ ၄ ပေ× ပေ ၆ ယာယီဆိုင်ခန်း ၁၁၆ ခန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကနေ တည်ဆောက်ထားပါတယ်" ဟု အလုံဈေးတာဝန်ခံ ဦးကျော်လှကပြောသည်။

ယာယီဆိုင်ခန်းများပေးရာတွင် မူလဈေးရုံတွင် အခန်းဝယ်ယူထားသော်လည်း ဆိုင်မထွက်သော ဆိုင်ခန်းများအား မပေးဘဲ မှတ်ပုံတင်အရ ဆိုင်ခန်းပိုင်ဆိုင်မှု လေးခန်းနှင့် သုံးခန်းရှိသူများကို နှစ်ခန်းပေးပြီး နှစ်ခန်းပိုင်သူသည် တစ်ခန်းရမည်ဖြစ်ကြောင်း၊ နှစ်ထပ်ဈေးတည်ဆောက်ပြီးပါက အောက်ထပ်ရှိ ဆိုင်ခန်းများကို မူလဆိုင်ခန်းပိုင်ရှင်အားလုံးကို ပြန်လည်ပေးအပ်ပြီး၊ အပေါ်ထပ်တွင် ဈေးအတွင်းရှိ ပျံကျဈေးသည်များနှင့် ဈေးအပြင်ဘက် ပျံကျဈေးသည်များကို တစ်နေ့တာရောင်းပြန်သိမ်းစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်ကြောင်း ယင်းကဆက်လက် ပြောသည်။

အဆိုပါနှစ်ထပ်ဈေးအား ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**



# စကားဝါမြေဖောင်ဒေးရှင်း၏ပံ့ပိုးမှုဖြင့် ကျောက်ပန်းတောင်းရှိ ကျေးရွာ ၁၅၃ ရွာတွင် ယဉ်ကျေးလိမ္မာသင်တန်းများဖွင့်လှစ်ပို့ချ

**ကျောက်ပန်းတောင်း မေ ၉**

ကျောက်ပန်းတောင်းမြို့နယ်တွင် ယဉ်ကျေးလိမ္မာသင်တန်းများကို စကားဝါမြေဖောင်ဒေးရှင်း၏ နာယက၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၏ အစီအစဉ်ဖြင့် စကားဝါမြေဖောင်ဒေးရှင်းမှ ပံ့ပိုးကူညီ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၅၃ ရွာတွင် ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပြုသင်တန်းသား ၆၈၈၈ ဦးအတွက် ဗလာစာအုပ်တစ်အုပ်စီနှင့်ဆရာကိုင် ပြဌာန်းစာအုပ် ၂၂၆ အုပ်တို့ကို ဖြန့်ဝေပေးထားပြီး သင်တန်းကို မေ ၁ ရက်မှ မေ ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ကျေးရွာရှိ ဆရာတော်သံဃာတော်များနှင့် ပညာရေးဌာနမှ ဆရာ၊ ဆရာမများက သင်ကြားမှုအပိုင်းကို တာဝန်ယူဆောင်ရွက်ကြောင်း သိရသည်။

ကျေးလက်ဒေသနေ လူငယ်၊ မောင်မယ်များ ယဉ်ကျေးလိမ္မာမှုရှိစေရန်နှင့် ဗုဒ္ဓ၏ အဆုံးအမတရားတော်များနှင့်အညီ ကျင့်ကြံနေထိုင်တတ်စေရန်နှင့် တိုင်းပြည်နှင့် ရပ်ရွာဒေသအကျိုးများကို သယ်ပိုးထမ်းရွက်နိုင်မည့် နိုင်ငံသားကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ဝက်လက်မြို့တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီး

**ဝက်လက် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းဆောင်သစ်ဆောက်လုပ်လျက်ရှိရာ ယခုအချိန်တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောက်လုပ်ပြီးစီးသော ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၃၀၊ အနံ ပေ ၃၀ RC နှစ်ထပ်အဆောက်အအုံဖြစ်ပြီး ပညာရေးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မြန်မာဂလိုဘယ်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **နန်းမြင့်(ဝက်လက်)**


## (၂၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

ချစ်ဖေဖေ C/E ဦးကျော်သန်း B.E(Mech:), M.O.T 1st Class Engineer, (Raffles Ship Management Pte.Ltd)နှင့် ချစ်မေမေ ဒေါ်ဥမ္မာတို့၏ မေလ ၅ရက်တွင် ကျရောက်သော (၂၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှစ၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာခြင်းတို့ဖြင့် နောင်နှစ်ပေါင်းများစွာတိုင် ဘာသာ၊ သာသနာအကျိုး ပျော်ရွှင်ချမ်းမြေ့စွာ ထမ်းဆောင်ရင်းလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းခြွေအပ်ပါသည်။

ချစ်သားကြီး - ဒေါက်တာအောင်ကျော်မိုး
**M.B.,B.S(YGN), Moe Clinic**

ချစ်သားလတ် - မောင်ဇော်ရဲထွဋ်
**3rd year (Physics) University of South Florida, U.S.A**

ချစ်သမီးငယ် - မလမင်းအိမ်
**Final Year (Logistics & Supply Chain Management), Curtin University, Singapore**

ပုဂ္ဂလိကကျွန်းစိုက်ခင်းတာဝန်ခံ ကျား(၁)ဦး

သစ်တောအရာရှိ တာဝန်လုပ်ခဲ့ဖူးသူ ဖြစ်ရမည်။ တာဝန်ကျသည့်နေရာတွင် လုပ်နိုင်ရမည်။ လစာညှိနှိုင်းပေးမည်။ သက်ဆိုင်သည့်စာရွက်စာတမ်းနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
ဖုန်း - ၀၁ ၅၄၉၅၀၂၊ ၀၁ ၅၄၆၉၇၈၊ ၀၁ ၅၅၀၅၉၆

**ကား မျိုးစုံ**
(Alphard/Hiace ၇၊၉၊၁၁၃ယောက်စီး/Saloon/၂၅၊၃၃၊၄၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်သည်၊
**Ph:09-5418126**

## MIC Youth Education Fair 2015

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူ ကျောင်းသားလူငယ်များအတွက်
နိုင်ငံတကာပညာရေးအခွင့်အလမ်းများဆွေးနွေးပွဲ



တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် ပြုလုပ်သင့်သောပညာရေးပြင်ဆင်မှုများနှင့် နိုင်ငံတကာ ပညာရေးဆိုင်ရာ အခွင့်အလမ်းများ ဆွေးနွေးပွဲကို မေလ ၁၇ ရက်နေ့တွင် Myanmar Imperial College (MIC) မှ ကြီးမှူး ကျင်းပမည် ဖြစ်ပါသည်။

ပြည်ပတွင်တက်ရောက်နိုင်သော Singapore နှင့် UK မှပေးအပ်သည့် Bachelor နှင့် MBA Programme များ၊ Singapore Education ဆိုင်ရာ သိမှတ်ဖွယ်ရာ ဗဟုသုတများကိုဆွေးနွေးဟောပြောမည်ဖြစ်ပြီး UK တွင် တက်ရောက်သင်ကြားနိုင်သော တက္ကသိုလ်များ၊ဘာသာရပ်များအကြောင်းကိုလည်း ရှင်းပြမည် ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်လည်း MIC မှ နိုင်ငံတကာ အသိအမှတ်ပြု UK မှ ပေးအပ်သော Bachelor များနှင့် MBA Programme များ အကြောင်းကိုလည်း ဆွေးနွေးမည် ဖြစ်ပါသည်။ ထို ဆွေးနွေးပွဲကို မေလ (၁၇) ရက်နေ့၊ Sule Shangri-La Hotel (Bago Room) တွင် နေ့လည် ၂ နာရီမှ ၄ နာရီထိ ကျင်းပမည်ဖြစ်ပြီး ပါဝင်တက်ရောက်လိုသူများအနေဖြင့် အသေးစိတ်သိရှိရန် 01 537 562 နှင့် 09 732 10001 ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ဖောင်းတောအင်းကွင်း၌ ငါးမွေးမြူရေးကန်များ ပြန်လည်တူးဖော်



**လွိုင်ကော် မေ ၉**

လွိုင်ကော်ခရိုင် ဒီမောဆိုမြို့နယ်ရှိ ဖောင်းတောအင်းရေနက်ကွင်းအတွင်း ငါးမွေးမြူရေးကန်များ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ကယားပြည်နယ်အစိုးရအဖွဲ့ပိုင် ကုန်း၊ ရေ နှစ်သွယ်သွား မြေကော်စက်ကြီးကို အသုံးပြုပြီး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က ကန်စတင်တူးဖော်ဆောင်ရာတွင် စက်ယန္တရားများမရှိခြင်း၊ လူ၏ လုပ်အားဖြင့်သာ တူးဖော်ဆောင်ရွက်ရသည့်အတွက် အခက်အခဲများစွာ ကြုံတွေ့ရကြောင်း၊ နည်းပညာအားနည်းမှုကြောင့် အပေါ်ယံမြေသာ တူးဖော်နိုင်ကြောင်း၊ ကျွန်းမျှောဖြစ်သည့်အတွက် ရေတက်လျှင် လိုက်တက် ရေကျလျှင် လိုက်ကျမှုများဖြစ်သည့်အတွက် ငါးများမွေးမြူရာတွင် အခက်အခဲနှင့်ကြုံတွေ့ရကြောင်း၊ ၂၀၀၈ ခုနှစ်နောက်ပိုင်းမှစပြီး မြေကော်စက်ငယ်ဖြင့် စတင်တူးဖော်မှုများ ဆောင်ရွက်ခဲ့သည့်အတွက် ယခင်ကထက်ပိုမိုကောင်းမွန်လာကြောင်း၊ ယင်းသို့ မြေကော်စက်ငယ်ကို ငါးကန်တူးဖော်ရန် ရေထဲသို့ သစ်လုံးများ ခင်းပြီး သစ်လုံးပေါ်မှ စက်ကို မောင်းနှင်စေ၍ တူးဖော်ခဲ့ရကြောင်း၊ ယခုအခါတွင် ကယားပြည်နယ်အစိုးရအဖွဲ့တွင် ကုန်း၊ ရေ နှစ်သွယ်သွား မြေကော်စက်များ ရောက်ရှိနေသည်ကို သိရှိရသည့်အတွက် သွားရောက်တင်ပြရာ ပြည်နယ်အစိုးရက အသုံးပြုခွင့်ပြု၍ ကန်များတူးဖော်ဆောင်ရွက်ရာတွင် အလွန်အဆင်ပြေကြောင်း၊ ၎င်းစက်ဖြင့် အင်းတစ်ခုလုံးဖော်ဆောင်ရွက်ပါက ကယားပြည်နယ် သားငါးကဏ္ဍမှာ များစွာအကျိုးရှိလာမှာဖြစ်ကြောင်း ငါးမွေးကန် ပြန်လည်တူးဖော်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ငါးမွေးမြူရေးလုပ်ငန်းရှင်ဦးအာဗရာဟန်ကပြောသည်။

"ငါးမွေးမြူမှုအပိုင်းမှာ အဓိကအားဖြင့် မြက်စားငါးကြင်းနှင့် ထိုင်းငါးခုံးမတို့ကို အများစု မွေးမြူပါတယ်။ ဒေသနဲ့လည်း ကိုက်ညီမှုရှိတယ်။ ရွှေဝါငါးကြင်းနဲ့ မြက်စား ငါးကြင်းကတော့ ဖြစ်ထွန်းမှုတော့ရှိတယ်။ ဒါပေမယ့် အရွယ်အစားမညီမျှမှုဖြစ်တယ်။ အင်းတစ်ခုလုံးဖြစ်လာမယ်ဆိုရင် ကယားပြည်နယ်အနေဖြင့် လူဦးရေနှစ်သိန်းရှစ်သောင်းကျော်သာရှိတဲ့အတွက် မိမိတို့ငါးတွေ အများကြီးပိုနိုင်တဲ့အနေအထားများရှိတယ်။ ထိုင်းကုန်သွယ်လမ်း အမှန်တကယ်ဖွင့်မယ်ဆိုရင် ရေခဲရိုက်ပြီး နီးစပ်တဲ့ထိုင်းနိုင်ငံကို ပို့နိုင်တဲ့အဆင့်အထိ ရောက်အောင်ဆောင်ရွက်မှာပါ။ ငါးကန်ထိသာ လျှပ်စစ်မီးရောက်လာမယ်ဆိုရင် ကြက်မွေးမြူရေး၊ ဘဲမွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်လာနိုင်မှာပါ" ဟု ဦးအာဗရာဟန်က ဆက်လက်ပြောသည်။

ဖောင်းတောအင်းရေနက်ကွင်းသည် ဧက (၅၀၀) ရှိသည့်အတွက် မွေးမြူရေးဇုန် သတ်မှတ် ဖော်ဆောင်မည်ဆိုပါက ပြည်နယ်အတွက် များစွာအကျိုးရရှိနိုင်ကြောင်း၊ အရင်းအနှီးမနိုင်သည့်အတွက် လက်ရှိလုပ်ကိုင်နေသည့် ငါးမွေးမြူရေးကန် ၁၄၉ ဧကတွင် ၁၂၉ ဧကသာ မွေးမြူနိုင်ကြောင်း၊ ဧက ၂၀ ခန့်သည် ငါးမွေးတောင်သူများ ငွေကြေးမတတ်နိုင်သည့်အတွက် ရပ်နားထားရကြောင်း၊ ယခုလက်ရှိမွေးမြူနေသည့် ၁၂၉ ဧကတွင် နည်းစနစ်ကျကျ မွေးမြူထားခြင်းမဟုတ်သော်လည်း အခြားနေရာများနှင့်နှိုင်းယှဉ်ပါက ငါးကုန်ချိန်အများဆုံးထွက်သည့် နေရာဖြစ်ကြောင်း၊ ရေနုတ်မြောင်းရှိပြီး ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း၊ လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ပေးပါက နွေစပါး၊ မိုးစပါး၊ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ကုန်ပစ္စည်းများ သယ်ဆောင်ရန်အတွက် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းကို ၂၀၀၂ ခုနှစ်တွင် စတင်ဆောင်ရွက်ပြီး ချေးငွေများရယူကာ ဆောင်ရွက်ရာတွင် ၂၀၀၈ ခုနှစ်က မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာနမှ ချေးယူကြောင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကယားပြည်နယ်အနေဖြင့် သိန်းပေါင်း ၇၁၈ သိန်း ချေးယူထားပြီးဖြစ်ကြောင်း ဦးအာဗရာဟန်၏ပြောပြချက်အရ သိရသည်။

အဆိုပါငါးမွေးကန်များသည် လွိုင်ကော်မြို့အတွင်း ဖြတ်သန်းစီးဆင်းသွားသော ဘီလူးချောင်းကမ်းဘေးတွင် တည်ရှိပြီး ယင်းကျေးရွာတွင် နေထိုင်ကြသူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သည်။ **လွိုင်ကော်ခရိုင်ပြန်/ဆက်**

# တိုင်းရင်းဆေး ပညာ(အခြေခံ) ရက်တိုသင်တန်း ဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကချင်ပြည်နယ်တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကချင်နှစ်ချင်းခရစ်ယာန်အဖွဲ့ချုပ် ကုသသာသနာ၏ ပံ့ပိုးမှုဖြင့် တိုင်းရင်းဆေးပညာ(အခြေခံ) ရက်တိုသင်တန်းဖွင့်ပွဲကို မေ ၇ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းတွင် ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်နယ်ဦးစီးဌာနမှူး ဒေါ်ကြည်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးမင်းက တိုင်းရင်းဆေးပညာနှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။ ယင်းနောက် မြစ်ကြီးနားခရိုင် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးလဟာခေါင်လွမ်းက သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကာလမှာ မေ ၇ ရက်မှ ၈ ရက်ထိ သင်ကြားခဲ့ပြီး ဒေသနာနယ၊ ဆေးဖက်ဝင်အပင်များ၊ ဆေးခန်းသုံးဆေးဖွဲ့များ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယ၊ ဆောင်းရာသီ အလိုက်ဖြစ်တတ်သော ရောဂါများအကြောင်း၊ မိုးရာသီအလိုက် ဖြစ်တတ်သောရောဂါများအကြောင်း၊ ဘေးသဇ္ဇနယ၊ နွေရာသီအလိုက်ဖြစ်တတ်သော ရောဂါများအကြောင်းကို သင်ကြားပို့ချပေးခဲ့သည်။ **စိန်ဝင်း** (IPRD)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | Toyota Alphard | (၁) စီး |
| ၂။ | Copier | (၁) လုံး |
| ၃။ | Air-Conditioner | (၃) လုံး |
| ၄။ | Fax | (၁) လုံး |
| ၅။ | သံဗီရို | (၅) လုံး |
| ၆။ | လက်တန်းပါကုလားထိုင် | (၁၀) လုံး |
| ၇။ | ဖိုင်တင်စင်သေး | (၅) ခု |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁၁-၅-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်း ပြည်သူ့လွှတ်တော်ဝင်း၊ ပထမထပ်၌ လာရောက်စုံစမ်းရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၅ခုနှစ်၊ မေလ ၂၀ရက်၊ ၁၆း၃၀နာရီ ဖြစ်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့
ဖုန်း-၀၁-၂၁၇၅၄၉၊ ၀၁-၂၁၇၅၆၈

## ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ

▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလှိုက်ဂူ။
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနံ့(၅)ရက်။
▲ မန္တလေး၊ ပြင်ဦးလွင်အနံ့(၃)ရက်။ ဆက်၍- စစ်ကိုင်း၊ မုံရွာအနံ့(၅)ရက်။
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်ခဲ ။ ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်။
▲ (အကောက်တောင်)(ဇလွန်)(နေပြည်တော်) အပတ်စဉ်-သောကြာ၊စနေ၊တနင်္ဂနွေ
ပန်းဆိုးတန်း:☎01-240860/01-372290 ဒေါပုံ 09-49282825 ကမာကြည် 09421029191

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကရင်ပြည်နယ်ရဲတပ်ဖွဲ့

၁။ ရဲစခန်းရုံး ပေ(၅၀× ၃၀× ၁၂)တစ်ထပ် သံကူကွန်ကရစ် ဆောက်လုပ်ခြင်း။
၂။ (၆)ခန်းတွဲ နေအိမ်လိုင်းခန်း (၁၂၆'× ၃၅' ၆"× ၁၂') တစ်ထပ်သံကူကွန်ကရစ် ဆောက်လုပ်ခြင်း။
၃။ (၂)ခန်းတွဲနေအိမ်လိုင်းခန်း ပေ(၄၅× ၃၀ × ၁၀) တစ်ထပ်သံကူကွန်ကရစ် ဆောက်လုပ်ခြင်း။

| | | |
|---|---|---|
| တင်ဒါစတင်ခေါ်ယူမည့်ရက် | - | ၁၀-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၃၀-၅-၂၀၁၅ရက် |
| ဆက်သွယ်ရန်ဖုန်း | - | ၀၅၈-၂၁၀၁၉၊ ၀၅၈-၂၁၀၃၀ |

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော ဓာတ်အားခွဲရုံ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၂-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၉-၆-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀ နာရီ |

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၈၂

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

နှလုံးရောဂါဆိုင်ရာစစ်ဆေးကုသမှုများအတွက်ပြည်ပနိုင်ငံများသို့သွားရောက်ရန်မလိုတော့ပါ...

LIKE US ON facebook Pun Hlaing Hospital

နှစ်ပေါင်း (၂၅)နှစ်ကျော် နှလုံးရောဂါဆိုင်ရာကုသမှုပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နယ်သာလန်နိုင်ငံမှဆရာဝန်ကြီး သည် (၁.၄.၂၀၁၅) မှစ၍ ပန်းလှိုင်ဆေးရုံကြီးတွင်

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း (Angiogram)
- နှလုံးသွေးကြောထောက်ကိရိယာ (Stent)ထည့်သွင်းကုသခြင်း
- နှလုံးခုန်နှုန်းမမှန်သူများအား နှလုံးခုန်နှုန်းညှိစက် (Pacemaker) တပ်ဆင်ပေးခြင်း

စသည်တို့ကိုကုသပေးနေပြီဖြစ်ပါသည်။



ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing-phih@spa-mm.com


ဖုန်းခေါ်ဆိုခ အနည်းဆုံး
စာရင်းသွင်းပြုလုပ်ရန် *5555# ကိုခေါ်ဆိုပါ။
ရက် ၃၀ စာရင်းသွင်းခ ၅၀၀ ကျပ်
ooredoo
၁မိနစ်
၂၀
ကျပ်
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။
ooredoo.com.mm


THE ALL-NEW BMW 2 SERIES ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ရန်ကုန် စီးပွားရေးတက္ကသိုလ်၏ အထူးဘွဲ့နှင်းသဘင်အခမ်းအနား (၂၀၁၅) ဖြင့် ဂုဏ်ထူးဆောင် စာပေ ပါရဂူဘွဲ့ " Doctor of Letter (Honoris Causa)" ကို ၂၀၁၅ ခုနှစ် မေလ ၉ ရက်တွင် ရန်ကုန် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အပ်နှင်း ချီးမြှင့်ခံရပါသော ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများ ဖြစ်ကြသည့် ဒေါက်တာ ခင်မောင်ညွန့်၊ ဒေါက်တာ သန်းညွန့်၊ ဒေါက်တာ မြတ်သိန်း၊ ဒေါက်တာ မော်သန်း၊ ဒေါက်တာ ကံဇော်၊ ဒေါက်တာ ခင်မေလှ၊ ဒေါက်တာ လှမောင်၊ ဒေါက်တာ ကျော်မင်းထွန်း၊ ဒေါက်တာ ရီရီမြင့်၊ ဒေါက်တာ ဒေါ်လှမြင့်၊ ဒေါက်တာ အောင်ထွန်းသက်၊ ဒေါက်တာ သက်လွင်၊ ဒေါက်တာ ခင်စန်းမြင့် နှင့် ဒေါက်တာ တင်လှကြည် တို့အတွက် အထူးပင် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ပညာရေး စွမ်းအားဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးအတွက် ဆတက် ထမ်းပိုး တိုး၍ ဆောင်ရွက် နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်း ဂုဏ်ပြု အပ်ပါသည်။

device Services Company Limited
HUB MYANMAR
Myanmar B2B Management Magazine
Myanmar B2B Management Magazine ACUMEN

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် နေပြည်တော် ကောင်စီရန်ပုံငွေဖြင့် ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၁၅ရက်

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၁၈-၅-၂၀၁၅ရက်

၄။ တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်
(ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့်စံချိန်စံညွှန်းများ) - ၂၅-၅-၂၀၁၅ရက်

၅။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊**
**ဖုန်း ၀၆၇-၄၀၇၄၄၉၊ ၀၉-၅၁၆၁၉၇၁**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဦးယုစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဧရာဝတီဘဏ်ဥက္ကဋ္ဌ၊ Max Myanmar Holding Co.,Ltd ဥက္ကဋ္ဌ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ဖခင် ဦးယုစိန်သည် ၅-၅-၂၀၁၅ရက် စင်ကာပူနိုင်ငံဒေသစံတော်ချိန် ၁၂း၅၂ နာရီတွင် Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးချုပ်ဦးသိန်းအောင်နှင့်ဇနီးဒေါ်ခင်ငွေမြင့် မိသားစု**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဖခင်အမည်မှန်

သယ်န်းကျွန်းမြို့နယ်၊ အထက(၂)စတုတ္ထတန်း(A)တန်းအောင်မှ မောင်ဘုန်းဆက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးရဲမင်းနိုင်ဖြစ်ပါသည်။

**ဦးရဲမင်းနိုင်**

## ရောင်းမည်

ပေ(၂၄×၅၀)၊ လူနေဆိုင်ခန်း၊ ပြင်ဆင်ပြီး၊ ခြောက်ကွေ့မီးပွိုင့်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။ **ဖုန်း- ၀၉-၅၂၀၂၇၅၁၊ ၀၉-၇၉၉၇၀၉၀၈၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်ဇာခြည်ကျော်[၁၂/စခန(နိုင်)၀၇၂၆၆၂]၏ ID No. 779135 Import Permit ISPIDV 814 -1542529 (16-9-14) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၄၀၄၂၆၃

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဦးယုစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်ခင်မာချို၊ ဦးအေးကို-ဒေါ်ခင်သင်း(ခ)ဒေါ်ချိုတူး၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ (ဦးမင်းလွင်)၊ ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူ၊ ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၅-၅-၂၀၁၅ ရက် (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Belle Resort Hotel ဝန်ထမ်းမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးဝင်း(ခ)ဦးစိုးမင်း(မြိတ်)**
**အသက်(၆၀)**

၅-၅-၂၀၁၅ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၀ ခုနှစ်၊ သစ်တောသိပ္ပံကျောင်းဆင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးယုစိန်**
**အသက်(၈၆)နှစ်**

ဦးဇော်ဇော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်-ဥက္ကဋ္ဌ)၊ ဦးအုန်းကျော်(မြန်မာနိုင်ငံသုံးမျိုးစုံအားကစားအဖွဲ့ချုပ်-ဥက္ကဋ္ဌ)တို့၏ဖခင် ဦးယုစိန် အသက်(၈၆) နှစ်သည် ၅-၅-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးထွန်းသိန်းနှင့်ဇနီး ဒေါ်ငွေငွေမြင့်**
**ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးနိုင်ဝင်း**
**အသက်(၆၂)နှစ်**

လုပ်ဖော်ကိုင်ဖက်မိတ်ဆွေ ဦးနိုင်ဝင်း ၇-၅-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဝင်းလတ် (Managing Director)-ဒေါ်ထရီစန် နှင့်**
**SysMagic Software Solution Group-Thailand**

## ဝမ်းနည်းကြေကွဲခြင်း

**သရေစည်သူ ဦးသိန်းထိုက်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)**
**နာယက၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း**
**အသက်(၆၄)နှစ်**

ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနာယက ဦးသိန်းထိုက်သည် ၃-၅-၂၀၁၅ ရက် နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ACCA Myanmar Office**

## ဝမ်းနည်းကြေကွဲခြင်း

ဦးယူစိန်(ရေကြည်)
အသက် (၈၆) နှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်–ဥက္ကဋ္ဌ၊ ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်–ဒေါ်ငွေးငွေးခိုင် တို့၏ ဖခင်ကြီး ဦးယူစိန်သည် (၅.၅.၂၀၁၅) ရက်နေ့တွင် **Singapore** နိုင်ငံ **Mount Elizabeth** ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Yuzana Group of Companies**
ဦးဌေးမြင့်(ဥက္ကဋ္ဌ)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ

## ဝမ်းနည်းကြေကွဲခြင်း

ဦးယူစိန်(ရေကြည်)
အသက် (၈၆) နှစ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်–ဥက္ကဋ္ဌ ဦးဇော်ဇော်–ဒေါ်ငွေးငွေးခိုင် တို့၏ ဖခင်ကြီး ဦးယူစိန်သည် (၅.၅.၂၀၁၅) ရက်နေ့တွင် **Singapore** နိုင်ငံ **Mount Elizabeth** ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါ၍ မိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ နှင့်အုပ်ချုပ်မှုအဖွဲ့ဝင်များ
**Southren Myanmar FC**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးယူစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ခင်ပွန်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၏ကျေးဇူးရှင်ဖခင် ဦးယူစိန်သည် ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့) စင်ကာပူဒေသစံတော်ချိန် ၁၂း၅၂ နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပုသိမ်ဘောလုံးအကယ်ဒမီသင်တန်းကျောင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး**
**ဦးယူစိန် (ရေကြည်)**
**အသက် (၈၆)**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး ဦးယူစိန်သည် ၅-၅-၂၀၁၅ (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂ း ၅၂ နာရီ အချိန်တွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ဟော်နှင့်ဇနီး ဒေါ်ခင်ခင်ထက်မိသားစု**
**Mottama Holdings Limited.**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးယူစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်ခင်မာချို၊ ဦးအေးကို-ဒေါ်ခင်သင်း(ခ)ဒေါ်ချိုတူး၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ (ဦးမင်းလွင်)၊ ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူ၊ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၅-၅-၂၀၁၅ (အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သန်းဝင်းနှင့်ဇနီးဒေါ်နီနီမာ**
**မိသားစု**

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း

ဖခင်ကြီး ဦးတင်ဌွေ(မလှိုင်) ကွယ်လွန်သည်မှာ ၁၀-၅-၂၀၁၅ ရက်တွင် တစ်နှစ်ပြည့်မြောက်လာခဲ့ပါသည်။ ဖခင်ကြီးအားရည်စူး၍ ကျန်ရစ်သူမိသားစုက သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုကိုလှူဒါန်း၍ အမျှပေးဝေပါသည်။

ဖခင်ကြီး၊ ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

အမျှ---အမျှ---အမျှ

**ဇနီး - ဒေါ်ညွန့်စိန်(ခ)ဒေါ်ချိုချို**
**သား - ကိုတင်ထွန်းဦး-မနွယ်နွယ်ဦး**
**သမီး - မရွှေရည်ထွန်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးယူစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်တို့၏ဖခင် ဦးယူစိန် အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့) စင်ကာပူဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် စင်ကာပူနိုင်ငံ၊ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခင်မောင်ညွန့်ထရေးဒင်းကုမ္ပဏီလီမိတက်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
**ဦးယူစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

ဧရာဝတီဘဏ်လီမိတက်၏ ဥက္ကဋ္ဌ ဦးဇော်ဇော်+ဒေါ်ငွေးငွေးခိုင်တို့၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး ဦးယူစိန်(ရေကြည်) အသက်(၈၆)နှစ်သည် ၅-၅-၂၀၁၅(အင်္ဂါနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**United Amara Bank**
မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယကာကြီး
ဦးယူစိန် (ရေကြည်)
အသက်(၈၆)နှစ်

**ဦးအုန်းကျော်-ဒေါ်ခင်မမ၊ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးယူစိန်သည် ၅-၅-၂၀၁၅ရက်နေ့တွင်စင်ကာပူနိုင်ငံ၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။**

Krislite Group of Companies

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးယူစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

Evergreen Autos Co.,Ltd. ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးယူစိန်သည် စင်ကာပူနိုင်ငံ Mount Elizabeth Hospital ၌ ၅-၅-၂၀၁၅ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Evergreen Autos Co.,Ltd.**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**
**ဦးယူစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးတင့်-ဒေါ်ခင်မာချို၊ ဦးအေးကို-ဒေါ်ခင်သင်း(ခ)ဒေါ်ချိုတူး၊ ဦးအုန်းကျော်-ဒေါ်ခင်မမ၊ (ဦးမင်းလွင်)၊ ဦးတင်မောင်လှိုင်-ဒေါ်ဖြူဖြူ၊ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၅-၅-၂၀၁၅ ရက်(အင်္ဂါနေ့) Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ဝင်းနှင့်ဇနီးဒေါ်ကြူနွဲ့နီလာဦး**
**Thilawun Co.,Ltd.**

## ရှုင်ဒါရော့(ဖ်)(ခ)ဒေါ်ခင်လှမြင့်

**M.Sc(Zoo),H.G.P, RL**
**Branch Convent ကျောင်းသူဟောင်း**
**(၁-၄-၂၀၁၅)-(၁၀-၅-၂၀၁၅)**
**ရက်(၄၀)ပြည့်အလွမ်း**

'ရှုင်'နှင့် ချစ်မီ ညီအစ်မနှစ်ဦးဟာ တစ်ယောက်နဲ့တစ်ယောက် ရန်မဖြစ်ဘဲ သိပ်ချစ်တဲ့ညီအစ်မတွေပါ။ အင်္ကျီကအစ ဆင်တူဝတ်လို့ အမြွှာညီအစ်မလားလို့ မကြာခဏမေးခံရတယ်၊ ညီမလက်ကို ဘယ်တော့မှ မဖြုတ်ခဲ့တဲ့ 'ရှုင်'နောက်ဆုံးအချိန်ထိ ချစ်မီလက်ကို ကိုင်ထားတာ လက်ပြုတ်သွားတော့မှ 'ရှုင်' အသက်မရှိတော့တာ သိရတဲ့အချိန်မှာ ချစ်မီ ရူးမတတ်ခံစားရပါတယ်၊ မအေလို အစ်မမျိုး ချစ်မီတို့ ကံကောင်းလို့ရခဲ့ပေမယ့် ဒီလောက်အစောကြီး ခွဲရလိမ့်မယ်လို့ မထင်ခဲ့ပါဘူး၊ 'ရှုင်'ချစ်မီတို့နဲ့ ခွဲခွာသွားတာ ရက်ပေါင်း(၄၀)ပြည့်ပါပြီ၊ ဒီနေ့ထိ သတိရ ပူဆွေးရပါတယ်၊ 'ရှုင်'အတွက် နေ့စဉ်ဖတ်ရွတ်ရသော ကုရ်အာန်ခတမ်များ၊ လှူဒါန်းသော အကျိုးစဝါတ်များအတွက် 'ရှုင်'ဂျန္နတ်ဘုံဘဝမှာ ခံစားနိုင်ပါစေ။

**တစ်သက်လုံးစိတ်ထိခိုက်နေမယ့်**
**ချစ်ညီမ ချစ်မီနှင့် မောင်များ**
**အမှတ်(၆၈)၊ ၁၂၅-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## အထူးကျေးဇူးတင်ရှိပါကြောင်း

၃-၅-၂၀၁၅ ရက် နံနက် ၁၂း၄၅ နာရီတွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ယဉ်နု(အသက်-၇၈နှစ်) (အကောက်ခွန်-ငြိမ်း)၏ဈာပနတွင် ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်အားပေးနှစ်သိမ့်ကြသူများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူများနှင့် နေအိမ်သို့ သက်နးပရိက္ခရာ၊ လှူဖွယ်ပစ္စည်းများလာရောက် ပေးပို့လှူဒါန်းသူများနှင့် ဈာပနသို့ လိုက်ပါပို့ဆောင်ကြသူများ၊ ဈာပနကိစ္စအဝဝကို အစမှအဆုံးတိုင် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးသူများ၊ ပံ့ပိုးပေးသူများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်ချက်ရှိပါက နားလည်ခံစားခွင့်လွှတ်ပေးပါရန်။

**ဦးမြင့်ဝေ-ဒေါ်ညိုညိုဇင်(မအယ်နီ)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်ကြည်**(ဝေါမြို့နယ်)
**အသက်(၆၄)နှစ်**
**အထက်တန်းပြ(ငြိမ်း)**

ဦးတင်စိုး(MD, Yangon Airways) ၏ချစ်လှစွာသောဇနီး ဒေါ်မြင့်မြင့်ကြည်သည် ၅-၅-၂၀၁၅ ရက် နံနက် ၅း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်သောသူငယ်ချင်းများ**
1971-77 March Batch
**ပညာရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

Norstar Crew Management Co.,Ltd. မှ MT.Swan Baltic သင်္ဘောတွင် တာဝန်ထမ်းဆောင်နေသော ကပ္ပတိန်လွင်ဦးမောင်-ဒေါ်သီဂီဦးတို့၏ဖခင် ဦးခင်ရွှေ အသက်(၈၄)နှစ်သည် ၄-၅-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**Norstar Crew Management Co.,Ltd(Yangon)**
**Norstar Ship Management (Singapore)**
**Norstar Ship/Operation (Singapore)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးယူစိန်(ရေကြည်)**
**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဦးဇော်ဇော်-ဒေါ်ငွေးငွေးခိုင်၏ဖခင်ကြီးသည် ၅-၅-၂၀၁၅ ရက် Singapore ဒေသစံတော်ချိန် မွန်းလွဲ ၁၂း၅၂ နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Suntac Group of Companies မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးယူစိန်(ရေကြည်) (၈၆)နှစ်**

နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ ဒု-ဥက္ကဋ္ဌ(၁) ဦးအုန်းကျော်-ဒေါ်ခင်မမ တို့၏ဖခင်သည် ၅-၅-၂၀၁၅ ရက်တွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း**

Hot Line No-0930500100

# အောင်မြင်မှုနှင့် ဝေးကွာနေမှုကို အဆုံးသတ်ရမည့် မြန်မာအမျိုးသမီးဘောလုံးအသင်း

*သတင်းနှင့်ဓာတ်ပုံ- ရှိုင်းထက်ဇော်*

၂၀၁၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ၏ ချန်ပီယံအသင်းကိုရွေးချယ်မည့် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဗိုလ်လုပွဲကို မေ ၁၀ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါဗိုလ်လုပွဲကို မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် အုပ်စုအဖွင့်ပွဲစဉ်များတွင် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များ၌ ဂိုးပြတ်နိုင်ပွဲများ ရယူကာ ဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။ နှစ်သင်းစလုံး ဆီမီးပွဲစဉ်များ၌ အံ့ဖွယ်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းမှာ အာရှထိပ်သီး ဩစတြေးလျ ယူ-၂၀ အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းမှာ အိမ်ရှင်ဗီယက်နမ်အသင်းကို အချိန်ပို၌ နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များ၌ ဗီယက်နမ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကို

**စာမျက်နှာ ၇ ကော်လံ ၃ သို့○**



မြန်မာနှင့် ထိုင်းအသင်းတို့ ၂၀၁၄ ခုနှစ် ဇူလိုင်လက ရန်ကုန်၌ ခြေစမ်းကစားစဉ်။

## မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းတို့၏ ဗိုလ်လုပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၉**

၂၀၁၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို မေ ၁၀ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား News Channel နှင့် Entertainment Channel တို့မှ ညနေ ၆ နာရီ ၁၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**


ယနေ့ မာတိကာ

အမေများနေ့သို့ အမှတ်တရ
စာမျက်နှာ - ၆

ပီတာချက်ချ်အား အာဆင်နယ်သို့ ရောင်းမည်မဟုတ်ဟု မော်ရင်ဟိုဆို
စာမျက်နှာ - ၁၃


# မန္တလေးမြို့တွင် လေပြင်းများတိုက်ခတ်၍ သစ်ပင်ကြီးများနှင့်ဆိုင်းဘုတ်တိုင်များ ပြိုလဲ

**မန္တလေး မေ ၉**

မန္တလေးမြို့တွင် မေ ၈ ရက် ညသန်းခေါင်ယံအချိန်က လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောင်မြေသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက် ကမ်းနား(မြို့ပတ်လမ်း)ရှိ နှစ်ချို့ညောင်ပင်ကြီး တစ်ပင်မှာအမြစ်မှကျွတ်ထွက်ကာ လဲပြိုကျခဲ့သည်။ ချမ်းမြသာစည်မြို့နယ်ရှိ လမ်းမကြီးများပေါ်တွင်လည်း သစ်ပင်များနှင့်ဆိုင်းဘုတ်တိုင်များ လဲပြိုကျခဲ့ကြောင်း သိရသည်။

"တစ်နေ့လုံးပူအိုက်နေပြီး ည၇ နာရီလောက်ကစပြီး ကောင်းကင်ကြီးနီရဲလာတာတွေ့ရတယ်။ ည ၁၂ နာရီလောက်မှာတော့ လေတွေတအားတိုက်လာပြီး မိုးကလည်း သဲသဲမဲမဲရွာလာတဲ့အပြင် မိုးသီးတွေလည်းကျလာတယ်" ဟု နန်းရှေ့တွင် နေထိုင်သူ ဦးသိန်းထွန်းက ပြောသည်။

ဒေးဝန်းအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်ကလည်း "ဒီညောင်ပင်ကြီးက ဒီနားတစ်ဝိုက်

**စာမျက်နှာ ၉ ကော်လံ ၆ သို့✳**







ဒေါ်တင်စန္ဒာဝင်း

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့ သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေ မရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ဇရာဝတီတိုင်းဒေသကြီး၊

ထပ်ဆင့်ထောက်ခံအပ်ပါသည်၊ ၊ဒေါ်တင်တင်မြင့်(အလယ်တန်းပြ) အမှတ်(၃) စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့၊

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)


themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror

တနင်္ဂနွေ အထူးထုတ်

SUNDAY SPECIAL

2015 MAY 10, SUNDAY

STI MYANMAR UNIVERSITY
IMBA IBBA IMED IBE
www.stiedu.net
TEL : 507151/52, 377988
09250064451, 0931702299
09420254872

ခရီးသွား



# ထင်ထင်ရှားရှားပုံရိပ်များ (၂)

မြန်မာ့စက်မှုဆိပ်ကမ်း အမှတ်(၃)။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ပထမ ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခုနှစ်)အထိကို "ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့် ချမှတ်အကောင်အထည်ဖော်ရာတွင် ပြည်သူများ အမှန်တကယ် လက်တွေ့ခံစားနိုင်သည့် တိုးတက်မှုကိုရရှိနိုင်စေရန် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံအနှံ့ဖြန့်ကြက်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထိုသို့ ဖြည့်ဆည်းပေးရာတွင် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သော လမ်းများ၊ တံတားများ၊ ဆည်မြောင်းများ၊ မီးရထားလမ်းများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ဆက်သွယ်ရေးအထောက်အပံ့ပစ္စည်းများ၊ လျှပ်စစ် စသည်တို့သာမက လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သော ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား စသည်တို့ကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါသည်။**

သန်းဇော် (စီမံ/စီးပွား)

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ အကျိုးပြုအစီအစဉ်များ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ရှိပြီးဖြစ်သော အခြေခံအဆောက်အအုံ များကို ပြန်လည်ပြုပြင်ခြင်း၊ ထပ်မံတိုးချဲ့ခြင်းများ ဆောင်ရွက်သကဲ့သို့ စီမံကိန်းသစ်များချမှတ်၍လည်း လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် **လေကြောင်း၊ ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံများ** ဖန်တီးပေးမှုကို အောက်ပါပုံရိပ်များက အထင်အရှား ညွှန်းဆိုလျက်ရှိပါသည်။

ယခင်အပတ်မှအဆက် »»

### ဆိပ်ကမ်းများ

မြန်မာနိုင်ငံ၏ ကောင်းမွန်သော ပထဝီအနေအထား အခွင့်အလမ်းကြောင့် ဆိပ်ကမ်းများ၏ အနေအထားကို အဆင်ပြေချောမွေ့ ဖြစ်ထွန်းစေသည်။ ဘင်္ဂလားပင်လယ်အော်တစ်လျှောက် ကီလိုမီတာ ၂၈၀၀ ကျော်ရှည်လျားသော နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် အာရှတွင် အရေးပါသော အလားအလာကောင်းများရှိသည့် ပင်လယ်ဆိပ်ကမ်းများ ဖြစ်ပါသည်။ ဆိပ်ကမ်းများကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံသည် အချက်အချာကွန်ရက် ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်နှင့် တောင်ဘက် ကမ်းခြေတစ်လျှောက်တွင် လက်ရှိအချိန်ထိ ဆိပ်ကမ်း ကိုးခုရှိသည်။ ယင်းတို့မှာ ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းဆိပ်ကမ်းတို့ ဖြစ်သည်။ သို့ရာတွင် ရေကြောင်းဖြင့် ကုန်စည်များ ပို့ဆောင်ခြင်းနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး၏ ပို့ကုန်/သွင်းကုန် ပမာဏ ၈၀ ရာခိုင်နှုန်းကျော်ကို ရန်ကုန်ဆိပ်ကမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ခံတံတားများနှင့် ပုဂ္ဂလိကပိုင်ဆိပ်ခံတံတားများတွင် တင်သွင်းတင်ပို့ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရန်ကုန်ဆိပ်ကမ်းတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ စာမျက်နှာ ၂ သို့ »»

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ
တည်ဆောက်ပြီးစီးခဲ့သော ဆိပ်ခံတံတားများ(ရန်ကုန်ဇရိယာ)

| စဉ် | ဆိပ်ခံတံတားအမည် | ဆိပ်ခံတံတားစင်းရေ |
|---|---|---|
| ၁ | ထီးတန်းတံတားအမှတ် (၂၊ ၃) | ၂ |
| ၂ | ထီးတန်းဆီတင်/ချ တံတား | ၁ |
| ၃ | အလုံသစ်တောဝင်းအမှတ် (၁)တံတား | ၁ |
| ၄ | မြန်မာ့စက်မှုဆိပ်ကမ်း အမှတ်(၃) | ၁ |
| | စုစုပေါင်း | ၅ |



ကျောက်ဖြူ မိုးလေဝသရေဒါ။


သီလဝါဆိပ်ကမ်း

## ထင်ထင်ရှားရှားပုံရိပ်များ (၂)

»»» တနင်္ဂနွေအထူးထုတ် ရွှေဖုံးမှ

အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား (၁၅) စင်းရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ဆိပ်ခံတံတား ငါးစင်းကို ထပ်မံတိုးချဲ့နိုင်ခဲ့ပါသည်။

ရန်ကုန်ဧရိယာအတွင်း ထီးတန်းတံတားအမှတ်(၁)၊ အေးရှားဝေါလ်အမှတ်(၄)တံတား၊ အလုံသစ်တောဝင်းအမှတ်(၁)တံတား နှစ်စင်းနှင့် မြန်မာ့စက်မှု ဆိပ်ကမ်းတို့ကိုလည်း တည်ဆောက်လျက်ရှိပါသည်။ ထို့အပြင် နန်းသီတာဆိပ်ကမ်းနှင့် ပန်းဆိုးတန်း-ဒလခရီးသည်တင်ဆိပ်ခံတံတား၊ ဆူးလေဆိပ်ခံတံတားအမှတ်(၁) (၂) (၃) (၄)နှင့် လမ်းမတော်နယ်မြေ ရွာသစ်ချောင်းနှင့် စဉ့်အိုးတမ်းကြားရှိ ဆိပ်ကမ်းတို့အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

သီလဝါဆိပ်ကမ်းသည် ပုဂ္ဂလိကကွန်တိန်နာသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော ဗဟိုအချက်အချာဆိပ်ကမ်းတစ်ခု ဖြစ်လာနိုင်ပြီး မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဆုံချက်လည်း ဖြစ်လာနိုင်သည်။ ယခုအချိန်တွင် ရေနက်ဆိပ်ကမ်းများဖြစ်သော ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်း လုပ်ငန်းဆောင်ရွက်ချက်တို့မှာ တစ်နေ့တခြား တိုးတက်လျက်ရှိသည်။

### မိုးလေဝသရေဒါတပ်ဆင်ရေး

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်က ကြုံတွေ့ခဲ့ရသော နာဂစ်နှင့် ၂၀၁၀ ခုနှစ်က ကြုံတွေ့ခဲ့ရသော ဂီရိ ဆိုင်ကလုန်းမုန်တိုင်းတို့ကဲ့သို့သော အိပ်မက်ဆိုးကြီးများ ကြုံတွေ့ခဲ့ရသည်။ ထိုကဲ့သို့သော အိပ်မက်ဆိုးကြီးများ နောက်နောင် မကြုံတွေ့စေရန်အတွက် မုန်တိုင်းဒဏ်ကာကွယ်ရေး အဆောက်အအုံ အာစီနှစ်ထပ် (Cyclone Shelters)များကို တည်ဆောက်ပေးခဲ့သည်။ ၎င်းအဆောက်အအုံများကို ဘေးအန္တရာယ်ကင်းရှင်းချိန်တွင် မူလတန်းကျောင်းအဖြစ် အသုံးပြုလျက်ရှိသည်။

ထို့အပြင် ကီလိုမီတာ ၄၀၀ အကွာအဝေးရှိ တိမ်ဖြစ်ထွန်းမှု၊ ရွေ့လျားမှုနှင့် မိုးရွာသွန်းနိုင်မှု အခြေအနေများ၊ ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းများ၏ တည်နေရာ၊ ပြင်းအား၊ ရွေ့လျားနိုင်မှု အခြေအနေများကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် ကျောက်ဖြူမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် မိုးလေဝသရေဒါများကို တပ်ဆင်လျက်ရှိရာ ကျောက်ဖြူရေဒါကို တည်ဆောက်ပြီးဖြစ်ပါသည်။

လေကြောင်း၊ ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ခရီးသွားချိန်နှင့်စရိတ်ကို လျှော့ချနိုင်ခြင်း၊ ဝင်ငွေနှင့် အလုပ်အကိုင် ရရှိလာနိုင်စေခြင်း၊ ကျန်းမာရေး စောင့်ရှောက်နိုင်မှုနှင့် ပညာရေးအခွင့်အလမ်းများကို ပိုမိုရရှိနိုင်စေခြင်းစသည့် လူမှု-စီးပွား အကျိုးအမြတ်များကို ဖြစ်ထွန်းစေပါသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မူဝါဒများကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် လူသိများ ထင်ရှားလာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ခရီးသွားဧည့်သည်များ ပိုမိုရောက်ရှိလာပါသည်။ ပို့ဆောင်ရေးအခြေခံ အဆောက်အအုံများ လျင်မြန်စွာ ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံတော်သည် ပိုမိုကြီးမားသော စီးပွားရေးနှင့် လူမှုရေးနယ်ပယ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

❖❖❖

## သုတေသနရလဒ်အသုံးချမှုနှင့် ဝက်သက် - ဂျိုက်သိုးရောဂါ ကာကွယ်ဆေး

»»» တနင်္ဂနွေအထူးထုတ် စာမျက်နှာ ၄ မှ

အဆင့်မြင့်မော်လီကျူးနည်းပညာဖြင့် မျိုးရိုးဗီဇအစဉ်အတန်းရှာဖွေခြင်း (Genetic Sequencing)ကို လည်းကောင်း ဆောင်ရွက်နိုင်ခဲ့သည်။

ဖော်ပြပါ ဓာတ်ခွဲစမ်းသပ်နည်းများဖြင့် ရှာဖွေတွေ့ရှိသော အချက်အလက်များအရ သံသယဖြစ်ဖွယ် လူနာ ၈၁ ဦးအနက် ၁၈ ဦးကို ရောဂါအတည်ပြုနိုင်သော လူနာများအဖြစ် သတ်မှတ်နိုင်ခဲ့သည်။ တွက်ချက်မှုများအရ ၁၉၉၉ ခုနှစ်တွင် လူဦးရေ ၅ ဒသမ ၇ သန်းခန့် နေထိုင်သော ရန်ကုန်တိုင်းအတွင်း နှစ်စဉ်မွေးဖွားသော ကလေးများအနက် အရှင်မွေးကလေး ၁၀၀၀ တွင် မွေးရာပါ ဂျိုက်သိုးရောဂါရှိသည်ဟု ဓာတ်ခွဲစမ်းသပ်အတည်ပြုခြင်းခံရသော ကလေး သုည ဒသမ ၁ ဦး၊ တစ်နည်းအားဖြင့် အရှင်မွေးကလေး ၁၀၀၀၀ တွင် အတည်ပြုလူနာ တစ်ဦးရှိနေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ သုတေသနစီမံချက်ဆောင်ရွက်ခဲ့သော ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိ နှစ်နှစ်တာကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဂျိုက်သိုးရောဂါဖြစ်ပွားမှုမှာ ကပ်ရောဂါ(Epidemic) အသွင်မဆောင်ဘဲ၊ သမားရိုးကျဖြစ်ပွားမှု(Endemic) အသွင်ဖြင့်သာ ဖြစ်ပွားခဲ့ကြောင်း သိရှိရမည်။ သုတေသနရလဒ်များကိုအခြေခံ၍ မြန်မာတစ်နိုင်ငံလုံးအတွက် ခန့်မှန်းတွက်ချက်ခဲ့သော် တစ်နှစ်အတွင်း အရှင်မွေးဖွားသော ကလေးငယ် တစ်သန်းကျော်ခန့်အနက် မွေးရာပါ ဂျိုက်သိုးရောဂါရှိသူ ကလေးလူနာ ၁၀၀ ပတ်ဝန်းကျင်ခန့် နှစ်စဉ်ပေါ်ထွက်နေနိုင်ကြောင်းနှင့် ငါးနှစ်မှ ၁၀နှစ်လျှင်တစ်ကြိမ် ကပ်ရောဂါ အသွင်ဖြစ်ပွားပါက အဆိုပါ ဝေဒနာရှင်ကလေးဦးရေမှာ ၁၀၀၀ မှ ၄၀၀၀ အထိ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းသိရှိရပါသည်။ နှစ်စဉ်မွေးဖွားလာသော မွေးရာပါ ဂျိုက်သိုး ရောဂါဝေဒနာရှင် ကလေးငယ်များအသက်ရှင်နေသေးသရွေ့ ပြုစုစောင့်ရှောက်ရမည့် ကုန်ကျစရိတ်နှင့် ရောဂါဝန်ထုပ်ဝန်ပိုးကို ကာကွယ်ဆေးကြိုတင်ထိုးနှံခြင်းဖြင့် ကာကွယ်လျှော့ချနိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

၂၀၀၃ ခုနှစ်တွင်လည်း မြန်မာပြည် အလယ်ပိုင်းဒေသ ပျဉ်းမနားမြို့ရှိ တွဲဘက်အထက်တန်းကျောင်းတစ်ခုတွင် ပညာသင်ကြားနေသော ပျိုဖော်ဝင်စ ကျောင်းသူလေးများအနက် ဂျိုက်သိုးရောဂါဖြစ်ပွားခဲ့ဖူးကြောင်း သက်သေတစ်ခုဖြစ်သည့် အင်မျူနိုဂလိုဗျူလင်(ဂျီ) ရှာဖွေတွေ့ရှိမှုဆန်းစစ်ခြင်း သုတေသနလုပ်ငန်းကို စာရေးသူနှင့်အဖွဲ့က ဆောင်ရွက်ခဲ့ပါသည်။ စမ်းသပ်ခဲ့သော ကျောင်းသူဦးရေ ၁၀၀ အနက် အသက် ၁၁ နှစ် မှ ၁၂ နှစ်ကြားရှိ ကျောင်းသူဦးရေ၏ ၁၆ ရာခိုင်နှုန်းနှင့် အသက် ၁၅ နှစ်မှ ၁၆ နှစ်ကြားရှိ ကျောင်းသူဦးရေ၏ ၁၈ ရာခိုင်နှုန်းမှာ အဆိုပါ အင်မျူနိုဂလိုဗျူလင်(ဂျီ) မတွေ့ရှိခဲ့ပါ။ တစ်နည်းအားဖြင့် အဆိုပါရာခိုင်နှုန်းရှိသော ကျောင်းသူလေးများမှာ ဂျိုက်သိုးရောဂါ မဖြစ်ပွားခဲ့ဘူးကြောင်းနှင့် ရောဂါကူးစက်ဖြစ်ပွားနိုင်ခြေရှိကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ယင်းကျောင်းသူလေးများ အရွယ်ရောက်ပြီး ကိုယ်ဝန်ဆောင်ခဲ့ကြသော် ဂျိုက်သိုးရောဂါကူးစက်ဖြစ်ပွားနိုင်သော အလားအလာရှိသဖြင့် ကာကွယ်ဆေးထိုးပြီး ကာကွယ်ထားသင့်ကြောင်း တင်ပြခဲ့ပါသည်။

### သုတေသနမှသည် လက်တွေ့အသုံးချမှုဆီသို့

အထက်ဖော်ပြပါ သုတေသနတွေ့ရှိချက်ရလဒ်များအပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးနှစ်မျိုးတွဲ (MR Vaccine)ကို ထည့်သွင်းထိုးနှံရန်ကိစ္စကို ၂၀၀၅ ခု နှစ်ဆန်းပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များဆွေးနွေးညှိနှိုင်းခဲ့ဖူးပါသည်။ ထိုစဉ်က မြန်မာနိုင်ငံ၏အခြေအနေအရ အဆင်သင့် မဖြစ်သေးသဖြင့် စတင်အကောင်အထည်ဖော်ခြင်း မပြုနိုင်ခဲ့ပါ။ သို့သော်လည်း ပြောင်းလဲလာသော အခြေအနေ အချိန်အခါအရ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ဝက်သက်ရောဂါကြောင့် သေဆုံးမှုကို ၂၀၀၀ ပြည့်နှစ် အခြေအနေထက် ၉၅ ရာခိုင်နှုန်းလျှော့ချရန်နှင့် ဒေသအလိုက် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ၊ မွေးရာပါ ဂျိုက်သိုးရောဂါစုဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ၂၀၂၀ ပြည့်နှစ်တွင် အဆိုပါရောဂါနှစ်ခုဖြစ်ပွားမှု လုံးဝကင်းစင်ရေး ဦးတည်ဆောင်ရွက်ရန် မဟာဗျူဟာ ချမှတ်ခဲ့ခြင်းနှင့် GAV၊ The Global Vaccine Alliance အပါအဝင် နိုင်ငံတကာမှအထောက်အပံ့များ ပိုမိုရရှိလာခြင်းတို့ကြောင့် MR Vaccine ထိုးနှံမှု လက်တွေ့အကောင်အထည်ပေါ်ခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ အသက်ကိုးလမှ (၁၅)နှစ်အထိ ကလေး ၁၇ ဒသမ ၄ သန်း (နိုင်ငံ့လူဦးရေ၏ သုံးပုံ တစ်ပုံခန့်)ကို ထိုးနှံပေးရန်လျာထားခဲ့ရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ အသက် (၅)နှစ်မှ (၁၅)နှစ် ကလေးများအားလည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ အသက် (၉)လမှ (၅)နှစ်အထိ ကလေးများနှင့် ပထမအကြိမ်တွင် ဆေးထိုးရန်ကျန်သော ကလေးများအားလည်းကောင်း အောင်မြင်စွာ ထိုးနှံပေးနိုင်ခဲ့သည်။ ကျောင်းအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကလေး ၇ ဒသမ ၈ သန်းနှင့် ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသက်၅နှစ်အောက် ကလေးအပါအဝင် ကျောင်းပြင်ပတွင် ရှိသည့် ကလေး ၈ ဒသမ ၇ သန်းတို့ကို ထိုးနှံပေးနိုင်ခဲ့၍ တစ်နိုင်ငံလုံး၏ ၉၅ ရာခိုင်နှုန်းလွှမ်းခြုံမှုရရှိခဲ့ကြောင်း ၂၀၁၅ခုနှစ် မတ် ၂၆ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သော ဂုဏ်ပြုပွဲ အခမ်းအနား၌ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားခဲ့သည်။

သက္ကရာဇ် ၂၀၀၀ပြည့်နှစ်က မွေးရာပါ ဂျိုက်သိုးရောဂါ သုတေသနဆောင်ရွက်ခဲ့သော ရလဒ်များသည် ၂၀၁၅ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံသော ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် အရေးပါသော အခြေခံအချက်အလက် အထောက်အထားများ (evidence) အဖြစ် လက်တွေ့ အသုံးချနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤဖြစ်ရပ်ကိုသုံးသပ်ကြည့်ပါက သုတေသန ရလဒ်များကို ချက်ချင်းလက်ငင်း အသုံးမပြုနိုင်ခဲ့သော်လည်း၊ အဟောသိကံဖြစ်မသွားဘဲ ဆယ်စုနှစ် တစ်ခုကျော်လွန်ခဲ့သော ယနေ့အချိန်ကာလတွင် အကျိုးရှိရှိအောင်မြင်စွာ အသုံးချနိုင်ပြီ ဖြစ်ကြောင်း လက်တွေ့သာဓက ပြနိုင်ခဲ့ပြီဖြစ်ပါသည်။ အထူးသဖြင့် သုတေသနဆောင်ရွက်မှု (Research) နှင့်ဖွံ့ဖြိုးတိုးတက်မှု(Development)တို့သည် ကဏ္ဍတိုင်း၌ ဒွန်တွဲဖြစ်ပေါ်နေသောကြောင့် သုတေသန လုပ်ငန်းအတွက် ကျခံသုံးစွဲမှုများကို ရင်းစားပြန်မရသော ဖြုန်းတီးမှုအဖြစ် မရှုမြင်ဘဲ၊ အနာဂတ်နိုင်ငံတော်သစ်နှင့် လူ့အဖွဲ့အစည်းအတွက် ရင်းနှီးမြှုပ်နှံမှု (Investment) အဖြစ် ရှုမြင်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

နေပြည်တော်ကောင်စီနယ်မြေ

# တပ်ကုန်းမြို့နယ်(သပြေချောင်း-ရွှေမြို့) ဆင်သေချောင်းကူး(စိန်နှင့် ရွှေ) တံတားသစ်ဖွင့်



**တပ်ကုန်း မေ ၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်(သပြေချောင်း-ရွှေမြို့) ဆင်သေချောင်းကူး(စိန်နှင့် ရွှေ) တံတားသစ်ဖွင့်ပွဲကို မေ ၇ ရက် နံနက် ၈ နာရီက ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ရွှေမြို့ ကျေးရွာလမ်းဆုံ တံတားထိပ်၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်နှင့် ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ တံတားသစ်ပေါ်ဖြတ်သန်းကြည့်ရှုကြသည်။

စိန်နှင့်ရွှေတံတားကြီးကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၃) မှ ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ရာ မတ်လ၌ ပြီးစီးခဲ့သည်။ တံတားအကျယ် ၁၃ပေ၊ အရှည် ပေ ၃၆၀ ၊ အမြင့် ၁၈ပေ၊ သံကူကွန်ကရစ်နှင့်သစ်သားခင်းတံတားဖြစ်ပြီး ၁၅၈ သန်းခန့် ကုန်ကျကြောင်း သိရသည်။ **(ဝဲပုံ)**

စိန်နှင့်ရွှေ တံတားကြီးဖွင့်လှစ်နိုင်ခဲ့၍ ဆင်သေချောင်းအရှေ့ဘက်ကမ်းရှိသပြေချောင်းအုပ်စု၊ အနောက်ဘက်ကမ်းရှိ ရွှေမြို့အုပ်စု၊ ကံလှအုပ်စုနှင့်နွယ်ရစ်အုပ်စု၊ ဇရပ်ကြီးကုန်းကျေးရွာ အပါအဝင် အခြားကျေးရွာများမှ ဒေသခံပြည်သူများ နှစ်စဉ်ကြုံတွေ့နေရသော ရေဘေးအန္တရာယ်မှ ကင်းဝေးပြီး ရာသီမရွေး၊ အချိန်မရွေး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(တင်ထွန်းတာ)**

စစ်ကိုင်းတိုင်းဒေသကြီး

# နတ်နန်းကျေးရွာ မြစ်သာမြစ်ရေတိုက်စားမှုမှ ကာကွယ်ရန် ရေလွှဲတူးမြောင်းဖောက်လုပ်

**ကလေး မေ ၉**

ကလေးမြို့နယ် နတ်မြောင်း ကျေးရွာအုပ်စု နတ်နန်းကျေးရွာသည် ယခင်မိုးတွင်းကာလမြစ်သာမြစ်ရေ တိုက်စားမှုကြောင့် ကျေးရွာအနီး ကမ်းပါးများ ပြိုကျပျက်စီးသွားသည့်အတွက် နတ်နန်းကျေးရွာအား မြစ်ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် အရှည်ပေ ၃၈၀၀၊ အကျယ်ပေ ၃၀၊ အနက် ပေ ၂၀ ရှိ ရေလွှဲတူးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၏ လမ်းညွှန်မှုဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေမှ ကျပ်သိန်း ၇၀ အကုန်အကျခံဆောက်လုပ်ခြင်းဖြစ်ကာ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးနိုင်ရန်အတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ရပ်မိရပ်ဖများနှင့်အတူ မေ ၃ ရက်တွင် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယင်းရေလွှဲတူးမြောင်းဖောက်လုပ်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ ဝမ်းမြောက်လျက်ရှိကြကြောင်း နတ်နန်းကျေးရွာ တာဝန်ခံ ဦးဇော်မင်းဦးထံမှ သိရသည်။

**ဂျိုးနက်**

□□□



ပဲခူးတိုင်းဒေသကြီး

# နွေစပါးစိုက်တောင်သူများ ရိတ်သိမ်းခြွေလှေ့စက်များ လိုအပ်လျက်ရှိ

**ရေတာရှည် မေ ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းရေလှောင်တမံ ဆည်ရေသောက်ဧရိယာ၌ စိုက်ပျိုးထားသော နွေစပါးစိုက်ပျိုးဧက ၂၈၀၀၀ ကျော် ရိတ်သိမ်းလျက်ရှိရာ လယ်ယာအလုပ်သမားရှားပါးကာ အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်သည့် ရိတ်သိမ်းခြွေလှေ့စက်များ လိုအပ်နေကြောင်းသိရသည်။

"ခုချိန်က မိုးဦးကာလဆိုတော့ လေမိုးကပြောလို့မရဘူး။ ချက်ချင်းရွာချင်ရွာတာ။ရာသီဥတုဆိုတာ အစိုးရတာမဟုတ်တော့ အလုပ်သမားဈေးနှုန်းကတစ်အားမြင့်နေတယ်။ ရိတ်သိမ်းခြွေလှေ့စက်နဲ့ဆို တစ်ဧကကို လေးသောင်းခွဲပဲ ကျတယ်။အလုပ်သမားဈေးနှုန်းက ဒီထက်အများကြီးပိုတဲ့အပြင် ကိုယ်ရိတ်ချင်တဲ့နေ့ကို ခေါ်လို့မရတော့ တောင်သူတွေ အခက်အခဲဖြစ်တာပေါ့" ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေသူတစ်ဦးက ပြောသည်။



စပါးရိတ်သိမ်းခြွေလှေ့စက်များသည် စပါးကောင်းလျှင်ကောင်းသလို တစ်ရက်ကိုရှစ်ဧကမှ ၁၀ဧကအထိ ပြီးစီးနိုင်ကြောင်း ၎င်းက ပြောသည်။ ရိတ်သိမ်းခြွေလှေ့စက်များမှာ ရန်ကုန်အခြေစိုက် ကုမ္ပဏီများမှ တစ်ဆင့် ငှားရမ်းအသုံးပြုခြင်းများရှိသလို ပိုင်ရှင်များ ကိုယ်တိုင်လပြတ်နှင့် လာရောက်ရိတ်သိမ်းခြင်းများလည်းရှိပြီး ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးတွင်စပါးရိတ်သိမ်းမှုများ ပြီးစီးခြင်းမရှိသေး၍ စက်များ ရောက်ရှိမှုနည်းပါးခြင်းဖြစ်ကြောင်း ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

နေပြည်တော်ကောင်စီနယ်မြေ

# ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် အသုံးစရိတ် ကျပ်သန်းပေါင်း ၆၉၁၇၈၈ ဒသမ ၅၀၇ ရရှိ

**နေပြည်တော် မေ ၉**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေ အသုံးစရိတ်ကျပ်သန်းပေါင်း ၆၉၁၇၈၈ ဒသမ ၅၀၇ ရရှိခဲ့ရာ ကုသရေးစရိတ်မှ ဆေးဝါးဝယ်ယူရန် ကျပ်သန်း ၆၅၀၀၀ ၊ ဆေးဘက်ဆိုင်ရာ ကိရိယာများ၊ စက်ပစ္စည်းများဝယ်ယူရန် ကျပ်သန်း ၉၉၄၃၂ ဒသမ ၆၀၅ ၊ ဆေးရုံများတွင် အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် ကျပ်သန်း ၁၇၀၄၀၂ ဒသမ ၁၈၄ သုံးစွဲရန် လျာထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ဘဏ္ဍာငွေအသုံးစရိတ်များ တိုးမြှင့်ရလာသည်နှင့်အညီ အထူးကုဌာနများတိုးချဲ့ပေးခြင်း၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေးစက်ကိရိယာများ ဖြည့်ဆည်းတပ်ဆင်ပေးခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ဆေးရုံများအဆင့်မြှင့်တင်ပေးခြင်း၊ ဆေးရုံဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်း၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် တောရောမြို့ပါ ပြည်သူလူထု၏ ကျန်းမာရေးလုပ်ငန်းများ လွှမ်းခြုံနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နေပြည်တော်တွင် ခုတင်(၁၀၀၀) ဆံ့ ဆေးရုံကြီးအား အဆင့်မြင့် ပြုပြင်မွမ်းမံခြင်း၊ နိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ခုတင်(၁၀၀)ဆံ့ အထူးကုဆေးရုံကြီး လေးရုံကိုလည်း တည်ဆောက်ပြီးဖြစ်သဖြင့် မကြာမီဖွင့်လှစ်၍ ဆေးကုသစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်သည်။

**သန်းဦး (လေးမျက်နှာ)**

***

နေပြည်တော်ကောင်စီနယ်မြေ

# ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၉**

ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအရ စာကြည့်တိုက်သို့အချိန်ပေးပြီးမလာရောက်နိုင်သည့်အတွက် ပြည်သူများရှိရာသို့ စာအုပ်စာပေများကို လက်ဝယ်အရောက် ဝန်ဆောင်မှုပေးလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် လက်ပံခါးလှကျေးရွာနှင့် ဂုံမင်းအင်းကျေးရွာတို့သို့ မေ ၇ ရက် နံနက် ၁၀ နာရီက သွားရောက်၍ ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်သူဗဟိုပြု နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဝန်ဆောင်မှုများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကြောင့် ကလေးငယ်များ၏ စာဖတ်ခြင်း အလေ့အထများပြားလာပြီး ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများ စာဖတ်သူဦးရေတိုးတက်လာကြောင်း စာကြည့်တိုက်မှူး ဒေါ်ဖြူစင်အိ၏ ပြောကြားချက်အရ သိရသည်။ အောင်ဇမ္ဗူနယ်မြေ(၁၀) (လက်ပံခါးလှ)နှင့် ဂုံမင်းအင်းကျေးရွာတို့သို့ အပတ်စဉ် ကြာသပတေးနေ့တိုင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သန့်မောင်)**

# သုတေသနရလဒ်အသုံးချမှုနှင့် ဝက်သက် - ဂျိုက်သိုးရောဂါ ကာကွယ်ဆေး

»» ယခင်အပတ်မှအဆက်

ဒေါက်တာကျော်ဇင်သန့်(ဆေးသုတေသန)

**မွေးရာပါဂျိုက်သိုးရောဂါစု (Congenital Rubella Syndrome)**

ဂျိုက်သိုးရောဂါဖြစ်ပွားမှုမှာ ညင်သာသိမ်မွေ့ပြီး "ကိုယ်ပျောက်ရန်သူ" ကဲ့သို့ဖြစ်နေသောကြောင့် သိလွယ်မြင်လွယ်သော ရောဂါသင်္ကေတအဖြစ် မွေးရာပါဂျိုက်သိုးရောဂါစု(Congenital Rubella Syndrome)ကို ဂရုပြုရှာဖွေခြင်းဖြင့် ရောဂါဖြစ်ပွားမှုဝန်ထုပ်ဝန်ပိုး(Disease burden)ကို ခန့်မှန်းတွက်ချက်နိုင်သည်။ ဥပမာဆိုရသော် ပိုလီယိုသူငယ်နာ အကြောသေရောဂါဖြစ်ပွားမှုကို လတ်တလော ပျော့ခွေအကြောသေရောဂါ (Acute Flaccid Paralysis)ဖြင့် သင်္ကေတပြုခန့်မှန်းတွက်ချက်နိုင်သကဲ့သို့ ဖြစ်ပေသည်။

ဂျိုက်သိုးရောဂါဖြစ်ပွားသော မိခင်များမှ မွေးဖွားလာသည့် ကလေးငယ်များ (မွေးရာပါဂျိုက်သိုးရောဂါစု ဖြစ်ပွားနေသူများ)သည် မွေးရာပါနှလုံးရောဂါများ၊ မွေးရာပါ မျက်စိရောဂါများ (အတွင်းတိမ်၊ ရေတိမ်၊ မြင်လွှာချို့ယွင်းခြင်း စသည်တို့)၊ မွေးရာပါအကြားအာရုံချို့ယွင်းခြင်း စသည်တို့ဖြစ်ပွားလေ့ရှိပြီး အခြားသောနာတာရှည်ရောဂါများဖြစ်သည့် မွေးရာပါဉာဏ်ရည်ချို့တဲ့ခြင်း (Autism)၊ ဆီးချိုရောဂါနှင့် သိုင်းရွိုက်အကျိတ်ရောဂါများလည်း ဖြစ်ပွားနိုင်သည်။ ယင်းတို့ကို ကုစားရန်အတွက် ပြန်လည်ပြုပြင်ခွဲစိတ်မှုများ၊ ဘဝတစ်သက်တာ ကူညီအားဖြည့်ထောက်ပံ့မှုများပြုလုပ်ရသဖြင့် စရိတ်စကကုန်ကျမှုများကို ခန့်မှန်းတွက်ချက်ရသည်မှာ အတောမသတ်နိုင်အောင်များပြားလှသော ဝန်ထုပ်ဝန်ပိုးဖြစ်နေပေသည်။

**ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် အမှတ် (၄) ပြည့်မီရေး**

၂၀၁၅ ခုနှစ် ဒီဇင်ဘာလကို ဦးတည်ချက်ထားပြီး ဆောင်ရွက်နေသော ကမ္ဘာ့ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များအနက် ရည်မှန်းချက် အမှတ် (၄) (MDG Goal 4)တွင် အသက် (၅)နှစ်အောက်ကလေး သေနှုန်းကို ၁၉၉၀ ပြည့်နှစ် အခြေအနေမှ ၂၀၁၅ ခုနှစ်တွင် သုံးပုံနှစ်ပုံလျှော့ချနိုင်ရန် ရည်မှန်းထားသည်။ အဆိုပါ ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးဆောင်ရွက်ရာတွင် ဝက်သက်ရောဂါပုံမှန်ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှု (Routine measles vaccination coverage)ကို အောင်မြင်တိုးတက်မှု၏ သင်္ကေတအမှတ်အသား (indicator)အဖြစ် သတ်မှတ်ထားသည်။ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးနှစ်မျိုးတွဲ (Measles and Rubella vaccines, MR vaccines) အစုလိုက်ထိုးနှံခြင်း(Mass vaccination campaigns)များကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှအစပြု၍ တစ်ကမ္ဘာလုံးထိုးနှံခဲ့ရာ ယနေ့အထိ ကလေးသူငယ် သန်း ၁၀၀၀ ကျော်ကို ထိုးနှံပေးခဲ့ပြီးဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်၌ ဝက်သက်ရောဂါကြောင့် တစ်ကမ္ဘာလုံးတွင် သေဆုံးခဲ့ရသော ကလေးသူငယ်ဦးရေ ၅၆၂၄၀၀ (ခန့်မှန်း)ကို ကာကွယ်ဆေးထိုးလွှမ်းခြုံမှုဖြင့် ၂၀၁၂ ခုနှစ်တွင် ၇၈ ရာခိုင်နှုန်းလျှော့ချနိုင်ခဲ့သလို ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ကလေးဦးရေ၏ ၇၂ ရာခိုင်နှုန်းအား ယင်းတို့၏ တစ်နှစ်ပြည့်မွေးနေ့မတိုင်မီ ဝက်သက်ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပေးနိုင်ခြင်းကို ၂၀၁၂ ခုနှစ်တွင် ၈၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း အဆိုပါရည်မှန်းချက် ပြည့်မီစေရေးအတွက် အသက် (၅)နှစ်အောက်ကလေးများ သေဆုံးမှုကို အရှင်မွေး ၁၀၀၀ တွင် ၄၃ ဦးအထိ လျှော့ချနိုင်ရေးအတွက် ကူးစက်ရောဂါတားဆီးရေးနှင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး ကာကွယ်ဆေးလွှမ်းခြုံမှု ၈၈ ရာခိုင်နှုန်းရရှိခဲ့ပြီး ယခင်နှစ်များကထက် တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။

**မွေးရာပါဂျိုက်သိုးရောဂါ သုတေသနစီမံချက်နှင့် ရလဒ်များ**

မြန်မာနိုင်ငံတွင် ဂျိုက်သိုးရောဂါနှင့်ပတ်သက်၍ သုတေသနပြုလုပ်ထားသည်မှာ အလွန်နည်းပါးခဲ့ပြီး အထူးသဖြင့် ရောဂါ၏ဝန်ထုပ်ဝန်ပိုး (Disease burden)ကို ရှာဖွေဖော်ထုတ်သည့် သုတေသနမျိုးဆောင်ရွက်ခဲ့ဖူးခြင်းမရှိပါ။ သို့ဖြစ်ပါ၍ စာရေးသူနှင့်အဖွဲ့က သုတေသီများအဖြစ် ဆောင်ရွက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် "မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် မွေးရာပါ ဂျိုက်သိုးရောဂါကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း"(Active surveillance for Congenital rubella syndrome in Yangon, Myanmar) သုတေသနစီမံချက်ကို သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၂၅ လတိုင်တိုင် ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်ကို အခြေခံ၍ ဆောင်ရွက်ခဲ့သည်။ အဆိုပါမြို့နယ်များမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဆေးရုံ ၁၃ ရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသခဲ့သော မွေးကင်းစမှ အသက် ၁၇ လအထိ ကလေးငယ်များအနက် မွေးရာပါဂျိုက်သိုးရောဂါရှိသည်ဟု သံသယဖြစ်ဖွယ်ကလေးလူနာများကို ရှာဖွေဖော်ထုတ်ပြီး ဓာတ်ခွဲစမ်းသပ် စစ်ဆေးနည်းများဖြင့် အတည်ပြုသော သုတေသနလုပ်ငန်းစဉ်ဖြစ်သည်။

အဆိုပါ ဆေးရုံများတွင် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ သယ်န်းကျွန်းစံပြဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ မျက်စိရောဂါအထူးကုဆေးရုံကြီး၊ တောင်ဥက္ကလာပ မိခင်နှင့်ကလေးဆေးရုံ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါ အထူးကုဆေးရုံ၊ အင်းစိန်ဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးရောဂါ အထူးကုဆေးရုံ၊ အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)တို့သာမက ပြင်ပပုဂ္ဂလိကဆေးခန်း နှစ်ခုတို့လည်း ပါဝင်ခဲ့သည်။ ဆေးရုံတက် ကလေးလူနာများအနက် သံသယဖြစ်ဖွယ်လူနာများကို မိဘများ၏ သဘောတူညီချက်ရယူပြီး ရောဂါရာဇဝင်မေးမြန်းခြင်း၊ မိခင်၏ ရောဂါရာဇဝင်မေးမြန်းခြင်း၊ ကလေးကို စနစ်တကျစမ်းသပ်စစ်ဆေးခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် သွေးနမူနာရယူခြင်းတို့ကို ကလေးရောဂါအထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၏ အကူအညီဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို ဆောင်ရွက်ရာ၌ ဆေးသုတေသနဦးစီးဌာန(ရန်ကုန်မြို့)ရှိ ဓာတ်ခွဲခန်းတွင် ဂျိုက်သိုးရောဂါ၊ အီလိုင်ဆာစမ်းသပ်နည်းဖြင့် အင်မျူနိုဂလိုဗျူလင်(အမ်)နှင့် (ဂျီ) အမျိုးအစားရှာဖွေခြင်းကို လည်းကောင်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကူးစက်ရောဂါဆိုင်ရာ အမျိုးသားသုတေသနဌာန ဓာတ်ခွဲခန်းတွင် မြန်မာသုတေသီကိုယ်တိုင် အာရ်တီ-ပီစီအာရ်(RT-PCR) မော်လီကျူးစမ်းသပ်နည်းဖြင့် ဂျိုက်သိုးရောဂါ မျိုးရိုးဗီဇ ရှာဖွေခြင်း၊

စာမျက်နှာ ၂ သို့ »»

# သက်သာလွယ်ကူ ကောက်ရိုးအာဟာရမြှင့်ယူ

သဲဆုလှိုင်

စားမြုံ့ပြန်သတ္တဝါများမွေးမြူရာတွင် ကောက်ရိုးသည် အဓိကအစာကြမ်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ကောက်ရိုးကို စားမြုံ့ပြန်သတ္တဝါများ၏ အဓိကအစာကြမ်းအဖြစ် အသုံးပြုလျက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းအောင်မြင်ရန်အတွက် အာဟာရအပြည့်အဝပေးနိုင်သော အစာတစ်မျိုးလည်းဖြစ်ပါသည်။

ကောက်ရိုးတွင် ဒြပ်ခြောက်(dry matter) ၉၃ ဒသမ ၃၃ ရာခိုင်နှုန်း၊ ပြာဓာတ်(ash) ၁၃ ဒသမ ၇၈ ရာခိုင်နှုန်း၊ အသားဓာတ်(crude protein) သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်း၊ အမျှင်ဓာတ် ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်း၊ အဆီဓာတ်(crude fat) တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းတို့ ပါဝင်ပါသည်။ အမျှင်ဓာတ်ပါဝင်မှုများပြီး အသားဓာတ်ပါဝင်မှု အလွန်နည်းပါးပါသည်။ စားမြုံ့ပြန်သတ္တဝါများသည် ကောက်ရိုးကို ၄၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ ချေဖျက်နိုင်ပါသည်။

သို့သော် ခန္ဓာကိုယ်အလေးချိန်၏ နှစ်ရာခိုင်နှုန်းသာ စားနိုင်သောကြောင့် ကြီးထွားနှုန်း၊ အလုပ်ခွန်အား၊ အသား၊ နို့ထုတ်လုပ်မှုအတွက် လုံလောက်သော စွမ်းအင်များမရရှိနိုင်ပေ။ ထို့ကြောင့် ကောက်ရိုး၏ တန်ဖိုးမြင့်တက်လာစေရန် ပြုလုပ်ပေးသင့်ပါသည်။ ကောက်ရိုး၏ အာဟာရတန်ဖိုးမြင့်တက်လာစေရန်အတွက် ရုပ်ပိုင်းဆိုင်ရာပြုပြင်ခြင်း (Physical treatment)၊ ဓာတုဗေဒပစ္စည်းသုံးစွဲ၍ ပြုပြင်ခြင်း (Chemical treatment)၊ ဇီဝပစ္စည်းများအသုံးပြု၍ ပြုပြင်ခြင်း(Biological treatment) စသည့်နည်းလမ်းများအသုံးပြု၍ ပြုပြင်နိုင်ပါသည်။

ကောက်ရိုးကိုစဉ်းခြင်း၊ ကြိတ်ခြင်း၊ အတောင့်ပြုလုပ်ခြင်းနှင့် ရေစိမ်ခြင်း စသည်တို့သည် ရုပ်ပိုင်းဆိုင်ရာပြုပြင်ခြင်း ဖြစ်ပါသည်။ ဒုတိယနည်းမှာ ပုလဲဓာတ်မြေဩဇာ(Urea)၊ အမိုးနီးယား(Ammonia)၊ ဆိုဒီယမ်ဟိုက်ဒရောဆိုက်(NaOH) စသည်တို့ဖြင့် ကောက်ရိုးကိုပြုပြင်ခြင်းဖြစ်ပါသည်။ တတိယနည်းမှာ ကောက်ရိုးကိုချဉ်ဖတ်(Silage)ပြုလုပ်ခြင်း၊ မှို(Fungus) ထည့်ပြီးပြုပြင်ခြင်းနှင့် အင်ဇိုင်းအသုံးပြု၍ ပြုပြင်ခြင်းတို့ဖြစ်ပါသည်။

ထိုနည်းလမ်းများအနက် ပုလဲဓာတ်မြေဩဇာဖြင့် ကောက်ရိုး၏အာဟာရတန်ဖိုးမြှင့်တင်ခြင်း(Urea treatment)သည် မွေးမြူရေးသမားများအတွက် လက်တွေ့အသုံးဝင်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။ Urea treatment ပြုလုပ်ခြင်းဖြင့် အသားဓာတ်မြင့်တက်လာခြင်း၊ အစာချေဖျက်နှုန်း မြင့်တက်လာခြင်း၊ အစာစားနှုန်းမြင့်တက်လာသောကြောင့် တိရစ္ဆာန်များအတွက် အာဟာရတန်ဖိုးပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။

Urea treatment ပြုလုပ်ရန်အတွက် (၁)ကောက်ရိုး၊ (၂) ပုလဲဓာတ်မြေဩဇာ၊ (၃) ရေပန်းကရား၊ (၄)ချိန်ခွင်၊ (၅) ပလတ်စတစ်စ စသည့်ပစ္စည်းများလိုအပ်သည်။ ချိန်ခွင်အစားထန်းလျှော်တောင်းကိုလည်း အသုံးပြုနိုင်ပါသည်။ Urea treatment ပြုလုပ်၍ကျွေးခြင်းသည် နွားများအတွက်



မောပန်းခြင်း၊ ရေဆာခြင်းနှင့် အခြားသော ဘေးထွက်ဆိုးကျိုးများမရှိသောကြောင့် မွေးမြူရေးအောင်မြင်စေရန် အထောက်အကူဖြစ်စေပါသည်။

Urea treatment ပြုလုပ်မည်ဆိုပါက ပုလဲဓာတ်မြေဩဇာကို ရေတွင်ဖျော်ရပါမည်။ ကောက်ရိုးအလေးချိန်ပေါ်မူတည်၍ ပုလဲဓာတ်မြေဩဇာကို အသုံးပြုရပါမည်။ ကောက်ရိုး တစ်ကီလိုဂရမ်လျှင် ပုလဲဓာတ်မြေဩဇာ ၄၀ ဂရမ်မှ ၇၀ ဂရမ်ထိ သင့်တင့်သလိုအသုံးပြုနိုင်ပါသည်။ ကောက်ရိုးကိုချိန်၍ ပလတ်စတစ်စပေါ်တွင် ဖြန့်ပါ။ ကောက်ရိုးချိန်ရာတွင် ချိန်ခွင် (သို့မဟုတ်) ထန်းလျှော်တောင်းကိုအသုံးပြုနိုင်ပါသည်။ ပုလဲဓာတ်မြေဩဇာဖျော်ရည်ကို ရေပန်းကရားတွင်ထည့်၍ ကောက်ရိုးပေါ်တွင်နှံ့စပ်အောင်ဖျန်းပြီး သမအောင်မွှေရပါမည်။ ကျစ်လျစ်စွာလိပ်၍ လေလုံအောင်သိုလှောင်သိမ်းဆည်းထားရပါမည်။ သိမ်းဆည်းရာတွင် အုတ်ကန်(သို့မဟုတ်) ကျင်းတူး၍လည်းကောင်း၊ ပလတ်စတစ်ပုံးများဖြင့်လည်းကောင်း သိမ်းဆည်းနိုင်ပါသည်။ နှစ်ပတ်၊ သုံးပတ်အကြာတွင် စတင်၍ကျွေးနိုင်ပြီဖြစ်ပါသည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် ကောက်ရိုးတွင် အသားဓာတ် (crude protein) သုံးရာခိုင်နှုန်း- ငါးရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်း-၁၂ ရာခိုင်နှုန်းထိ မြင့်တက်လာသောကြောင့် စားမြုံ့ပြန်သတ္တဝါများအတွက် အလွန်ကောင်းမွန်သော အစာကြမ်းတစ်မျိုးဖြစ်ပါသည်။ အသား၊ နို့အတွက် မွေးမြူထားသော စားမြုံ့ပြန် သတ္တဝါများ သာမက ခိုင်းနွား၊ ကျွဲများကိုလည်း ကျွေးနိုင်သောကြောင့် တောင်သူများအတွက်ပါ အဆင်ပြေစေပါသည်။ မွေးမြူရေးသမားများနှင့် တောင်သူများအတွက် အလွန်အသုံးဝင်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။ ။